ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဂဗ္ဘလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 9 February 2017 (၈၈၃၂)

# ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားစိစစ်ထုတ်ပေးရေးဦးဆောင်အဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၂၁/၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)**
**ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) စိစစ်ထုတ်ပေးရေးဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ဆောင်ရွက်ရန် လိုအပ်သည့်သူများအား ၁၉၉၅ ခုနှစ်က ထုတ်ပေးထားခဲ့သော ယာယီသက်သေခံလက်မှတ် (White Card)များ ၂၀၁၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသောကြောင့် ယင်းနေ့မတိုင်မီ အဆိုပါ ယာယီသက်သေခံလက်မှတ်များကို ပြန်လည်အပ်နှံစေခဲ့ပါသည်။ ယင်းကတ်ပြန်လည်အပ်နှံထားသူများကိုယ်တိုင် မြို့နယ်အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနသို့ သွားရောက်ကာ သတ်မှတ်ပုံစံလျှောက်လွှာဖြင့် လက်မှတ်ရေးထိုး(သို့မဟုတ်) လက်ဗွေနှိပ်ပြီး **နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား**(National Verification Card) ရရှိရေး လျှောက်ထားရပါသည်။ ယင်းလျှောက်ထားမှုအပေါ် မြို့နယ်အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနက မှန်/မမှန် တိုက်ဆိုင်စစ်ဆေးမှုများ ဆောင်ရွက်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(National Verification Card)ထုတ်ပေးခြင်းကို မြို့နယ်အလိုက် စီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးခြင်း လုပ်ငန်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ထားပြီး တိုးတက်မှုများ ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ရခိုင်ပြည်နယ်အတွင်း နယ်မြေဒေသ အခြေအနေအပါအဝင် အကန့်အသတ်အခက်အခဲများရှိနေခြင်း၊ လျှောက်ထားလိုသူကိုယ်တိုင် သက်ဆိုင်ရာမြို့နယ်ရုံးများသို့ သွားရောက် ဆောင်ရွက်ရခြင်း၊ မြို့နယ်အတွင်း သွားလာရာတွင်လည်း စစ်ဆေးမှုများရှိနေသောကြောင့် တစ်နေရာမှတစ်နေရာသို့ သွားလာမှုနည်းပါးနေခြင်း၊ အခြားသော ဖိအားပေးမှုများရှိနေခြင်း စသည့်အကြောင်းများကြောင့် ယာယီသက်သေခံလက်မှတ် (White Card) ပြန်လည်အပ်နှံထားသူ ၃၉၇၄၉၇ ဦး အနက် ၁၆-၁-၂၀၁၇ ရက်နေ့အထိ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## WHO ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူ၏ ခန့်အပ်လွှာအား လက်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ Dr.Stephan Paul Jost သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံပြီး ၎င်း၏ ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်စဉ် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့အကြား ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားလိုသည့် အစီအစဉ်များ၊ ပြည်သူများအတွက် ကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှု၊ လူသုံးဆေးဝါးများ ဖြန့်ဖြူးရေး၊ အာဟာရပြည့်ဝရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော စားနပ်ရိက္ခာများ ထုတ်လုပ်ဖြန့်ဖြူးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr.Stephan Paul Jost က ၎င်း၏ ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညောင်ချောင်းသာ အပန်းဖြေကမ်းခြေဖွင့်လှစ်**

စာမျက်နှာ - ၇

**ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနား စည်ကားစွာကျင်းပရေး ပြင်ဆင်မှုများ ၉၀ ရာခိုင်နှုန်းပြီးစီး**

စာမျက်နှာ - ၈

**YBS နံပါတ် ၄ ယာဉ်လမ်းကြောင်းတိုးချဲ့ပြေးဆွဲ**

စာမျက်နှာ - ၁၄

**၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာအချပ်ပိုပါရှိ**




HOT LINE - 09 - 787878749, 787878729

ALPHA CEMENT | အယ်လ်ဖာ ဘိလပ်မြေ

တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

ကြေးမုံ

# အခြေအနေမှန် သိရှိရေး(သို့မဟုတ်) ပြဿနာ၏သော့ချက်

ပြဿနာတစ်ရပ်ကို ကိုင်တွယ်ရာ၌ အခြေအနေမှန်ကို သိရှိရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ အခြေအနေမှန်ကို သိရှိရေးဆိုရာ၌ ပြဿနာကို ကိုင်တွယ်ဖြေရှင်းမည့် တာဝန်ရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းတို့က အခြေအနေမှန်ကို သိရှိရန်လိုအပ်သကဲ့သို့ ပြဿနာအတွင်း ပါဝင်ပတ်သက်လျက်ရှိသော လူပုဂ္ဂိုလ်အဖွဲ့အစည်းတို့ကလည်း အဆိုပါ ပြဿနာအပေါ် မှန်မှန်ကန်ကန်သိရှိနားလည်ရန်လိုအပ်ပါသည်။ သို့သော် ဖြစ်ပွားလျက်ရှိသော ပြဿနာရပ်အပေါ် မူတည်၍ မိမိတို့၏ ကိုယ်ကျိုးစီးပွား (သို့မဟုတ်) နိုင်ငံရေးရည်မှန်းချက်တို့ ဆုပ်ကိုင်ရရှိလိုသော လူပုဂ္ဂိုလ်အဖွဲ့အစည်းတို့သည် အဆိုပါပြဿနာရပ်အား မိမိတို့လိုလားသကဲ့သို့ ပုံသွင်းဖော်ပြ၍ အခြေအနေမှန်တို့ကို ပုံဖျက်ခြင်း (သို့မဟုတ်) တလွဲတချော် ပုံဖော်တင်ပြခြင်းတို့ကို ဆောင်ရွက်တတ်ကြပါသည်။ ဤသို့ ပုံဖျက်တလွဲတချော်တင်ပြခြင်း အဖျက်အမှောင့် အင်အားစုတို့သည် ပြဿနာကို မီးလောင်ရာလေပင့်လုပ်၍ ပိုမိုကြီးထွားလာအောင် ဖန်တီးလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ မီးလောင်ရာလေပင့် ပြဿနာကို ရှောင်ရှားနိုင်ရန် ပြဿနာအတွင်းပါဝင်ပတ်သက်လျက်ရှိသော ပြည်သူများအပါအဝင် လူပုဂ္ဂိုလ်အဖွဲ့အစည်းတို့က အချက်အလက်မှန်များ သိရှိရေးသည် မဖြစ်မနေဆောင်ရွက်ပေးရမည့် ကိစ္စရပ်ဖြစ်ပါသည်။

ရခိုင်ပြည်နယ် ပြဿနာအပေါ်မူတည်၍ ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်းသာ ဖမ်းယူရရှိနိုင်သည့် မေယု FM ရေဒီယို အစီအစဉ်ကို ရခိုင်၊ဗမာ၊ ဘင်္ဂါလီဘာသာတို့ဖြင့် ထုတ်လွှင့်နေခြင်းအပေါ် မလိုလားအပ်သော ဝေဖန်မှုတို့ကိုမြင်တွေ့ ကြားသိနေရပါသည်။ မေယု FM ရေဒီယို အစီအစဉ်အတွက် ရခိုင်၊ ဗမာ၊ ဘင်္ဂါလီဘာသာတို့ကိုရွေးချယ်ခဲ့ခြင်းသည် အဆိုပါ FMရေဒီယို အစီအစဉ်ထုတ်လွှင့်မည့် ဒေသများတွင်ရှိသော လူပုဂ္ဂိုလ်အဖွဲ့အစည်းအတွင်း သုံးစွဲလျက်ရှိသည့်ဘာသာစကားတို့ကိုရွေးချယ်ခဲ့ခြင်းသာဖြစ်ပါသည်။ ဤကဲ့သို့ရွေးချယ်ခဲ့ရခြင်း၏အကြောင်းရင်းမှာ ရှင်းလင်းပါသည်။ ဤ FM ရေဒီယို ထုတ်လွှင့်မည့်ဒေသများတွင် မကြာမီက ပဋိပက္ခဖြစ်ပွားခဲ့ပြီး ယင်းတို့နှင့် စပ်လျဉ်းသည့် မမှန်သတင်းများ အများအပြားထွက်ပေါ်လျက်ရှိသောကြောင့်ဖြစ်ပါသည်။ မမှန်သတင်းတို့ကို ရှင်းလင်းချေဖျက်နိုင်ရေးအတွက် အဆိုပါပဋိပက္ခအတွင်း ပါဝင်ပတ်သက်လျက်ရှိသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းတို့ နားလည်နိုင်မည့် ဘာသာစကားတို့ကို ရွေးချယ်ခဲ့ခြင်းသည် ကျိုးကြောင်းဆီလျော်သော လုပ်ရပ်သာဖြစ်ပါသည်။ FM ရေဒီယိုတွင် အသုံးပြုလျက်ရှိသောကြောင့် အဆိုပါဘာသာစကားကို နိုင်ငံတော်က တရားဝင်အသိအမှတ်ပြုသည်ဟူသော အနက်အဓိပ္ပာယ်မျိုးသက်ရောက်စေသော ဥပဒေပြဋ္ဌာန်းချက်တို့ လုံးဝမရှိသည်ကို အလေးအနက် နှလုံးသွင်း ဆင်ခြင်ရန်လိုအပ်ပါသည်။ ရခိုင်ပြည်နယ် ပြဿနာဖြေရှင်းရာ၌ လက်တွေ့ထိရောက်နိုင်မည့် နည်းလမ်းတစ်ရပ်ရွေးချယ်ခဲ့ခြင်းအပေါ် စိုးရိမ်ကြီး၍ စိတ်ခံစားမှုအလျောက် အဆုံးစွန်တွေးတောခြင်းမျိုးကို ချုပ်ထိန်းကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# အရည်အသွေးကောင်း စပ်မျိုးစပါးထုတ်လုပ်မှုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့ နံနက် ၁၀ နာရီက ဖိလစ်ပိုင်နိုင်ငံ Waterstone Co., Ltd. ဥက္ကဋ္ဌ Mr. Norberto Ong ဦးဆောင်သော စပ်မျိုးစပါးမျိုးစေ့ထုတ် ပညာရှင်များအား ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာများ ဆွေးနွေးသည်။



နေပြည်တော်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးများတွင် စုစုပေါင်း ဧက ၆၀၀၀ စိုက်ပျိုးရန် စပ်မျိုးစပါးမျိုးစေ့ ကီလိုဂရမ် ၆၀၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံ Waterstone Co., Ltd. မှ လှူဒါန်းစဉ်။

ဖိလစ်ပိုင်နိုင်ငံ SL Agritech ကော်ပိုရေးရှင်းနှင့် မြန်မာနိုင်ငံမှ ပင်လယ်ကိုးသွယ်ရောင်းဝယ်ရေး ကုမ္ပဏီတို့ပူးပေါင်း၍ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းဆိုင်ရာကိစ္စရပ်များကို ဖိလစ်ပိုင်နိုင်ငံ Waterstone Co., Ltd. ဥက္ကဋ္ဌ Mr. Norberto Ongနှင့် စပ်မျိုးစပါးမျိုးစေ့ထုတ် ပညာရှင်များက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုနှင့်ကိုက်ညီ၍ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် အကျိုးစီးပွားဖြစ်ထွန်းစေမည့် အရည်အသွေးကောင်းသော စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်ခြင်းကို သက်ဆိုင်ရာ ပညာရှင်များ ပူးပေါင်းဆောင်ရွက်ရန်၊ ဈေးကွက်သေချာခိုင်မာစေရေးနှင့် နိုင်ငံတကာ စံချိန်စံညွှန်းမီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကအပိုင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများအပိုင်း၊ တောင်သူလယ်သမားများအပိုင်းတို့မှ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးသည်။

ယခုနှစ် နွေစပါးရာသီတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးများတွင် စုစုပေါင်း ဧက ၆၀၀၀ စိုက်ပျိုးရန် စပ်မျိုးစပါးမျိုးစေ့ ကီလိုဂရမ် ၆၀၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံ Waterstone Co., Ltd.မှ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှမ်းပြည်နယ် အမျိုးသားနေ့ အခမ်းအနား သီပေါ၌ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မြို့ဟောင်းကျေးရွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းအဆောက်အအုံ၌ ကျင်းပရာ ကျေးရွာအုပ်စုများနှင့် မြို့ပေါ် ၁၁ ရပ်ကွက်မှ တိုင်းရင်းသားပြည်သူများက ရိုးရာယဉ်ကျေးမှု အိုးစည်ဗုံမောင်း အကအခုန်များဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ လူထုဟောပြောပွဲကျင်းပရာ သဘာပတိ ရှမ်းအမျိုးသား ဦးပစိတ္တက အမှာ စကားပြောကြားပြီး နိုင်ငံတော်သမ္မတထံမှ နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ သဝဏ်လွှာကို စိုင်းငို့ကွမ်းကလည်းကောင်း ဖတ်ကြားကာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်စင်က တိုင်းရင်းသားများ အရေးကိစ္စနှင့် လွှတ်တော်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုကိစ္စရပ်များကို လည်းကောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက ရှမ်းပြည်နယ်နေ့မှ အစပြု၍ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ **စိုင်း(သီပေါ)**

## စည်းလုံးမှု ပုံရိပ်၊ ညီညွတ်မှု စိတ်ထား ပြည်ထောင်စု၏ နှလုံးသား

## စာမူရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာသို့ ပေးပို့လာသည့် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့်ဓာတ်ပုံများအနက် သတင်းစာများတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူအမျိုးအစားအလိုက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ်မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့် စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအလိုက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက် ရန်ကုန်/နေပြည်တော် ဖုန်းနံပါတ်-(၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၂၊ ၀၆၇-၃၆၁၂၉) သို့ ဆက်သွယ်ထုတ်ယူရေး ဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများ ပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့် နည်းလမ်းတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်**
**(ကြေးမုံသတင်းစာတိုက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်(ရွှေဈေး) ၈၉၁၀၀၀ - ၈၉၁၀၀၀ မန္တလေး(ရွှေဈေး) ၈၉၁၀၀၀ - ၈၉၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၆၀ ကျပ်၊ | ၈၆၅/၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၈၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၁. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၅၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၈၁၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၂၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၁၉၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၀. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၇၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၆. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၈. ၃၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းရေးရာ

**✱ ရခိုင်ပြည်နယ်မှ**

၆၂၀၂ ဦးကိုသာ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးနိုင်သည့် အခြေအနေရှိကြောင်း တွေ့ရှိရပါသည်။ နယ်မြေဒေသအခြေအနေအရ အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်ပွားပြီးနောက် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ ပူးပေါင်းအဖွဲ့များ စစ်ဆင်ရေးအသွင် ဆောင်ရွက်နေချိန် လက်ရှိကာလတွင် NVC စိစစ်ထုတ်ပေးရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရပူးပေါင်းကာ အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်းလည်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်၍ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card)စိစစ်ထုတ်ပေးခြင်းလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် လျင်မြန်ပြီးမြောက်အောင်မြင်စွာ ထုတ်ပေးနိုင်ရေး နယ်လှည့်ကွင်းဆင်း၍ ဆောင်ရွက်နိုင်ရန်အတွက် **"ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card)စိစစ်ထုတ်ပေးရေးဦးဆောင်အဖွဲ့"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဃ) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး — အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(င) ညွှန်ကြားရေးမှူးချုပ်တစ်ဦး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

၄။ ဦးဆောင်အဖွဲ့သည် နယ်လှည့်ကွင်းဆင်း၍ ဆောင်ရွက်သည့်လုပ်ငန်းများ အောင်မြင်ရေးအတွက် အခြားလိုအပ်သည့်လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**❀ ကျောဖုံးမှ**

လက်နက်ကိုင်များက တိုက်ခိုက်ခဲ့ပါသည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် International Crisis Group (ICG)၏ အစီရင်ခံစာတွင်ပါရှိသည့်အတိုင်း ယင်းတိုက်ခိုက်မှုသည် ရခိုင်ပြည်နယ်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလားအလာများအပေါ်ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိပါသည်။ ယင်းကဲ့သို့သော အခြေအနေများတွင် နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာလုံခြုံရေးတပ်ဖွဲ့များကို တရားဥပဒေစိုးမိုးရေးဘောင်အတွင်းမှ လူ့အခွင့်အရေးနှင့် ညီညွတ်စွာဆောင်ရွက်ရန်နှင့်အင်အားအလွန်အကျွံသုံးခြင်းမပြုရန် ညွှန်ကြားထားရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ကြောင်း ခိုင်လုံသော အထောက်အထားများတွေ့ရှိပါက ဖောက်ဖျက်ကျူးလွန်သည့် မည်သူ့ကိုမဆို အစိုးရအနေဖြင့် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ အောက်တိုဘာလ ၉ ရက်နေ့နှင့် နိုဝင်ဘာလ ၁၂ ရက်မှ ၁၃ ရက်နေ့အထိ တိုက်ခိုက်မှုများဖြစ်ပေါ်ရသည့်အကြောင်းရင်းများနှင့် နောက်ဆက်တွဲအကျိုးဆက်များကို စုံစမ်းစစ်ဆေးရန် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဒုတိယသမ္မတဦးမြင့်ဆွေ ခေါင်းဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မရှင်၏ လုပ်ငန်းတာဝန်များတွင် ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံး၏ လုံခြုံရေးနှင့် လူ့အခွင့်အရေးများကို အာမခံချက်ပေးနိုင်ရေးမှာ အလိုအလျောက်ပါဝင်ပြီးဖြစ်ပြီး နယ်မြေရှင်းလင်းရေးနှင့် စပ်လျဉ်းသည့် စွပ်စွဲမှုများအပါအဝင် စွပ်စွဲချက်အားလုံးကို မှန်ကန်မှုရှိ၊ မရှိ စိစစ်သွားရန်ပါဝင်သည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အစီရင်ခံစာတင်သွင်းရန် ကော်မရှင်ကို တာဝန်အပ်နှင်းထားသော်လည်း လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ ပြည့်စုံသည့် အစီရင်ခံစာတစ်စောင် ပြုစုနိုင်ရန်အတွက် အစီရင်ခံစာတင်သွင်းရမည့်ရက်ကို သက်တမ်းတိုးမြှင့်ပေးထားပါသည်။ ရခိုင်ပြည်နယ်ရှိ ထိခိုက်ခဲ့သည့်ဒေသများသို့ သံအမတ်ကြီးများ၊ မီဒီယာနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီအပါအဝင် နိုင်ငံတကာကျွမ်းကျင်သူများ၏ ခရီးစဉ်များကိုလည်း မြန်မာနိုင်ငံအစိုးရက စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့်လည်း ယင်းဒေသများတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပြန်လည်ပေးအပ်လျက်ရှိပါသည်။

၇။ အစိုးရသစ်တာဝန်ယူချိန်မှစ၍ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားစုံစမ်းစစ်ဆေးရေးကော်မရှင်သည် စွပ်စွဲချက်များနှင့်ပတ်သက်သည့် ၎င်း၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုနှင့် တရားမဝင်လုပ်ရပ်များ ကျူးလွန်ဖောက်ဖျက်သူများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာအစိုးရသည် နိုင်ငံတစ်ဝန်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကတိကဝတ်များကို အခိုင်အမာ ထိန်းသိမ်းသွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်**

# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုရှေ့နေချုပ် — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားသူကြီးချုပ်က — အဖွဲ့ဝင်
အမည်စာရင်းပေးသော ဥပဒေဘာသာပြန်
လုပ်ငန်းကျွမ်းကျင်သူနှစ်ဦး

(ဂ) ပြည်ထောင်စုရှေ့နေချုပ်က — အဖွဲ့ဝင်
အမည်စာရင်းပေးသောဥပဒေဘာသာပြန်
လုပ်ငန်းကျွမ်းကျင်သူနှစ်ဦး

(ဃ) ဥပဒေဘာသာပြန် — အဖွဲ့ဝင်
လုပ်ငန်းကျွမ်းကျင်သည့်
တရားလွှတ်တော်ရှေ့နေနှစ်ဦး

(င) တက္ကသိုလ်၊ ကောလိပ်အင်္ဂလိပ်စာ — အဖွဲ့ဝင်
ဌာနများမှ တာဝန်ထမ်းဆောင်ဆဲ
သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကနှစ်ဦး

(စ) တက္ကသိုလ်၊ ကောလိပ်ဥပဒေပညာ — အဖွဲ့ဝင်
ဌာနများမှ တာဝန်ထမ်းဆောင်ဆဲ
သို့မဟုတ် အငြိမ်းစား
ပါမောက္ခ၊ ကထိကနှစ်ဦး

(ဆ) တက္ကသိုလ်၊ ကောလိပ်မြန်မာစာ — အဖွဲ့ဝင်
ဌာနများမှတာဝန်ထမ်းဆောင်ဆဲ
သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကနှစ်ဦး

(ဇ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဥပဒေများစိစစ်ရေးဦးစီးဌာန၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဈ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက ကြီးမှူး၍ မြန်မာစာပေချစ်မြတ်နိုးရေးတရားပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

"မြန်မာစာပေ ချစ်မြတ်နိုးရေး" ခေါင်းစဉ်ဖြင့် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက ကြီးမှူးကျင်းပမည့်တရားပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

"မြန်မာစာပေ ချစ်မြတ်နိုးရေး" ခေါင်းစဉ်ဖြင့် တရားတော်ကို ဆရာတော် အရှင်ဆေကိန္ဒက ဟောကြားချီးမြှင့်မည် ဖြစ်ပြီး ဗိုလ်ကလေးတင့်အောင်၊ ဂုဏ်ထူးဦးသိန်းနိုင်၊ မောင်ခင်မင်(ဓနုဖြူ)တို့က မြန်မာစာပေချစ်မြတ်နိုးရေးနှင့်ပတ်သက်၍ ဟောပြောကြမည်ဖြစ်သည်။



မြန်မာစာပေချစ်မြတ်နိုးသူများအသင်းကို မြန်မာစာပေကိုထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာစာပေပြန့်ပွားတိုးတက်စေရန်၊ မြန်မာစာပေ၏ဂုဏ်ကိုမြှင့်တင်ရန်၊ မြန်မာစာပေချစ်မြတ်နိုးသူများ တိုးပွားစေရန်၊ မြန်မာစာပေ ချစ်မြတ်နိုးမှုကိုအခြေခံ၍ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများ ထိန်းသိမ်းတတ်စေရန်၊ မြန်မာစာပေစွမ်းအားဖြင့် ကျွန်ုပ်တို့၏နိုင်ငံနှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားဖြစ်စေရန် မည်သူမဆို ကြွရောက်ခြင်းဖြင့် မြန်မာစာပေမြှင့်တင်ရေးကို ဝိုင်းဝန်းပါဝင်ကြပါရန် မြန်မာစာပေချစ်မြတ်နိုးသူများ အသင်းက နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။




**(သတင်းစဉ်)**

# ကျောက်တန်းမြို့နယ် မီးပြကျေးရွာတွင် ကွန်ပျူတာသင်တန်းဆင်း

**ကျောက်တန်း ဖေဖော်ဝါရီ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မီးပြကျေးရွာတွင် ကွန်ပျူတာနည်းပညာပြန့်ပွားရေး အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၇) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မီးပြကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စန်းစန်း(ကျောက်တန်း)**

# မက္ကဆီကို နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါအား ခန့်အပ်ရန် မက္ကဆီကို ပြည်ထောင်စုနိုင်ငံအစိုးရမှအဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါသည် အမေရိကန်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ဘွဲ့လွန်တန်းတက်ရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးရာဌာန၏ ပူးပေါင်းဆောင်ရွက်မှုတာဝန်ခံအရာရှိ အဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဥရုဂွေးနိုင်ငံ၊ မွန်တီဗီဒီယိုမြို့နှင့် ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တို့တွင် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး၏ ဒုတိယဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ မက္ကဆီကိုသမ္မတ၏ သံတမန်ရေးရာအကြံပေးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါ သည် စပိန်ဘာသာစကား၊ အင်္ဂလိပ်ဘာသာစကား၊ ဟီဘရူးဘာသာစကား၊ ပြင်သစ်ဘာသာစကားနှင့် ပေါ်တူဂီဘာသာစကားတို့ကို တတ်ကျွမ်းသည်။

မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါ သည် စင်ကာပူအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ကိုလံဘီယာအစိုးရနှင့် ကွန်မြူနစ်သူပုန်အဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှု စတင်




**ကိုဂိုတာ ဖေဖော်ဝါရီ ၈**

ကိုလံဘီယာနိုင်ငံ၌ ကွန်မြူနစ်သူပုန်အဖွဲ့ အီးအယ်လ်အင်န်နှင့် အစိုးရတို့အကြား တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်တွင် စတင်လိုက်ကြောင်း၊ ဆယ်စုနှစ်ငါးခုကျော်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်တိုက်ခိုက်မှုများအဆုံးသတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကိုလံဘီယာနိုင်ငံတွင်း၌ နှစ် ၅၀ ကျော်ကြာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် သိန်းနှင့်ချီသော ပြည်သူများ ထိခိုက်သေကျေခဲ့ရပြီး နိုင်ငံတော်၏ စီးပွားရေးကိုလည်း ကြီးမားစွာထိခိုက်စေခဲ့ရကာ သန်းနှင့်ချီသော ပြည်သူများ နေအိမ်များကိုစွန့်ခွာထွက်ပြေးခဲ့ကြရသည်။

အမျိုးသားလွတ်မြောက်ရေးတပ်မတော်(အီးအယ်လ်အင်န်)အမည်ရှိ မာ့ကွက်ဝါဒီသူပုန်အဖွဲ့သည် ကိုလံဘီယာနိုင်ငံတွင် ဒုတိယအင်အားအကြီးဆုံး သူပုန်အုပ်စုဖြစ်သည်။ ၎င်းအဖွဲ့သည် ကိုလံဘီယာအစိုးရနှင့် ယမန်နှစ်က ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့သော ကိုလံဘီယာ တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့(အက်ဖ်အေအာရ်စီ)သူပုန်အဖွဲ့နည်းတူ ငြိမ်းချမ်းရေးသဘောတူညီချက်ရရန်မျှော်မှန်းသည်။

အင်အား ၂၀၀၀ ရှိ အီးအယ်လ်အင်န်သူပုန်အဖွဲ့ကို အမေရိကန်နှင့်ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ထားသည်။ ၎င်းအဖွဲ့သည် ရေနံနှင့်လျှပ်စစ်စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ဗုံးခွဲဖျက်ဆီးခြင်း၊ ၅၂ နှစ်တာပုန်ကန်သောင်းကျန်းမှုကာလအတွင်း လူရာပေါင်းများစွာကို ပြန်ပေးဆွဲခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်းများပြုလုပ်ကာ အဖွဲ့၏ရန်ပုံငွေကို တိုးပွားစေပြီး အစိုးရအား ပုန်ကန်တိုက်ခိုက်ခဲ့သည်ဆို၏။**ရိုက်တာ။**




# ဆိုမာလီ၌ သမ္မတရွေးကောက်ပွဲကျင်းပချိန် တင်းကျပ်သော လုံခြုံရေးအစီအမံများကို ဆောင်ရွက်

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၈**

ဆိုမာလီနိုင်ငံ၌ ကာလကြာရှည် မျှော်လင့်စောင့်ဆိုင်းနေခဲ့ကြရသော သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပကြောင်း၊ ရွေးကောက်ပွဲကျင်းပစဉ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ မဖြစ်ပေါ်လာစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက တင်းကျပ်သော လုံခြုံရေးအစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လုံခြုံရေးအစီအမံများအရ ရွေးကောက်ပွဲနေ့တွင် မြို့တော်မိုဂါဒစ်ရှူးလေဆိပ်၌ ခရီးသည်တင်လေယာဉ်များ အဆင်းအတက်ပြုလုပ်ခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားသည်။ ၎င်းအပြင် မဲပေးပွဲပြီးဆုံးချိန်အထိ နှစ်ရက်ကြာမျှ မိုဂါဒစ်ရှူးရှိ အဓိကလမ်းများအားလုံးကို ပိတ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖရိကဦးချိုနိုင်ငံဖြစ်သော ဆိုမာလီနိုင်ငံ၌ နေ့စဉ်လိုလိုပင် အယ်လ်ရှာဘတ် အကြမ်းဖက်အုပ်စုက တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။ ရွေးကောက်ပွဲ ပျက်ပြားရန် မိမိတို့ လုပ်ဆောင်မည်ဟု ယင်းအုပ်စုက ခြိမ်းခြောက်ထားသည်။

ဆိုမာလီပါလီမန်သည် သမ္မတလောင်း ၂၂ ဦးအနက်မှ ထောက်ခံမဲအများဆုံးရရှိသူကို သမ္မတသစ်အဖြစ် တင်မြှောက်မည်ဖြစ်သည်။

လပေါင်းအတန်ကြာမျှ နှောင့်နှေးကြန့်ကြာမှုများပေါ်ပေါက်ခဲ့ရပြီးနောက် အမတ်များအဖြစ် ကျမ်းသစ္စာကျိန်ဆိုကြသော အမတ် ၃၂၉ ဦးတို့က သမ္မတကို ရွေးချယ်တင်မြှောက်မည်ဖြစ်သည်။ လက်ရှိသမ္မတ ဟာဆန်ရှိတ်မိုဟာမက်အား ဒုတိယသက်တမ်းအတွက် လက်ခံလိုခြင်း ရှိမရှိ၊ ၎င်း၏ ပြိုင်ဘက် ၂၁ ဦးအနက်မှ တစ်ဦးဦးကို ရွေးချယ်လိုခြင်း ရှိ မရှိ အမတ်များက မဲပေးဆုံးဖြတ်မည်ဖြစ်သည်။

ထိုစဉ်အတွင်း ဖေဖော်ဝါရီ ၇ ရက်တွင် မိုဂါဒစ်ရှူးလေဆိပ်အနီး၌ မော်တာစိန်ပြောင်း ကျည်ငါးလုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ တရားရုံးချုပ်အနီးတွင် အသေခံဗုံးခွဲ၊ လူ ၁၉ ဦးအနည်းဆုံးသေဆုံး

**ကဘူး ဖေဖော်ဝါရီ ၈**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ တရားရုံးချုပ်အနီးတွင် အသေခံဗုံးပေါက်ခွဲခဲ့ရာ အနည်းဆုံး လူ ၁၉ ဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

အခင်းဖြစ်ပွားပုံမှာ တရားရုံးချုပ်ဝန်ထမ်းများ ရုံးဆင်းချိန် အိမ်သို့ပြန်ရန် ကားရပ်နားရာနေရာသို့ ရောက်ရှိလာစဉ် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန အဆိုအရ အဆိုပါဗုံးပေါက်ကွဲမှုကြောင့် လူ ၄၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ယင်းအသေခံဗုံးခွဲတိုက်ခိုက်မှုအား မည်သည့်အဖွဲ့အစည်းက ကျူးလွန်ခဲ့သည်ကို မသိရှိသေးပေ။ သို့သော် တာလီဘန်စစ်သွေးကြွအဖွဲ့က ကျူးလွန်နိုင်ဖွယ်ရှိသည်ဟု လုံခြုံရေးအရာရှိများက ထင်မြင်ယူဆကြသည်။

တာလီဘန်စစ်သွေးကြွအဖွဲ့သည် နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကို မကြာခဏ ကျူးလွန်လေ့ရှိသည်။ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ် အများဆုံးကျူးလွန်သည့် အဖွဲ့များမှာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် တာလီဘန်စစ်သွေးကြွအဖွဲ့များ ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် အရပ်သားအရေအတွက်မှာ ၁၁၀၀၀ ကျော်ရှိခဲ့သည်။ ယင်း အရေအတွက်သည် နှစ်တစ်နှစ်အတွင်း များပြားသော အရေအတွက်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

ဝ



# နယ်စပ်ဖြတ်ကျော် ပစ်ခတ်မှုများမှ ကာကွယ်နိုင်ရေး ပါကစ္စတန်နယ်စပ်၌ ကတုတ်ကျင်းများတူးမည်

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၈**

နယ်စပ်ဖြတ်ကျော် ပစ်ခတ်သည့်ဖြစ်စဉ်များ ဖြစ်ပွားချိန်ကာလအတွင်း အရပ်သူအရပ်သားများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိ အိန္ဒိယနှင့်ထိစပ်နေသော နယ်ခြားဒေသတစ်လျှောက်တွင် ကတုတ်ကျင်း ၅၀ ထက်မနည်း တည်ဆောက်ရန် အစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

နယ်စပ်ဒေသတစ်လျှောက် အရပ်သူ အရပ်သားများ ထိခိုက်သေဆုံးရမှုကို ရှောင်လွှဲနိုင်ရေးအတွက် လိုအပ်သည့်အစီအမံများရေးဆွဲချမှတ်ဆောင်ရွက်ရန် ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီး ကာဝါဂျာအဇစ်အပါအဝင် ဖက်ဒရယ်ဝန်ကြီးသုံးဦးတို့က ဝန်ကြီးချုပ်နာဝပ်ရှာရစ်ဖ်အား တိုက်တွန်းခဲ့သည်ဆို၏။

အိန္ဒိယဘက်မှ နယ်စပ်ဖြတ်ကျော် တိုက်ခိုက်လာချိန်အတွင်း နယ်စပ်ဒေသ၌ နေထိုင်သော ကျေးရွာသူ ကျေးရွာသားများ ခိုလှုံနိုင်စေရေးအတွက် ကတုတ်ကျင်း ၅၀ တည်ဆောက်ရန် ဝန်ကြီးအဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီး မာယမ်အော်ရန်ဂဇက်က ပြောကြားသည်။

နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှု ဖြစ်စဉ်များအတွင်း သေဆုံး၊ ဒဏ်ရာရသူများအတွက် လျော်ကြေးပေးငွေကို တိုးမြှင့်မည်ဟုလည်း အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာသည်။ သေဆုံးသူအတွက် ရူပီး ၅၀၀၀၀၀၊ ဒဏ်ရာရသူအတွက် ရူပီး ၁၅၀၀၀၀ ကို လျော်ကြေးအဖြစ် ပေးမည်ဆို၏။

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိ နယ်စပ်ဒေသများဖြစ်သော ဆိုင်ယာကော့နှင့်နာရိုးဝါးဒေသများရှိ ကျေးရွာများသည် လွန်ခဲ့သည့်နှစ်က နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားခဲ့ကြရသည်။ တင်းမာမှုမြင့်မားချိန်အတွင်း ပါကစ္စတန်နှင့် အိန္ဒိယတပ်ဖွဲ့များက နယ်စပ်တွင် အပြန်အလှန်တိုက်ခိုက်ကြလေ့ရှိသည်။

**ပီတီအိုင်။**

# ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် JICA မှ ဂျပန်ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံ ချေးယူရန်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အလုံးစုံပြုပြင်မွမ်းမံရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံ ချေးယူရန်ကိစ္စကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူက ချေးငွေရယူသည့် သဘောတူညီချက်သည် ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀ ဖြစ်သည့်အတွက် စုစုပေါင်း ချေးငွေသက်တမ်း နှစ် ၄၀ ဖြစ်ပြီး အတိုးနှုန်း ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဘီလူးချောင်းအမှတ်(၁)လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နိုင်ငံတော်၏ လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းထုတ်လုပ်ပေးခဲ့သည်မှာ နှစ်ပေါင်း ၂၄ နှစ်ကျော်လာပြီဖြစ်ပါကြောင်း၊ စက်များ၏သက်တမ်းလည်း ကြာမြင့်နေပြီဖြစ်ကြောင်း၊ စက်များ ရပ်တန့်ပြီး ပြုပြင်ထိန်းသိမ်းသည့်လုပ်ငန်းများကို မကြာခဏ ဆောင်ရွက်နေရပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းမှုကို လျော့နည်းစေပါကြောင်း၊ နှစ်ပေါင်းကြာနေပြီဖြစ်သည့်အပြင် အသုံးပြုရန် အမျိုးအစားတူ အရန်ပစ္စည်းများလည်းမရှိသဖြင့် ဓာတ်အားထုတ်လုပ် ပို့လွှတ်ရေးကို ထိခိုက်လာပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် အစားထိုးလဲလှယ်ရန် လိုအပ်လျက်ရှိပါကြောင်း၊ စက်များအလုံးစုံမွမ်းမံပြင်ဆင်ပြီးပါက စွမ်းအားပြည့် ထုတ်လုပ်နိုင်မည့်အပြင် လိုအပ်သည့်ဓာတ်အားကို တည်ငြိမ်စွာ အချိန်ပြည့် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် လျှပ်စစ်ဓာတ်အားရရှိမှုကြောင့် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ၁၇ ချက်ကို အရေးကြီးသည့်အခန်းကဏ္ဍမှ ဖြည့်ဆည်းနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်က ကယားပြည်နယ်သည် ငြိမ်းချမ်းမှုမရှိသေးသည့်အတွက် ဖွံ့ဖြိုးမှုနိမ့်ကျလျက်ရှိနေပါကြောင်း၊ ကယားပြည်နယ်မှ လောပိတမဟာဓာတ်အားလိုင်းဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဓာတ်အားပို့လွှတ်ကာ မီးလင်းစေခဲ့သည်မှာ ယခုဆို နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်သော်လည်း ကယားပြည်နယ်၏ ၅၀ ရာခိုင်နှုန်းကျော်သည် လျှပ်စစ်မီးမရှိသေးဘဲ အမှောင်ထုထဲတွင် နေထိုင်ရှင်သန်ခဲ့ရပါကြောင်း။

ကယားပြည်နယ်ရှိ မြို့နယ်တိုင်းတွင် ရာခိုင်နှုန်းထက်ဝက်ကျော် လျှပ်စစ်မီးမရရှိသည့်အတွက် ကယားပြည်နယ်သားများ စီးပွားရေးနိမ့်ကျခဲ့ရသည့်အပြင် နောက်ဆက်တွဲအဖြစ် ပညာရေး၊ ကျန်းမာရေး အစစအရာရာ နိမ့်ကျလျက်ရှိပါကြောင်း၊ ယခုကဲ့သို ဂျပန်နိုင်ငံမှ ချေးငွေဖြင့် လျှပ်စစ်ဓာတ်အားမြင့်မားတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်သည့်အတွက် နှစ်ပေါင်းများစွာ အမှောင်ထုထဲတွင် နေထိုင်ခဲ့ရသည့်ဘဝ မီးအလင်းရောင်အောက်တွင် နေရတော့မည်ဆိုသည့်အသိ မျှော်လင့်ချက်များထားပြီး ရှင်သန်လာရပါကြောင်း။

ကယားပြည်နယ်နည်းတူ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လောပိတရေအားလျှပ်စစ်မီးများတိုးတက်လာပြီး လိုအပ်သော မဂ္ဂါဝပ်နှင့် ပြည့်ဝသော မီးအားရရှိပြီး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည့်အတွက် လောပိတ၏ မိခင်နယ်မြေဖြစ်သည့် ကယားပြည်နယ်သားများသာမက မြန်မာပြည်အနှံ့အပြားမှ လောပိတလျှပ်စစ်မီးကို အမှီပြုသူတို့၏ ရင်တွင်းက ဝမ်းသာပီတိနှင့်အတူ ပြည်သူများအားလုံးကိုယ်စား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်က ယခု ချေးယူမည့်



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ဂျပန်ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံသည် ယနေ့ အမေရိကန်ဒေါ်လာ ပေါက်ဈေးနှင့် တွက်ချက်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၃၁၂၅ သန်းနှင့် ညီမျှသည့်အတွက်ကြောင့် အဆိုပါ ရေအားလျှပ်စစ်စက်ရုံများကို ပြန်လည်မွမ်းမံ၍ လည်ပတ်မည့်အစား ၁၀၀ မဂ္ဂါဝပ် အသစ်ထပ်မံဆောက်လုပ်ရန် အစီအစဉ်ကို ပြန်လည်သုံးသပ်သင့်ပါကြောင်း။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့်ပတ်သက်၍ သံလွင်မြစ်ပေါ်တွင် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်း ၆ ခု (၁၅၀၀၀)မဂ္ဂါဝပ် အောင်မြင်ပါက နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး လိုငွေများကို အချိန်မီ ပြန်ဆပ်နိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်လုပ်ငန်းများ အရှုံးပေါ်ပေါက်လျက်ရှိနေကြောင်း သိရသဖြင့် ယခုလိုနိုင်ငံခြားချေးငွေများ ပြန်လည်ပေးဆပ်ရန် တာဝန်ယူဆောင်ရွက်သွားမည့် ကိစ္စသည် အားလုံးပါဝင်စဉ်းစားပေးရမည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ စက်ရုံပြန်လည်မွမ်းမံပြင်ဆင်ခြင်းနှင့် နိုင်ငံခြားချေးငွေ ပြန်လည်ပေးဆပ်ရန် ကိစ္စတို့ကို ဝန်ကြီးဌာနအနေဖြင့် စနစ်တကျစီမံရေးဆွဲ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းက ဘီလူးချောင်းအမှတ်(၁)နှင့် ဆည်တော်ကြီးတို့မှ စက်များအား အကြီးစားပြန်လည်ပြုပြင်ရန် JICA က ချေးငွေရယူခြင်းကို မူအားဖြင့် ထောက်ခံပါကြောင်း၊ နောင်ချေးငွေရယူသည့်အခါဖြစ်စေ၊ နိုင်ငံ့ဘဏ္ဍာဖြင့် ရင်းနှီးမြှုပ်နှံသည်ဖြစ်စေ ဓာတ်အားဆုံးရှုံးမှုကို လျော့နည်းစေသည့် ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ရန် စဉ်းစားသင့်သည့်အပြင် တစ်တိုင်းပြည်လုံး ဟန်ချက်ညီညီ မျှမျှတတ စီးပွားရေးဖွံ့ဖြိုးရန်အတွက် မဟာဓာတ်အားလိုင်း မရောက်သေးသည့် ဒေသများကိုပါ ဓာတ်အားတိုးချဲ့ပို့လွှတ်နိုင်ရန်ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း။

လျှပ်စစ်နှင့်စမ်းအင်ဝန်ကြီးဌာန၏ စီမံကိန်းရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် မြန်မာပြည်မြေပုံက အောက်ပိုင်းကို စဉ်းစားမှုနည်းသည်ကို တွေ့ရပါကြောင်း၊ အောက်ပိုင်းတစ်လျှောက်လုံးတွင် ရေလုပ်ငန်းများဖွံ့ဖြိုးပါကြောင်း၊ သို့သော် ရရှိသည့် ပင်လယ်ထွက်ကုန်များကို အဆင့်မီထုတ်လုပ် သိုလှောင်မဖြန့်ချိနိုင်သည့်အတွက် မိမိတို့နိုင်ငံ ရေထွက်ကုန်များသည် အိမ်နီးချင်းနိုင်ငံများသို့ ရောက်ကုန်ပါကြောင်း၊ ထို့ကြောင့် နောင်ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ရန် စီမံကိန်းများရေးဆွဲရာတွင် မြန်မာပြည်အောက်ပိုင်းကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိကလည်း အကြံပြုထောက်ခံဆွေးနွေးသည်။

လွှတ်တော်နာယကက ပြည်ပချေးငွေရယူရေးနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်တို့ကို စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **“ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် ဒေါ်ချိုချိုဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက အခွန်ကောက်ခံရရှိမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းအစီအစဉ်ကို စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ခင်က ၂၀၁၆ ခုနှစ် မတ် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ၁၀ လတာ ကာလအတွင်း ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်သည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူးက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၃၆၅၆ ဒသမ ၈၂၀ ခွဲဝေသုံးစွဲမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/၂၀၁၇)ကို ဖတ်ကြားတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့က အကြံပြုထောက်ခံဆွေးနွေးကြသည်။

လွှတ်တော်နာယကက သီးသန့်ရန်ပုံငွေမှခွဲဝေသုံးစွဲရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**မော်စီ(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နှင့် NDI တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုလွှတ်တော်နှင့် National Democratic Institute for International Affairs-NDI တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် (D)ဆောင်(ပထမထပ်)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအစည်းအဝေးခန်းမ၌ ယနေ့ညနေ ၃ နာရီခွဲတွင် ကျင်းပရာ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် JCC အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ၊ National Democratic Institute for International Affairs-NDI မှ အကြီးတန်းဌာနေ နိုင်ငံကိုယ်စားလှယ် Ms. AnsZwerverနှင့် NDI ရုံးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် ဦးစွာလွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး National Democratic Institute for International Affairs-NDI မှ အကြီးတန်းဌာနေ နိုင်ငံကိုယ်စားလှယ် Ms. AnsZwerver က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နှင့် National Democratic Institute for International Affairs-NDI တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

**(သတင်းစဉ်)**

# ဂျပန်-မြန်မာနိုင်ငံပူးတွဲ၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဂျပန်-မြန်မာ ပူးတွဲကျင်းပသော “Work Shop for Disaster Management Collaboration Dialogue” အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံ (Ministry of Land, Infrastructure & Tourism ) ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက “Dam Operation, Management and Improvement” ကိစ္စဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ Dr. Hitotada MATSUKI ( Director, International Affairs, MLIT ) ဦးဆောင်သော အဖွဲ့ဝင် ၂၉ ဦးနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင် ဦးဆောင်သော အရာထမ်း ၅၀ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

# ပန်းတစ်ခင်းနှင့် ချစ်ခြင်းမေတ္တာ

ပုညခင်

နှင်းမှုန်ဖွဲဖွဲကျသည့် ဒီဇင်ဘာည။
အချိန်ကား ည ၂နာရီနှင့် ၆ မိနစ်ရှိခဲ့ပြီ။

ဝတ္ထုအဆုံးသတ်၌ ကျွန်မ၏နာမည်နှင့် ရက်စွဲကို ရေးထိုးပြီးချိန်တွင် ကျွန်မ၏ စိတ်များပေ့ါပါး၍ သွားလေသည်။

'တောင်တန်းတွေရဲ့ အလွန်'။ ဤဝတ္ထုဇာတ်လမ်းကို လွန်ခဲ့သော ၁၀လခန့်က စိတ်ကူးမိကာ လွန်ခဲ့သော လေးလခန့်ကမှ စတင်ရေးသားခဲ့သည်။ ချင်းပြည်နယ်ခရီးစဉ်မှ စတင်ရရှိခဲ့သော စိတ်ကူးများကို ပုံဖော်ရေးသားနေသည့် ကာလတစ်လျှောက်လုံး ကျွန်မ၏ အာရုံထဲတွင် တောင်တန်းတွေက ကြီးစိုးလျက်ရှိသည်။ တိုင်းရင်းသားတွေက လွှမ်းမိုးလျက်ရှိသည်။ တိုင်းရင်းသားတို့၏ ဘဝအသီးသီး၊ ခံစားချက်အသီးသီးက ကျွန်မရင်သို့ ကူးစက်ခံစားလာခဲ့ရသည်။ သူတို့၏ မျှော်လင့်ချက်များက ကျွန်မ၏ မျှော်လင့်ချက်၊ သူတို့၏ ဝေဒနာက ကျွန်မ၏ ဝေဒနာဖြစ်ခဲ့သည်။

"ဆရာမရယ် . . . ကျွန်မတို့တိုင်းရင်းသားတွေက
ဒုတိယတန်းစားပါ"

"အို . . . မဟုတ်ပါဘူး . . အထင်မမှားပါနဲ့ရှင်"

ကြားဖူးခဲ့သောစကားတချို့က ပဲ့တင်ရိုက်ခတ်လာသည်ဟု ထင်မိသည်။ အဲဒီတုန်းက ကျွန်မရှင်းပြခဲ့သည့် စကားတွေကို ပြန်လည်တွေးတောမိခဲ့သည်။ ရေရှားပြီးစိုက်ရခက်သည့် အညာကျေးလက်တချို့၏ ခက်ခဲကြမ်းတမ်းမှုတွေအကြောင်း၊ မြစ်ဝကျွန်းပေါ် ရွာကလေးများအကြောင်း၊ တိုင်းရင်းသားတွေရော၊ ဗမာတွေပါ အတူတကွ ကြုံတွေ့ခံစားရသည့် လူမှုဘဝအခက်အခဲတွေအကြောင်း၊ တောင်တန်းတွေကတော့ သွားလာမှုပါ ခက်ခဲသဖြင့် ပို၍ ခက်ခဲသည်ဟုဆိုနိုင်ကြောင်း ကျွန်မမှာ ရှင်းပြစရာစကားတွေ ရှိခဲ့သလို သူတို့မှာလည်း ရင်ဖွင့်စရာစကားတွေ ရှိခဲ့သည်။ သူတို့ဒေသ၏ ပညာရေးအကြောင်း၊ သဘာဝပတ်ဝန်းကျင်အကြောင်း၊ ဒေသကိုစွန့်ခွာသွားသည့် လူငယ်တွေအကြောင်း၊ ဟိုတစ်ချိန်က သူတို့တိုင်းရင်းသားတွေရဲ့ရာထူးနေရာတွေအကြောင်း၊ ခုတော့လည်း အရာရာသည် ပြောင်းလဲတိုးတက်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

ကျွန်မသည် တောင်တန်းတွေနှင့် တိုင်းရင်းသားတွေအကြောင်း တွေးတောရင်းနှင့်ပင် စားပွဲဘေးပြတင်းတံခါး၏ ခန်းဆီးစကို အသာလှပ်ကာ ညကောင်းကင်ကို လှမ်းမျှော်ကြည့်မိသည်။ ကောင်းကင်က မှောင်ဆဲပင် ဖြစ်သော်လည်း မကြာခင် အလင်းပျို့တော့မည်ဖြစ်သည်။ ကျွန်မ၏ မျက်လုံးတွေကတော့ အတွေးကြောင့် မမှေးမှိတ်နိုင်သေးပေ။

ခရီးသွားလာခြင်း၌ ဝါသနာထုံလှသော ကျွန်မသည် တောင်တန်းဒေသများသို့ သွားလာရင်း တိုင်းရင်းသားများနှင့် တွေ့ဆုံသိကျွမ်းခဲ့ရသည်။ မကြာခင်ကမှ ကယားတို့ဌာနီ လွိုင်ကော်၊ လွန်ခဲ့သောနှစ်က ကျွန်မဝတ္ထုကို ရုပ်ရှင်ရိုက်ရန်သွားခဲ့သည့် မဲနယ်တောင်ကြားက ပအိုဝ်းရွာကလေးများ၊ ထိုဒေသ၏ အလှအပများ၊ တိုင်းရင်းသားတို့၏ ရိုးသားပွင့်လင်းမှုများက ကျွန်မကို ချစ်ခြင်းအာရုံ ယိုင်ညွှတ်စေခဲ့သည်။ တိုင်းရင်းသားများစွာ မှီတင်းနေထိုင်ကြသော တောင်တန်းဒေသတွေကိုလည်း အစဉ်ထာဝရလှပငြိမ်းချမ်းစေချင်မိလေသည်။ ယမ်းငွေ့တွေအစား ပန်းငွေ့တို့ မွှေးပျံ့စေချင်မိသည်။

ပန်းငွေ့တွေ ဝေလိုလျှင်တော့ ပန်းပျိုးဖို့လိုပေမည်။ ပန်းခင်းကို ဘယ်လိုပျိုးမည်နည်း။

ကျွန်မသည် ရသစာရေးဆရာပီပီ ပန်းပျိုးသူတို့အကြောင်းကို ပုံပြင်လေးတစ်ပုဒ်ရေး၍ ပြောလိုပါသည်။ တစ်ခါက ရွာတစ်ရွာတွင် မြေ၊ ရေနှင့် မျိုးစေ့တို့ သုံးဦးသည် ပန်းတစ်ခင်းပျိုးမည်ဟု ကြံစည်ကြလေသည်။ မြေကြီးကလည်း သူ့ချည်းသက်သက်ဆို ပန်းခင်းပျိုးဖို့မဖြစ်နိုင်၊ ရေချည်းသက်သက်ဆိုလျှင်လည်း ပန်းပျိုးဖို့ မဖြစ်နိုင်၊ မျိုးစေ့ကလည်းထိုသို့သာဖြစ်သည်။ သို့သော် သူတို့သုံးဦးပေါင်းစည်းလျှင်တော့ ပန်းတစ်ခင်းဖြစ်နိုင်ပေမည်။ ထို့ကြောင့် သုံးဦးပေါင်းကာ ပန်းတစ်ခင်းပျိုးဖို့ ဆုံးဖြတ်လိုက်ကြ၏။ ရွာသူရွာသားများကလည်း ထိုသတင်းကြောင့် အလွန်ပင် ပျော်ရွှင်ကြလေသည်။ သည်မတိုင်မီကတော့ ရွာတွင်းရှိ ထိုမြေနေရာသည် လွင်တီးခေါင် ခြောက်သွေ့နေခဲ့၏။ သည်ကြားထဲ ဟိုဘက်ရွာ ဒီဘက်ရွာရန်ဖြစ်လျှင်လည်း သည်မြေနေရာမှာပင်လာ၍ဖြစ်ကြ၏။ ဘယ်သူမှန်လို့ ဘယ်သူမှားသည်မသိ၊ ဘယ်သူက ရန်စကျူးကျော်သည်မသိဘဲ သည်မြေနေရာမှာ ထောင်းထောင်းကြေအောင် ရန်ဖြစ် လုံးထွေးသတ်ပုတ်ကြရုံမက တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်ကြသည်။ အုတ်ခဲကျိုးများကလည်း မဆိုင်သူများကို ထိမှန်လေသောအခါ ရွာသူရွာသားများမှာ နေ့စဉ်နှင့်အမျှ အထိတ်ထိတ်အလန့်လန့်နေထိုင်ကြရ၏။ တချို့မှာ အိုးပစ် အိမ်ပစ်နှင့် ထိုမြေနေရာနှင့်ဝေးရာသို့ ပြေးခွာရှောင်ရှားကြရလေသည်။ ခုတော့ ထိုနေရာတွင် ပန်းခင်းကြီးတစ်ခင်း ဖြစ်ပေါ်လာပေတော့မည်။ ထုံသင်းမွှေးပျံ့လာမည့် ပန်းရနံ့တို့ကိုလည်း ရွာသားများ ခံစားကြရပေတော့မည်။ ဘယ်မှာ မပျော်ဘဲရှိမည်နည်း။

ထိုသို့ရွာသူရွာသားများ တွေးတောပျော်ရွှင်လျက်ရှိချိန်တွင် မြေ၊ ရေနှင့် မျိုးစေ့တို့ကလည်း သူ့အတွေးလေးနှင့်သူပင် ကြံစည်တွေးတောနေကြလေသည်။

မြေက တွေးသည်မှာ . . .

"ငါ့အပေါ်မှာ မျိုးစေ့ချတာတော့ ဟုတ်ပါပြီ၊ ဒီမျိုးစေ့က အရည်အသွေးရော ပြည့်ရဲ့လား၊ မျိုးစေ့မမှန် ပင်မသန်ဆိုတဲ့ စကားလည်းရှိရဲ့မဟုတ်လား။ သူ့မျိုးစေ့ကမှ မမှန်ရင် ငါ့အပေါ်လာစိုက်လည်း အလကားပဲ။ ငါ့ကို ထိုးဆွအဖွခံရတာပဲ အဖတ်တင်မယ်။ ရေကရော မှန်မှန်လာလောင်းမှာမို့လို့လား။ ရေကလည်း သူ့ကြောင့် ပွင့်လာတာဆိုပြီး ဝေစုလာခွဲဦးမယ်။ မျိုးစေ့ကလည်း



သူက အဓိကပါပဲဆိုပြီး အပေါ်စီးကနေ ဝေစုလာခွဲဦးမယ်။ တော်ပြီကွာ အစိုက်မခံတော့ဘူး"

မျိုးစေ့က တွေးသည်မှာ . . .

"မျိုးစေ့ချတာကတော့ဟုတ်ပါပြီ။ မြေကြီးက မြေဆီဩဇာရော ပြည့်ဝလို့လား၊ မြေဆီဩဇာမရှိတဲ့ မြေမှာ သွားချမိရင် မျိုးစေ့ဆုံးတာပဲ အဖတ်တင်မှာ။ မြေဆီခန်းခြောက်နေတဲ့ မြေကို ရေကရော ရက်ရက်ရောရော လောင်းမှာမို့လို့လား။ တော်ပြီကွာ မချတော့ဘူး။"

ရေကတွေးသည်မှာ . . .

"မြေကြီးကလည်း မြေဆီဩဇာမရှိ၊ မျိုးစေ့ကလည်း မမှန်ဘူးဆိုရင် ငါ့ရေကုန်တာပဲအဖတ်တင်မယ်မဟုတ်လား။ တော်ပြီကွာ မလောင်းတော့ဘူး။"

ဤသို့ဖြင့် မြေ၊ ရေနှင့်မျိုးစေ့တို့သည် တစ်ဦးနှင့်တစ်ဦး သံသယပွားကာ ပန်းခင်းပျိုးမည့်အစီအစဉ်ကို ဖျက်သိမ်းလိုကြလေသည်။ ရွာသူရွာသားများမှာလည်း မျှော်လင့်ချက်တို့ပျက်သုဉ်းကာ ငိုကြွေးကြလေသည်။ မိမိတို့တစ်သက်ရောင်စုံလှပသည့် ပန်းခင်းကို မြင်ခွင့်မရနိုင်တော့ပါလားဟု တွေးတောစိတ်ဓာတ်ကျ၍နေလေသည်။ မြေတလင်းမှာလည်း ပူပြင်းခြောက်သွေ့မြဲ၊ ရုံဖန်ရံခါ တစ်ဖက်ရွာနှင့်တစ်ဖက်ရွာ ရန်ပွဲတွေဖြစ်မြဲ၊ အုတ်ခဲကျိုးတွေ မှန်သူကမှန်ဆဲပင်တည်း။

တစ်နေ့မှာတော့ သံလွင်ခက်လေးတစ်ခက်ကို ကိုက်ချီ၍လာသော အဖြူရောင်ချိုးငှက်ကလေးတစ်ကောင်သည် မြေ၊ ရေနှင့် သစ်စေ့တို့ အနီးရှိသစ်ကိုင်းလေးတစ်ကိုင်းပေါ်တွင်လာ၍နားကာ သံလွင်ခက်လေးကို သူတို့သုံးဦးအလယ်တွင် ချထားလိုက်ရင်း . . .

"အသင်မြေကြီး အဘယ်ကြောင့် တစ်ကိုယ်တည်းသွေ့ခြောက်နေမည်နည်း။ အသင်ရေကရော ဘာကြောင့် သံသယတွေ ပွားနေမည်နည်း။ အသင်မျိုးစေ့က ရော အသင့်ကိုယ်အသင် အပုပ်အဆွေးခံ၍ အချည်းနှီးဖြစ်စေမည်လား။ အသင်တို့သုံးဦးသည် ကိုယ့်အတွက်ကို စဉ်းစားခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်ရော၊ သူတစ်ပါးကိုပါ အကျိုးမဲ့အချည်းနှီးဖြစ်စေတော့မည်၊ သနားစရာကောင်းလေစွ . . ။ သံသယသည် ချစ်ခြင်းမေတ္တာ၏ ရန်သူဖြစ်၏။ ကိုယ့်အတွက်ကို စဉ်းစားခြင်းထက် အများကောင်းကျိုးကို ပို၍စဉ်းစားပေးခြင်းကသာ ပန်းတစ်ခင်းကို အထမြောက်စေပေလိမ့်မည်။ အိုအသင်မြေကြီးထလော့။ အသင်၏ ရင်ဘတ်ကိုဖွင့်ကာ အသင့်ပြင်ဆင်ထားလော့။ အသင်မျိုးစေ့က ယုံကြည်စွာမျိုးစေ့ချလော့။ အသင်ရေက စေတနာရှေ့ထား၍ သွန်းဖျန်းပေးပါလော့။ သင်တို့၏ သံသယနှင့် ကိုယ်ကျိုးစီးပွားကို စွန့်နိုင်ခြင်းကသာလျှင် သင်တို့ကိုရော သင်တို့အနီးတွင် မှီတင်းနေထိုင်ကျသူများကိုပါ အကျိုးဖြစ်ထွန်းစေနိုင်ပေလိမ့်မည်"ဟု မေတ္တာရပ်ခံလေသည်။

ချိုးဖြူကလေး၏ နှိုးဆော်စကားကြောင့်ပင် မြေ၊ ရေနှင့် သစ်စေ့တို့သည် အသိတရားရကာ အတူယှဉ်တွဲ၍ ပန်းတစ်ခင်းကို ပျိုးလေရာ ရွာသူရွာသားများမှာ နှစ်ထောင်းအားရပင်တည်း။ ချိုးဖြူကလေးကတော့ သူကိုက်ချီယူဆောင်လာသော သံလွင်ခက်လေးကို ချန်ရစ်ကာ အဝေးသို့ ပျံသန်းသွားတော့သည်။

မကြာခင်၌ပင် ပန်းမျိုးစုံတို့ ဝေဆာပွင့်လန်းမွှေးကြိုင်၍ လာလေသည်။ တစ်ချိန်က ဤမြေပေါ်တွင် ရန်ဖြစ်ခဲ့ကြသော ဟိုဘက်ရွာ ဒီဘက်ရွာမှ ရွာသူရွာသားများသည်လည်း ဤမြေပေါ်တွင် ဝေဆာလှပလာသည့်ပန်းများကို အတူတကွ ခူးဆွတ်ပျော်ရွှင်ကြရလေပြီ။ အုတ်ခဲထိမှန်မည်စိုးသဖြင့် ဟိုနေရာ ဒီနေရာသို့ ပြေးလွှားတိမ်းရှောင်နေကြသူများလည်း ကိုယ့်ရပ်ရွာသို့ ပြန်လာကြကာ မိသားစုတွေအားလုံး ပြန်လည်ဆုံစည်းလျက် ပန်းတို့၏ရနံ့ကို အတူတကွခံစားကြရပေပြီ။ လောကသည် ငြိမ်းချမ်းသာယာပေစွ။ နေခြင်းနှင့် သေခြင်းကြားက လူ့သက်တမ်းတိုတိုလေးတွင် ယမ်းငွေ့မဝေ ပန်းငွေ့ဝေသည့် အရပ်ဒေသမှာ နေခွင့်ရသည့်ဘဝသည် ဘယ်လောက်များ ငြိမ်းချမ်းလိုက်ပါသနည်း။ ချစ်ခင်သူတို့ ဝေးကွာခြင်းကြောင့် ခံစားရသည့်လွမ်းငွေ့တို့ကို ချစ်ခြင်းမေတ္တာနှင့်ပင် ပြန်လည်ပြေပျောက်စေရမည်ဖြစ်လေသည်။

ဤနေရာတွင် ကျွန်မ၏ ပုံပြင်လေးကိုနိဂုံးချုပ်လိုက်ပြီဖြစ်ပါသည်။ ပုံပြင်ထဲက ပန်းခင်းကလေးကိုတော့ "ပင်လုံ"ဟု အမည်ပေးလိုက်ပါသည်။

ချစ်ခြင်းမေတ္တာအကြောင်းကို ဝတ္ထုပေါင်းများစွာ ရေးဖွဲ့ခဲ့ပြီးဖြစ်သော ကျွန်မသည် ကိစ္စတော်တော်များများကို မေတ္တာအခြေခံစိတ်ဖြင့် စဉ်းစားတတ်ခဲ့သည်။ လောကတွင် ဥပဒေနှင့်ဖြေရှင်းခြင်းငှာ မတတ်နိုင်သော ကိစ္စတွေကို ချစ်ခြင်းမေတ္တာဖြင့် ဖြေရှင်းသင့်သည်ဟု ကျွန်မထင်ပါသည်။

ချစ်ခြင်းမေတ္တာက ဥပဒေထက်ပို၍ ကျယ်ပြန့်နက်ရှိုင်းပါသည်။ ချစ်ခြင်းမေတ္တာ၏ အခြားသောနာမည်တစ်မျိုးကတော့ "ခွင့်လွှတ်ခြင်း" ဖြစ်သည်။ ချစ်ခြင်းမေတ္တာရှိမှသာ ခွင့်လွှတ်နိုင်ပါသည်။ ခွင့်လွှတ်ခြင်းက ချစ်ခြင်းမေတ္တာကို ပွားများစေပါသည်။

ကျွန်မသည် ပြီးဆုံးသွားပြီဖြစ်သော ကျွန်မ၏ဝတ္ထုစာမူစာအုပ်ကို အသာအယာပိတ်လိုက်ရင်း အပြင်ကို လှမ်းမျှော်ကြည့်မိတော့ ကောင်းကင်တွင် ရောင်နီပျို့ပြီမို့ အိပ်ဖို့ပြင်ဆင်ရသည်။

မျက်ဝန်းတို့ကိုမှေးမှိတ်မိစဉ် တစ်ခဏတွင် ပြုမြဲအတိုင်း မေတ္တာသုတ်ကို ခပ်တိုးတိုးရွတ်ကာ ပရိသတ်များနှင့်တကွ အရပ်ဆယ်မျက်နှာကို မှန်းဆမေတ္တာပို့ရင်း ချစ်ခြင်းမေတ္တာ၏ခြုံလွှမ်းမှုအောက်တွင် ငြိမ်းချမ်းရေး ပန်းခင်းတို့ ဝေဆာမွှေးပျံ့ပါစေကြောင်း တိုင်းရင်းသားများအပါအဝင် မြန်မာပြည်သူပြည်သားများအားလုံးအား ညီတူညီမျှတန်ဖိုးထားစွာ ဆုတောင်း မေတ္တာပို့သလိုက်မိပါသည်။

အိပ်စက်ခြင်းက ကျွန်မဆီ ရောက်ရှိလာသည်။

အိပ်စက်ခြင်းနှင့်အတူ . . ငြိမ်းချမ်းရေး ပန်းခင်းတွေမွှေးပျံ့ဝေဆာနေသည့် အိပ်မက်မျိုးကို ကျွန်မမက်ချင်သည်။

ထိုအိပ်မက်တွေ တကယ်ဖြစ်လာစေချင်မိပါသည်။ ။

■ ■ ■

## တို့ပြည်ထောင်စုနေ့

❖ ပြည်ထောင်စုစိတ်ဓာတ်အစဉ်နိုးကြားလို့
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာတည်
တွဲလက်ညီညီ။
ဖက်ဒရယ်ပြည်ထောင်စုဒီမိုကရေစီ
လှမ်းချီတက်မနေ့။
လူမှုစီးပွားဘဝမြင့်မားရန်ရည်ရွယ်ချက်
ဦးတည်လျက်လေး။
❖ မျိုးချစ်စိတ်အစဉ်မွေးလို့
ပြည်ထောင်စုသွေးပြည့်ဝလျှံ
ပေါင်းစုအားမာန်။
ပင်လုံစိတ်ဓာတ်လွှမ်းခြုံပတ်တို့နိုင်ငံ
ညီလာခံငြိမ်းချမ်းရေး။
နှစ် (၇၀)ပြည့် ပြည်ထောင်စုနေ့မှသည်
ဦးတည်ချက် (၄)ရပ်နှင့်
အနာဂတ်နိုင်ငံတော်အတွက်
တက်ညီလက်ညီအတူလျှော်ခတ်လို့
စံပြုအပ်ပုံ(၂၁)ပင်လုံ အဲ့မခန်းတယ်
ဂုဏ်လွှမ်းလို့မွှေး။ ။

အောင်မြင့်စိုး(ရေစကြို)

[၂၀၁၇ ခုနှစ်၊ နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတို့ကို ကြိုဆိုဂုဏ်ပြုလျက်]

# ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ပါက နိုင်ငံတော်တွင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမည်



**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သည့်နေရာတွင် လုပ်ငန်းနယ်ပယ်အရ ကျယ်ဝန်းသည့်အတွက် စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများပူးပေါင်းရေးဆွဲနေပါကြောင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က ကျင်းပခဲ့ပြီး ကော်မတီအနေဖြင့် အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်(၅)ရပ် နှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဒုတိယသမ္မတက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ပါက နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည်သာမက ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဏ္ဍိုင်(၅)ရပ်ဖြစ်သည့် ပထမအချက်အနေဖြင့် ပုဂ္ဂလိကကဏ္ဍဆိုင်ရာဥပဒေနှင့် စည်းမျဉ်းများ အရည်အသွေး တိုးတက်ကောင်းမွန်လာစေရေးနှင့် အငြင်းပွားမှုဖြေရှင်းခြင်းတို့အတွက် ကောင်းမွန်သော အစီအမံများ ချမှတ်နိုင်ရန် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခြင်း၊ ဒုတိယအချက်အနေဖြင့် ငွေကြေးဆိုင်ရာကဏ္ဍနှင့်စပ်လျဉ်း၍ ပိုမိုပွင့်လင်းမြင်သာမှုရှိသည့် မူဝါဒများနှင့် စည်းမျဉ်းများ ရေးဆွဲနိုင်ရန် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တတိယအချက်အနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာစေရန် မူဝါဒလမ်းညွှန်ချက်များချမှတ်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စတုတ္ထအချက်အနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး၊ ခိုင်မာသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Private Public-Partnership) လုပ်ငန်းအစီအစဉ်တို့အတွက် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ပဉ္စမအချက်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ပိုမိုကောင်းမွန်လာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မဏ္ဍိုင်(၅)ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၂၀ ဦးဖြင့်လည်းကောင်း၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့်လည်းကောင်း၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ကိုးဦးဖြင့်လည်းကောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအား အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏ အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၆ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းကော်မတီ(၅)ရပ်အနေဖြင့် မဏ္ဍိုင်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဖွဲ့များဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များအပေါ် မိမိတို့ကော်မတီမှ မူဝါဒများချမှတ်ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

လုပ်ငန်းကော်မတီဝင်များအနေဖြင့် ပြည်သူများ၏ အခက်အခဲများ၊ တွေ့ကြုံနေရသည့် ပြဿနာများကို ဖြေရှင်းပေးနိုင်ရန်အတွက် မပြတ်ထိတွေ့နေရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ကော်မတီများမှ ဆောင်ရွက်ပေးနေသည်များက မူဝါဒများ၊ ဖြေလျှော့ပေးမှုများနှင့် ဥပဒေအကြောင်းအရာများကို ပြည်သူများသိရှိအောင် ချပြရှင်းလင်းရမည်ဖြစ်ပါကြောင်း၊ အလားတူ ပြည်သူများတွေ့ကြုံနေရသည့် ဥပဒေကြောင်းအရ ပြန်လည်ပြင်ဆင်ပြုပြင်ပေးရမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးဖြေရှင်းပေးရမည်ဖြစ်ပါကြောင်း၊ ယခုဖွဲ့စည်းထားသည့် ကော်မတီများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၌ အစည်းအဝေးများ ပြုလုပ်သည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌လည်း တစ်လလျှင် နှစ်ကြိမ်ခန့် ပြည်သူများနှင့် တွေ့ဆုံနိုင်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိကကဏ္ဍကို အရှိန်အဟုန်ဖြင့် အားပေးမြှင့်တင်ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးကို ကျင့်သုံးသည့်အတွက် စီးပွားရေးကဏ္ဍ အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာရန်အတွက် မျှတသည့် ဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်စေရန်အတွက်လည်း မူဝါဒများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးကြီးသည့် လုပ်ငန်းများမှအပ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို တဖြည်းဖြည်း လျှော့ချပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်ရမည့် စီးပွားရေးအင်အားစုဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါကြောင်း။

နိုင်ငံ့စီးပွားရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းသည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကမောင်းနှင်အားဖြစ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရာ၌ ပုဂ္ဂလိကကဏ္ဍမှာရှိသည့် လုပ်ငန်းရှင်များသာမက ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ အဆိုပါ အခန်းကဏ္ဍမှ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာဈေးကွက် ထိုးဖောက်ယှဉ်ပြိုင်နိုင်ရေးတို့တွင် အဓိက အရေးပါသည်ကိုလည်း တွေ့ရပါကြောင်း။

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်ပါ မဏ္ဍိုင်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများအနေဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ သိသာစွာ တိုးတက်လာပြီး နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်၍ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ကာ နိုင်ငံ့စီးပွားရေးသည်လည်း သိသိသာသာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ လုပ်ငန်းကော်မတီ(၅)ခုတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များက ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခြင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြခြင်း၊ တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခြင်း ဆောင်ရွက်သည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ❒ မောင်တောဒေသမှ

စစ်ဆေးသွားရမည့် အချက်များပါရှိနိုင်ရာ မိမိတို့ညှိနှိုင်းဆွေးနွေးရန်လိုပါကြောင်း စသည်ဖြင့်မှာကြားရှင်းလင်းသည်။

ထို့နောက် ကျင်းပပြီးစီးခဲ့သည့် ကော်မရှင်၏ (၃/၂၀၁၇)အစည်းအဝေးမှတ်တမ်းကို အတည်ပြုပြီး စုံစမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက မိမိတို့ရေးသားလျက်ရှိသည့် ကော်မရှင်အစီရင်ခံစာ၌ အချို့စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးသားရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်စုံစမ်းသင့်သည်များလည်းရှိပါကြောင်း၊ ကော်မရှင်၏အစီရင်ခံစာ၌ အချက်အလက်ပြည့်စုံစွာပါရှိရန် စီစဉ်ထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ရဲချုပ်ဇော်ဝင်းက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) အဖွဲ့၏ အစီရင်ခံစာပါ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များ၏ အကြံပြုတင်ပြချက်များအပေါ် ကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ချောင်းသာအပန်းဖြေကမ်းခြေဖွင့်လှစ်

**ညောင်တုန်း ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၏အနောက်ဘက် ရန်ကင်းစံရွာကျေးရွာ သဘာဝသဲသောင်မြေ (ညောင်ချောင်းသာကမ်းခြေ)ပေါ်တွင် ကရင်ရိုးရာဒုံးယိမ်းအကအဖွဲ့၊ ရိုးရာဆင်အကအဖွဲ့၊ မြန်မာဆိုင်းဝိုင်းကြီးများဖြင့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ချောင်းသာအပန်းဖြေကမ်းခြေဖွင့်ပွဲ အခမ်းအနား ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်းက အဆိုပါကမ်းခြေတွင် စည်ကားစွာ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ အဆိုပါ ညောင်ချောင်းသာအပန်းဖြေကမ်းခြေသည် သဘာဝသဲသောင်ပြန့်ပေါ်ထွန်းလျက်ရှိပြီး အပန်းဖြေသူဧည့်သည်များအား အနားယူအပန်းဖြေနိုင်ရန် ဘန်ဂလိုနှင့် သီးသန့်နားနေဆောင်များ၊ ရေပေါ်ဟိုတယ်နားနေဆောင်နှင့် ဆိုင်ခန်းပေါင်း ၆၀ ကျော်ဖြင့် သက်သောင့်သက်သာကောင်းမွန်စွာ အနားယူနိုင်အောင် စနစ်တကျစီစဉ်ဆောက်လုပ်ပေးထားသည်။ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အခမ်းအနားသို့ တက်ရောက်လာကြသောဧည့်သည်တော်များနှင့် လာရောက်လည်ပတ်ကြသော အပန်းဖြေသူများအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ကာ ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

အဆိုပါညောင်ချောင်းသာကမ်းခြေသည် ရန်ကုန်မြို့မှ ၃၄ မိုင်သာကွာဝေးပြီး အပန်းဖြေလည်ပတ်မည်ဆိုပါက လှိုင်သာယာ(ဒဂုံဧရာ)အဝေးပြေးဂိတ် ရန်ကုန်မြို့မှ တစ်နာရီအချိန်တိုအတွင်း နေ့ချင်းပြန်သွားလာနိုင်ကာ အကုန်အကျနည်းပြီး လာရောက်လည်ပတ်နိုင်သည့် အပန်းဖြေအနားယူစရာနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်း-ဓာတ်ပုံ**
**ထွန်းကျော်(ညောင်တုန်း)**



# ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား စည်ကားစွာကျင်းပရေး ပြင်ဆင်မှုများ ၉၀ ရာခိုင်နှုန်းပြီးစီး

**ပင်လုံ ဖေဖော်ဝါရီ ၈**

ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်းနှင့်အဖွဲ့သည် ပင်လုံမြို့ ပြည်မတောင်တန်းပူးပေါင်းရေးပင်လုံစာချုပ်ကျောက်တိုင်တည်ရှိရာသို့ ရောက်ရှိ၍ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ကို လှည့်လည် စစ်ဆေးပြီး ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့်အဖွဲ့အစည်းများနှင့် ဒေသခံများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်က "ဒီပင်လုံမှာ ပြည်ထောင်စုနေ့ကျင်းပခဲ့တာ သုံးနှစ်ရှိပါပြီ။ ပြည်ထောင်စုနေ့အခမ်းအနားကျင်းပဖို့ အစီအစဉ်တွေကိုတော့ ပြည်နယ်အစိုးရအဖွဲ့က တာဝန်ယူထားပါတယ်။ ပါတီလူငယ်အဖွဲ့ချုပ်က တာဝန်ယူရတဲ့အပိုင်းကတော့ ပွဲကျင်းပဖို့ အစီအစဉ်ဖြစ်ပေါ်လာချိန်က ဒီပင်လုံမြို့ခံ ဦးရဲလှိုင်အဖွဲ့နဲ့တိုင်ပင်ကာ ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းနဲ့ဖေဖော်ဝါရီ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ်အဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းရှိ ကျောင်းသား ကျောင်းသူတို့အတွက် အားကစားပြိုင်ပွဲတွေ၊ နယ်ခံလူငယ်တွေအတွက် ဘိလိယက်ထိုးပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲတွေကို ကျင်းပပါမယ်။ ဖေဖော်ဝါရီ၁၂ ရက် ညပိုင်းမှာတော့ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အောင်ပွဲအဖြစ် မီးပုံးပျံတစ်လုံး လွှတ်တင်ပြီး မီးရှူးမီးပန်းများ ပစ်ဖောက်သွားပါမယ်။



ဖေဖော်ဝါရီ ၁၃ရက် ဗိုလ်ချုပ်မွေးနေ့ ညပိုင်းတွင်လည်း အထိမ်းအမှတ် မီးပုံးပျံလွှတ်တင်သွားမှာဖြစ်ပါတယ်။ ဒီနှစ် အထူးခြားဆုံး ဖျော်ဖြေတင်ဆက်မှုကတော့ တိုင်းရင်းသားရိုးရာပဒေသာအကပဲဖြစ်ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသားကိုယ်တိုင်ဖွဲ့စည်းထားတဲ့ အကအဖွဲ့တို့က လာရောက်ဖျော်ဖြေမှာဖြစ်တဲ့အတွက် ရိုးရာယဉ်ကျေးမှုအကမျိုးစုံကို တစ်နေရာတည်းမှာ ကြည့်ရှုနိုင်မှာပါ"ဟု ရှင်းလင်းပြောကြားသည်။

မကြာမီ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားများကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှာလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မှာဖြစ်သလို ယခု ပင်လုံမြို့၌ကျင်းပမည့် အခမ်းအနားသည် တစ်မူထူးခြားစွာ ကျင်းပမည်ဖြစ်သည်။ ကျင်းပပုံများကို ရုပ်မြင်သံကြားများမှ တိုက်ရိုက်လွှင့်တင်နိုင်ရေးအတွက်ကိုလည်း စီစဉ်နေပြီဟု ကြားသိရပြီး တိုင်းရင်းသားတို့ ရိုးရာအကယဉ်ကျေးမှုစစ်စစ်ကို လေ့လာလိုသူများ၊ မှတ်တမ်းတင်လိုသူများ လာရောက်သင့်ကြောင်း သတင်းစကား တင်ပြလိုက်ပါသည်။

**(အောင်ထွန်း)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့ဝင်များ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်လေ့လာကြည့်ရှုကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် နံနက် ၆ နာရီခွဲမှ စတင်၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် စစ်သမိုင်းပြတိုက်များသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် နေပြည်တော်ဗုဒ္ဓဂယာ၊ ဥပ္ပါတသန္တိစေတီတော်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်၊ ကျောက်မျက်ရတနာပြတိုက်နှင့် Junction Center/Capital Hyper Market များသို့ ဆက်လက်လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့များ၌ ပြည်နယ် ခုနစ်ခုနှင့် တိုင်းဒေသကြီးနှစ်ခုတို့မှ ယဉ်ကျေးမှုအဖွဲ့ဝင် စုစုပေါင်း ၃၂၈ ဦး ပါဝင်ကြောင်းသိရပြီး တိုင်းရင်းသားအချို့၏ ရင်တွင်းစကားသံများကို မျှဝေလိုက်ပါသည်။

**မအရှင်း (ကချင်ပြည်နယ်)**

ဒီလိုမျိုး ပြည်နယ်ကိုယ်စားပြုအနေနဲ့ ပြည်ထောင်စုနေ့အခမ်းအနားကြီးကို တက်ရောက်ရမှာ ဖြစ်တဲ့အတွက် အလွန်ပျော်တယ်။ ဒီတစ်ခါက ပထမဆုံးအကြိမ် လာဖူးတဲ့အပြင် သူငယ်ချင်းတွေလည်း အလွန်များတဲ့အတွက် ဝမ်းလည်းသာတယ်။ ပြီးတော့ အခုလို နေပြည်တော်မှာရှိတဲ့ အထင်ကရနေရာတွေကို လိုက်လံပို့ဆောင်ပေးတဲ့အတွက် ကျေးဇူးလည်းတင်တယ်။ မြစ်ကြီးနားမှာ ဒီလို ထူးထူးဆန်းဆန်းတွေ မရှိတဲ့အတွက် အထူးအဆန်းတွေ အများကြီးတွေ့ရတယ်။ဗဟုသုတလည်း အများကြီးရတယ်။ မြစ်ကြီးနားမှာဆို လည်စရာပတ်စရာတွေ ရှိတော့ရှိပေမယ့် ဒီလောက်ထိ မတိုးတက်သေးဘူးဆိုတော့ လည်ရပတ်ရတာ ပျော်စရာကောင်းသလို ကျေနပ်မိပါတယ်။

**မအေးနှင်းနှင်းစိုး (ရခိုင်ပြည်နယ်)**

ရခိုင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ လာရောက်ရတဲ့အပြင် ဒီလိုမျိုးတိုင်းရင်းသားတွေနဲ့ စုံစုံညီညီ တွေ့ဆုံရတဲ့အတွက် အတိုင်းမသိကို ဝမ်းသာမိတယ်။ ပြီးတော့ အခုလို နေပြည်တော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ လည်ပတ်စရာနေရာတွေကို လိုက်လံပို့ဆောင်ပေးတဲ့အတွက် မမြင်ဖူးတာတွေ မြင်ဖူးရတယ်။ မကြားဖူးတာတွေ ကြားဖူးရတယ်။ ခမ်းနားမှုတွေလည်း အများကြီးတွေ့ရတယ်။

**ကိုလင်းစိုး (ကချင်ပြည်နယ်)**

အခုအချိန်စိတ်ထဲကခံစားချက်ကတော့ ပျော်တာပေါ့။ ကျွန်တော်တို့ အခုတိုင်းရင်းသားပေါင်းစုံနဲ့ ဆုံတွေ့ခွင့်ရတယ်။ တစ်ခါမှမတွေ့ဖူးဘူး။ ကြားဖူးတဲ့ တိုင်းရင်းသားတွေတော့ရှိတယ်။အခု အပြင်မှာလည်း တွေ့ရတယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးတွေ့ဆုံပြောဆိုရတာလည်း ပျော်စရာကောင်းတယ်။ နေပြည်တော်တစ်ခွင် ဒီလိုမျိုး လိုက်လံပို့ဆောင်ပေးတဲ့အတွက် ဗဟုသုတမျိုးစုံရတယ်။ ကျွန်တော့်အတွက်ကတော့ နေပြည်တော်မှာ အားလုံးအသစ်အဆန်းလို ဖြစ်နေပါတယ်။

**မဟင်လာရီအေရမ်နွန်ပါး (ချင်းပြည်နယ်)**

အခုလိုမျိုး ပြည်နယ်ကိုယ်စားပြုလာရောက်ရတဲ့အတွက် အများကြီးကျေနပ်ပါတယ်။ ဘဝမှာ အမှတ်တရတစ်ခုလည်းဖြစ်ပါတယ်။ ပထမဆုံးလာဖူးတာပါ။ ပြီးတော့ နေပြည်တော်မှာရှိတဲ့ တိရစ္ဆာန်ရုံကို လိုက်ပို့ပေးတဲ့အတွက် မမြင်ဖူးတဲ့ တိရစ္ဆာန်တွေလည်း အများကြီး မြင်ရတယ်။ နောက်ပြီး တိုးတက်လာတဲ့ နိုင်ငံတော်ရဲ့ မြို့တော်ကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာတယ်။ တိုင်းရင်းသားပေါင်းစုံနဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရတဲ့အတွက်လည်း မျိုးချစ်စိတ်ဓာတ်ဖြစ်ပေါ်လာခဲ့တယ်။ ကိုယ့်နိုင်ငံမှာ ဒီလိုယဉ်ကျေးသိမ်မွေ့တဲ့ လူမျိုးပေါင်းစုံကို တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း တွေ့ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။

**အောင်ရဲသွင် (သတင်းစဉ်)**




မအရှင်း (ကချင်ပြည်နယ်)



မအေးနှင်းနှင်းစိုး (ရခိုင်ပြည်နယ်)





ကိုလင်းစိုး (ကချင်ပြည်နယ်)



မဟင်လာရီအေရမ်နွန်ပါး (ချင်းပြည်နယ်)

# လှိုင်ကော်ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး တိုးချဲ့အဆောက်အအုံသစ်နှင့် ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်



**ရန်ကုန် ဖေဖော်ဝါရီ ၈**

ဂျပန်နိုင်ငံက အကုန်အကျခံအဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ပေးသည့် ကယားပြည်နယ် လှိုင်ကော်ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အောင်မြင်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဆေးရုံဆိုင်းဘုတ်အားစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဂျပန်သံရုံးမှ Counsellor Mr. Hideaki Matsuo၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်နှင့် JICA(မြန်မာသံရုံး)မှ Senior Representative Mr. Kotaro Nishigata တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က "လှိုင်ကော်ဆေးရုံကြီးအဆင့်မြှင့်တင်ရေးစီမံကိန်းအဖြစ် ဂျိုက်ကာအကူအညီနဲ့ ဆောင်ရွက်ခဲ့တဲ့ ဆေးရုံတိုးချဲ့အဆောက်အအုံသစ်များ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနဲ့ ရေ၊ လျှပ်စစ်မီးရရှိရေးအပါအဝင် လိုအပ်ချက်တွေကို ဆေးရုံအုပ်ကြီးတင်ပြမှုအပေါ် ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ကွင်းဆင်းကြည့်ရှုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့လို့ အခုလို ခေတ်မီဆေးရုံအဆောက်အအုံသစ်ကြီးနဲ့ ဆေးရုံသုံးပစ္စည်းတွေကို ဒေသခံပြည်သူတွေ သုံးစွဲခွင့်ရရှိမှာဖြစ်တဲ့အတွက် တည်ဆောက်ခွင့်ပြုပေးခဲ့သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကူညီထောက်ပံ့ပေးပါသော ဂျပန်နိုင်ငံအစိုးရနဲ့ ဂျိုက်ကာအဖွဲ့၊ တည်ဆောက်ရေးကုမ္ပဏီများနဲ့ အခြားကူညီပံ့ပိုးပေးသူတွေကို ကျေးဇူးအထူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံက တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့စီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့သော အဆိုပါ လှိုင်ကော်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ပေးသည့်စီမံကိန်းကို ၂၀၁၄ ခုနှစ် ဧပြီတွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်မှုရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးနိုင်ပြီဖြစ်၍ ယခုကဲ့သို့ ဝန်ကြီးဌာနသို့ အခမ်းအနားဖြင့် တရားဝင် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံအနေဖြင့် ယင်းလှိုင်ကော်ပြည်သူ့ဆေးရုံကြီးကို ဂျပန်ယန်းငွေ ၁၉၄၅ သန်း အကုန်အကျခံ ကူညီထောက်ပံ့ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကာလအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းအထိ လျာထားသတ်မှတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ လျာထားသတ်မှတ်ကာလအတွင်း ဆေးရုံပင်မအဆောက်အအုံအသစ်(အရှေ့ဘက်)နှင့် ပင်မအဆောက်အအုံ (အနောက်ဘက်)တွဲလျက်အဆောင်တို့ကို သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံများအဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အရှေ့ဘက်ခြမ်းရှိ ပင်မအဆောက်အအုံသစ်တွင် ပြင်ပလူနာဌာန(အထွေထွေရောဂါကုဆေးပညာ၊ ခွဲစိတ်၊ မျက်စိ၊ စိတ်၊ ကင်ဆာ၊ သွား)၊ အရေးပေါ်ဌာန၊ ပုံရိပ်ဖော်ဌာန၊ ရောဂါဗေဒဌာန၊ ခွဲစိတ်ဌာန၊ ခွဲစိတ်ခန်းမ စသည်ဖြင့် ဌာနအလိုက်ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပင်မအဆောက်အအုံ(အနောက်ဘက်ခြမ်း)တွင် သားဖွားနှင့်မီးယပ်ဌာန၊ ရှုပဗေဒဆေးကုဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းဌာနနှင့် အထွေထွေရောဂါကုဌာန စသည်ဖြင့် ခွဲခြားကုသပေးလျက်ရှိကြောင်း သိရသည်။ ယခု အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ပေးခဲ့သော လှိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် အသုံးအဆောင်ပစ္စည်းများအဖြစ် လျှပ်စစ်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့် ပစ္စည်းကိရိယာများ၊ မီးစက်များ၊ မိုးကြိုးလွှဲစနစ်၊ မီးသတိပေးစနစ်၊ ICT ဆိုင်ရာပစ္စည်းများ၊ လေအေးပေးစက်များ၊ ရေပိုက်လိုင်းစနစ်၊ ဆေးဘက်ဆိုင်ရာဓာတ်ငွေ့စနစ်၊ ခုတင်၊ ပစ္စည်းသိမ်းဗီရို၊ စားပွဲခုံ၊ လျှပ်စစ်မီးစသည်တို့အပြင် ဆေးရုံအတွက် လိုအပ်သော အဓိကပစ္စည်းကိရိယာများဖြစ်သည့် လူနာတင်ယာဉ်များ၊ မေ့ဆေးပေးစက်များ၊ သွေးစစ်ကိရိယာများ၊ အဆင့်မြင့်ခွဲစိတ်ကိရိယာပစ္စည်းအစုံများ၊ မွေးကင်းစကလေးအနွေးပေးစက်၊ ခွဲစိတ်ခန်းသုံးအဏုကြည့်မှန်ပြောင်း၊ အောက်ဆီဂျင်အားဖြည့်ကိရိယာ၊ လူနာစောင့်ကြည့်ပြသပေးသည့် စက်ကိရိယာ၊ အီးစီဂျီ၊ အသက်ရှူစက်နှင့် အဆင့်မြင့်ဓာတ်မှန်ရိုက်စက် စသည်တို့ကို ခေတ်နှင့်လျော်ညီစွာ အသုံးပြုနိုင်ရန် ကူညီထောက်ပံ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ခုတင်(၅၀၀) ဆံ့ လှိုင်ကော်ပြည်သူ့ဆေးရုံကြီးအဆင့်မြှင့်တင်မွမ်းမံတည်ဆောက်မှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး Toda Corporation က တာဝန်ယူတည်ဆောက်ကာ Mitsubishi Corporation က လိုအပ်သောပစ္စည်းများကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ နဝမအကြိမ်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ နဝမအကြိမ်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပသည်။

"ဒီနေ့ကတော့ လုပ်ထုံးလုပ်နည်း (SOP) တွေကို ဆွေးနွေးဖြစ်ပါတယ်။ JMC ရဲ့ လုပ်ငန်းလမ်းညွှန် (TOR) မှာ အရပ်သားစောင့်ကြည့်ရေးကိစ္စရပ်တွေအပြင် လုံခြုံရေးဘယ်လိုလုပ်မလဲဆိုတဲ့ ကိစ္စတွေကို ဆွေးနွေးတယ်။ ပြီးတော့ ကျွန်တော်တို့ရေးဆွဲခဲ့တဲ့ လုပ်ငန်းလမ်းညွှန်နဲ့ ပတ်သက်ပြီး ရှေ့မှာ CSO တွေရဲ့ အခန်းကဏ္ဍက ဘယ်လိုရှိမလဲဆိုတဲ့ကိစ္စရပ်တွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကျန်တာတွေကိုတော့ မနက်ဖြန်မှာ ထပ်ပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု JMC အလုပ်အဖွဲ့ အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦးက ယနေ့ ဆွေးနွေးမှုနှင့်ပတ်သက်၍ မီဒီယာများအား ပြောသည်။

ဆက်လက်၍ "JMC ရဲ့ သဘောသဘာဝက ပဋိပက္ခဖြစ်တဲ့သူတွေကိုယ်တိုင်ပါပြီးတော့ လုပ်တဲ့ဟာဆိုတော့ အလုပ်လုပ်တဲ့အခါမှာ ဘက်လိုက်မှု နည်းနိုင်သမျှနည်းအောင်ဆိုလို့ရှိရင် အလုပ်မလုပ်ခင် အချိန်ကတည်းက အလုပ်လုပ်ရင် ဘယ်လိုလုပ်မလဲဆိုတဲ့ လုပ်ထုံးလုပ်နည်းတွေကို အရင်ရေးဆွဲရပါတယ်။ ဥပမာ တိုက်ပွဲဖြစ်ရင် ဘယ်လိုလုပ်မလဲ။ စိစစ်အတည်ပြုရေးလုပ်ရင် ဘယ်လိုလုပ်မလဲ ဒါတွေကို အရင်ရေးဆွဲရပါတယ်။ အဓိကကတော့ တိုက်ပွဲဖြစ်ရင် ဘက်လိုက်မှုတွေ နည်းနိုင်သမျှနည်းအောင် လုပ်ထုံးလုပ်နည်းတွေကို အခြေခံပြီးတော့ လုပ်တဲ့နည်းစနစ်ကို သုံးတာဖြစ်တဲ့အတွက်ကြောင့် လုပ်ထုံးလုပ်နည်းပေါင်း ၄၅ ခုလောက်ရေးရပါမယ်။ အခုတော့ ၁၀ ခုကို အတည်ပြုပြီးဖြစ်ပါတယ်။ ကျန်တာတွေကို အတည်ပြုနိုင်အောင် ဆက်လက်ပြီးတော့ ကြိုးစားဆဲပဲဖြစ်ပါတယ်"ဟု ပြောသည်။

(JMC-U) ၏ နဝမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်မှစတင်ကာ ကျင်းပလျက်ရှိပြီး အစည်းအဝေး ပထမနေ့တွင် နှစ်ဖက်တပ်များနှင့်



ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း (SOP) နှင့် JMC အတွက် လိုအပ်သည့် ဘတ်ဂျက်အကြောင်းများကို လည်းကောင်း၊ ဒုတိယနေ့တွင် လုပ်ထုံးလုပ်နည်း (SOP) နှင့်ပတ်သက်သော ဒေသဆိုင်ရာ ပူးတွဲစောင့်ကြည့်သူများ၏ လုပ်ငန်းလမ်းညွှန် (TOR)များနှင့် ဆက်စပ်သည့် မူကြမ်းကိစ္စများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ရုံးများ၏ အုပ်ချုပ်မှုဆိုင်ရာရုံးလုပ်ထုံးလုပ်နည်းများနှင့် ဝန်ထမ်းကိစ္စရပ်များအပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) ၏ လမ်းညွှန်ချက်အတိုင်း ရေးဆွဲထားသော JMC-U ဘတ်ဂျက်ကိစ္စများကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(JMC-U) ၏ နဝမအကြိမ် အစည်းအဝေးကို မူလက ဖေဖော်ဝါရီ ၆ ရက်မှစတင်ကာ သုံးရက်ကြာ ကျင်းပရန် လျာထားခဲ့သော်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဆိုင်ရာ လုပ်ငန်းလမ်းညွှန် (TOR) မှာ များသည့်အတွက်ကြောင့် အစည်းအဝေးကျင်းပမှုကို တစ်ရက်တိုးကာ ဖေဖော်ဝါရီ ၉ ရက်အထိ ဆက်လက်ကျင်းပဆွေးနွေးသွားမည်ဖြစ်သည်။

ယင်းနေ့တွင် နော်ဝေနိုင်ငံ၏ စီစဉ်မှုဖြင့် JMC အဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လေ့လာမည့် ကိစ္စရပ်များအား ဆွေးနွေးခြင်း၊ နော်ဝေပြည်သူများထောက်ပံ့ရေးအဖွဲ့ (NPA)၏ အစီအစဉ်ဖြင့် မိုင်းရှင်းလင်းရေးသင်တန်းပြုလုပ်မည့် ကိစ္စဆွေးနွေးခြင်း၊ နှစ်ဖက်တပ်များအကြား နယ်မြေသတ်မှတ်မှုနှင့် မိုင်းရှင်းလင်းမည့် ကိစ္စရပ်များအား ဆွေးနွေးခြင်းတို့အပြင် ကျန်ရှိနေသည့် အချက်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ JMC-U ဒုတိယဥက္ကဋ္ဌများ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U အတွင်းရေးမှူးများ၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ဆွေးနွေးကြပြီး အစည်းအဝေးနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် JMC-U အတွင်းရေးမှူးများက သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး (ပဏီတ)၊ဓာတ်ပုံ-ဖေဖော်**

# ကျိုက်ထီးရိုးတောင်ပေါ်တွင် ချယ်ရီပင်စိုက်ပျိုးရန် ညှိနှိုင်းစည်းဝေး

**ကျိုက်ထို ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ တည်ရှိသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ချယ်ရီပင်များ စိုက်ပျိုးနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီတွင် ကျိုက်ထိုမြို့ ကင်မွန်းချောင်းကျေးရွာ ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က စေတီတော်ပတ်ဝန်းကျင်စိမ်းလန်းသာယာလှပရေးအတွက် ချယ်ရီပင်များကို စုပေါင်းစိုက်ပျိုးနိုင်ရန် ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ပြီး ဘုရားဖူးပြည်သူများ ခရီးတစ်ထောက်နားခိုသည့် ရသေ့တောင်ပတ်ဝန်းကျင်၊ ကျိုက်ထီးရိုးရင်ပြင်တော်နှင့် မုဆိုးတောင်လမ်းတစ်လျှောက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် သစ်တောဦးစီးအရာရှိ ဦးနေမျိုးထွန်းက ပျိုးပင်များ ဝယ်ယူရရှိနိုင်သည့် နေရာနှင့် ကုန်ကျစရိတ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်ပျိုးပင်များ ဝယ်ယူရရှိရန် ကျိုက်ထီးရိုးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ပျိုးပင် ၁၀၀၊ ပထမရိုးရိုးလေးကုမ္ပဏီမှ ပျိုးပင် ၁၅၀၊ ကျိုက်ထီးရိုး ဈေးသူဈေးသားများက ပျိုးပင် ၁၀၀ ဝယ်ယူစိုက်ပျိုးသွားမည်ဖြစ်ပြီး လိုအပ်သည့်ပျိုးပင်များနှင့် သယ်ယူပို့ဆောင်ရေးကိစ္စများကို တောင်တက်မော်တော်ယာဉ်အသင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသီးသီးဆွေးနွေးပြောကြားခဲ့သည်။ **ဝင်းမောင်(ကျိုက်ထို)**



# နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များအတွက် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရုံးအမှတ် (၂၆) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်စေရေးအတွက် AD လိုင်စင်ရဘဏ်များအပါအဝင် နိုင်ငံခြားငွေလက်ဝယ်ကိုင်ဆောင်ခွင့်ရှိသူများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ဘဏ်များအနေဖြင့် နေ့စဉ်နိုင်ငံခြားငွေဝယ်ယူခြင်း၊ ရောင်းချခြင်းများနှင့် ဝယ်၊ ရောင်းသည့်ဈေးနှုန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ နေ့စဉ်စာရင်းပေးပို့ရာတွင် မှန်ကန်စွာပြုစုပေးပို့ရေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ် Monitor လုပ်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများပြုလုပ်ရေး၊ လိုက်နာဆောင်ရွက်မှုအားနည်းသောဘဏ်များကို သတိပေးခြင်း၊ ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများ တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်သွားရေး၊ ပြည်တွင်းဘဏ်များအချင်းချင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်ကန်သောနည်းလမ်းဖြင့်ယှဉ်ပြိုင်စေခြင်းဖြင့် ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြားဘဏ်များကိုလည်း ပြည်တွင်းဘဏ်လုပ်ငန်းကဏ္ဍတွင် တစ်ဆင့်ပြီးတစ်ဆင့်ပါဝင်ခွင့်ပြုရေး ဆက်လက်သုံးသပ်ဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပ Mobile Payment ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဘဏ်ကွန်ရက်ကျယ်ပြန့်သော မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် Mobile Payment ဖြင့် ငွေထုတ်၊ ငွေသွင်းခြင်းကိစ္စများကို လက်ခံဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာများနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ညှိနှိုင်းဆောင်ရွက်ရေး၊ Krung Thai Bank နှင့် မြန်မာ့စီးပွားရေးဘဏ်တို့ Money Transfer Agreement ဆောင်ရွက်နိုင်ခြင်းသည် ကောင်းမွန်ပြီး ၎င်းကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ ကာကွယ်ထိန်းချုပ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေး စည်းဝေး



**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကူးစက်ရောဂါအသစ်များ၊ ပြန်လည်ခေါင်းထောင်လာသော ကူးစက်မြန်ရောဂါများအပါအဝင် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများအား ကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ နီးနွယ်ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများပါဝင်သော ပူးတွဲပြင်ပလေ့လာဆန်းစစ်ခြင်း (Joint External Evaluation-JEE) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ကူးစက်မြန်ရောဂါများကြောင့် လူမှုရေး၊ စီးပွားရေး၊ ခရီးသွားလာရေးတို့ကို ဆိုးရွားစွာအကျိုးသက်ရောက်စေပါကြောင်း၊ ယခုအခါ ကူးစက်ရောဂါအသစ်များ၊ ပြန်လည်ခေါင်းထောင်လာသော ကူးစက်မြန်ရောဂါများဖြစ်ပွားမှုများ လျင်မြန်စွာဖြစ်ပွားလာလျက်ရှိပြီး ယခင်က မဖြစ်ပွားဖူးသည့် ကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့အတွက် အကြောင်းကြားမှု၊ သတင်းပေးပို့မှုကြန့်ကြာခြင်းတို့ကြောင့် မကုန်ကျသင့်သည့် ကုန်ကျမှုများ ရှိနေပါကြောင်း။

ယခုကဲ့သို့ JEE လုပ်ငန်းစဉ်များဆောင်ရွက်ခြင်းအတွက် ငွေကြေးအကုန်အကျရှိမည်ဖြစ်သော်လည်း ကူးစက်ရောဂါများဖြစ်ပွားလာပါက ယခုကုန်ကျငွေ၏ အဆရာနှင့်ချီ၍ ပိုမိုကုန်ကျမည်ဖြစ်ကာ ပြည်သူများ၏ အသက်ဆုံးရှုံးမှုများပါ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း။

ကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့ကို မိမိတို့ဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ JEE ဆောင်ရွက်ရာတွင် နီးနွယ်ဌာနများမှ ကျွမ်းကျင်သူများကို တိတိကျကျတာဝန်ပေးကာ သတ်မှတ်ပေးစေလိုပါကြောင်း၊ ယခုလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ ကုသရေးဦးစီးမှူးများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.Stephen Jost က ကမ္ဘာ့နိုင်ငံအချို့၌ JEE ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က JEE ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက JEE လုပ်ငန်းစဉ်များဖွံ့စည်းနိုင်ရေး ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

JEE လုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅)ပါ လုပ်ငန်းစဉ်(၇)ရပ်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံစိတ်ချမှုအစီအစဉ်ပါ လုပ်ငန်းစဉ်(၁၁)ရပ်တို့အား လေ့လာဆန်းစစ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်တွင်းလေ့လာဆန်းစစ်ရေး အဖွဲ့ငယ်များမှ မတ်လအတွင်း၌လည်းကောင်း၊ ပြည်ပလေ့လာဆန်းစစ်ရေးအဖွဲ့ငယ်များမှ ဧပြီလနှင့် မေလအတွင်း၌လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး တွေ့ရှိချက်များအပေါ်မူတည်ကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် (၅)နှစ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၁ | မြတ်လေးမောင်၊ မိုးခါးရေ | ကြယ်ရိုင်းတေး(ခံစားမှုအက်ဆေးများ) | ၂၀၀၀ိ/-ဝါးလည်စာ |
| ၂ | တော်ကောင်းမင်း | ခေါင်းဆောင်မှုစိတ်ကူးကောင်း၁၀၀ | ၃၅၀၀ိ/-the bookhouse |
| ၃ | မြတ်ငြိမ်း | ခေါင်းဆောင်ကောင်းဆိုတာ | ၃၀၀၀ိ/-the bookhouse |
| ၄ | the key collection | ဂျိန်းဂူးဒေါလ် | ၁၅၀၀ိ/- the key collection |
| ၅ | the key collection | အန်းဖရန်းခ် | ၁၅၀၀ိ/-the key collection |
| ၆ | the key collection | ဂျာ့ဂ်ကော့စတျူး | ၁၅၀၀ိ/- the key collection |
| ၇ | the key collection | စစ်ထိတင်းဘူးလ် | ၁၅၀၀ိ/- the key collection |
| ၈ | | Text Types 2 For Primary Schools | ၁၅၀၀ိ/-The Popular Link |
| ၉ | | Text Types 1 For Primary Schools | ၁၅၀၀ိ/-The Popular Link |
| ၁၀ | ကြည်အေး | ကြည်အေးကဗျာ ကြည်အေးစာ | ၃၀၀၀ိ/-ကံ့ကော်ဝတ်ရည်စာပေ |
| ၁၁ | သူရနီ | ဖရိုက်ဒ်ကော်ဖီနှင့်လက်ဆောင်မုန့်များ | ၁၅၀၀ိ/-ချန့်ချန်စာပေ |
| ၁၂ | ကိုရှုပ(ပဲခူး) | ပြည့်တန်ဆာအမျိုးသမီးထက် စိတ်ဓာတ် ပိုဆိုးနေကြပြီလားနှင့်အခြားဆောင်းပါးများ | ၂၀၀၀ိ/-ချန့်ချန်စာပေ |
| ၁၃ | ဆောင်းဝေ(နတ်မောက်) | လွတ်လပ်ခွင့်တန်ဖိုး | ၁၅၀၀ိ/-ချန့်ချန်စာပေ |
| ၁၄ | မေသွန်းခေတ် | ငွေမင်းကောက်ကြောင်း(ရသလုံးချင်းဝတ္ထု) | ၂၀၀၀ိ/-ချန့်ချန်စာပေ |
| ၁၅ | ဒေါက်တာခင်မောင်ညို | ဦးနှောက်အတွက်အာဟာရ နှလုံးသားအာဟာရ | ၁၅၀၀ိ/-ဂလိုဘယ်အလင်းစာပေ |
| ၁၆ | မင်းသူအောင် | လမ်းဆုံလမ်းခွသို့ရောက်နေသည့် သံဃအဖွဲ့အစည်း | ၂၀၀၀ိ/-ဇွန်ပွင့် |
| ၁၇ | အန်တီမီးမီး | စားဖို့ပြင်ဆင်ဟင်းအစုံအလင် | ၁၅၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၁၈ | မောင်ထွန်းသူ | စာရေးသူနှင့်စာရေးခြင်း | ၁၂၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၁၉ | ခင်နှင်းယု | မောင်မျိုးမင်းနိုးထလာခြင်း | ၂၀၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၀ | ဗန်းမော်တင်အောင် | ဝတ္ထုတိုပေါင်းချုပ် -၃ | ၃၃၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၁ | မလိခ | မြန်မာဝတ္ထုအညွှန်းပေါင်းချုပ် | ၁၂၀၀၀ိ/-စိတ်ကူချိုချိုစာပေ |
| ၂၂ | ကပ္ပတိန်ဝန (ခြေလျင်အရာရှိဟောင်းတစ်ဦး) | အသက်နှင်း၍ | ၂၀၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၃ | မောင်ညိုမှိုင်း(သန်လျင်) | အသုဘခေါင်းအုံးအပါအဝင် ဂမ္ဘီရဝတ္ထုတိုများ | ၁၈၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၄ | တူးတူးသာ | ပန်းနှစ်ပွင့်ပုံပြင် | ၂၀၀၀ိ/-စိန်မိုးယံစာပေ |
| ၂၅ | ထွဋ်ဝင်းထွဋ် | ပျော်စရာကလေးကမ္ဘာကို ဖန်တီးပေးခဲ့သောဝေါ်ထ်ဒစ္စနေ | ၁၀၀၀ိ/-စိန်မိုးယံစာပေ |
| ၂၆ | ထွဋ်ဝင်းထွဋ် | ဆန်းသစ်သောပန်းချီကားများကို ဖန်တီးခဲ့သောပါဗလိုပီကာဆို | ၁၀၀၀ိ/-စိန်မိုးယံစာပေ |
| ၂၇ | ထွဋ်ဝင်းထွဋ် | ရတနာသေတ္တာနဲ့လွဲခဲ့သောပင်လယ်ဓားပြ | ၁၀၀၀ိ/-စိန်မိုးယံစာပေ |
| ၂၈ | ထွဋ်ဝင်းထွဋ် | ဘဝကိုအရှုံးမပေးခဲ့တဲ့ ဟယ်လင်ကဲလား | ၁၀၀၀ိ/-စိန်းမိုးယံစာပေ |
| ၂၉ | ထွဋ်ဝင်းထွဋ် | နင်ဂျာများရဲ့ ည | ၁၀၀၀ိ/-စိန်မိုးယံစာပေ |
| ၃၀ | ဒေါက်တာကျော်ကျော် (အရေပြားအထူးကုဆရာဝန်ကြီး) | လှပရေးရာသုတအဖြာဖြာ | ၂၀၀၀ိ/-ဆန်းစသော်တာစာပေ |
| ၃၁ | ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ | မဟာဗောဓိဓမ္မအမေးအဖြေ | ၅၀၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၃၂ | မင်းသူအောင် | လမ်းဆုံလမ်းခွသို့ရောက်နေသည့် သံဃအဖွဲ့အစည်း | ၂၀၀၀ိ/-ဇွန်ပွင့်စာပေ |
| ၃၃ | ဒေါက်တာအရှင်အာစာရ | သိမ်မွေ့သောလမ်း | ၃၀၀၀ိ/-ဇွန်ပွင့်စာပေ |
| ၃၄ | သစ္စာနီ | သန္တရသလွင်ပြင်နှင့်ဗုဒ္ဓဝင်မှတ်တမ်း | ၂၀၀၀ိ/-ဇွန်ပွင့်စာပေ |
| ၃၅ | ကျော်လင်းဆွေ | ဂျက်စီအိုဝင် | ၁၅၀၀ိ/-မူဝံစာပေ |
| ၃၆ | စိန်ဝင်းစိန် | အင်းဒီဝါးဟိုး | ၁၅၀၀ိ/-မူဝံစာပေ |
| ၃၇ | ကောင်းသာ | ပျော်ရွှင်လှပ မိသားစုဘဝ | ၃၀၀၀ိ/-ပင်ဝါးရုံစာပေ |
| ၃၈ | ဓမ္မာစရိယဦးမောင်မောင်လေး | ပိဋကတ်အနှစ်ချုပ်ဒီဃနိကာယ် | ၇၅၀၀ိ/-ပါရမီစာပေ |
| ၃၉ | ဓမ္မာစရိယဦးအောင်ကျော်မိုး | ခန္တီးတောင်တန်းသာသနာပြုဆရာတော် အရှင်ဂန္ဓသာရ၏ပြည်တွင်းပြည်ပ သိကြားစမဘွဲ့တံဆိပ်တော်ရဘုရားများသို့ ဗုဒ္ဓပူဇနိယအဓိဋ္ဌာန်ခရီး | ၂၅၀၀ိ/-မဇ္ဈိမစာပေ |
| ၄၀ | ဦးအောင်ခိုင်မြင့်နှင့် အယ်ဒီတာအဖွဲ့ | လူကြီး၊လူငယ်မရွေးဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေမည့်အထွေထွေဗဟုသုတဉာဏ်စမ်းများ | ၁၅၀၀ိ/-မဇ္ဈိမစာပေ |
| ၄၁ | | စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ | ၂၅၀၀ိ/-မိုးကျော်စာပေ |

**(ဆက်လက်ဖော်ပြပါမည်)**

# အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　ဖေဖော်ဝါရီ　၈

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်က ခမောက်ပါတီ NDF ဥက္ကဋ္ဌ ဦးခင်မောင်ဆွေဖြစ်ပါတယ်။ ကျွန်တော်တို့ NDF ပါတီဟာ နိုင်ငံနဲ့ ပြည်သူအကျိုးအတွက်ဖြစ်တယ်လို့ ခံယူထားပါတယ်။ နောက်ပြီး အစိုးရနဲ့ပြည်သူအကြားမှာ ပေါင်းကူးတံတား သဖွယ်လည်းဖြစ်ရပါမယ်။ ဒါကြောင့် ပြည်သူ့ကိစ္စအဝဝမှာ ပြည်သူတွေဘက်က ရပ်တည်ဆောင်ရွက်ဖို့ ဘယ်တော့မှ နောက်တွန့်နေမှာမဟုတ်ပါဘူး။ ဘယ်အစိုးရတွေပဲတက်တက် ပြည်သူ့အတွက် လွှတ်တော်နိုင်ငံရေးမှာရော၊ လူထုနိုင်ငံရေးမှာပါ ဝိုင်းဝန်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံကို ဘယ်သူတွေပဲ အုပ်ချုပ်အုပ်ချုပ် NDF ဟာ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နဲ့ ပြည်သူ့ဘက်ကရပ်တည်တဲ့ အတိုက်အခံပါတီအဖြစ် ဆောင်ရွက်သွားမယ်ဆိုတာ ဒီနေရာကနေ အတိအလင်းပြောကြားလိုပါတယ်။

အခုကာလဟာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးကာလဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသစ် တည်ဆောက်တဲ့နေရာမှာ လူထုအားကို အများကြီးလိုပါတယ်။ အမျိုးသားညီညွတ်ရေးနဲ့ ဝိုင်းဝန်းတည်ဆောက်နိုင်ပါမှ နိုင်ငံရဲ့ရှေ့ခရီးဟာ ဖြောင့်ဖြူးနိုင်ပါလိမ့်မယ်။

ဒါကြောင့် လူထုအားကို အများကြီးလိုပါတယ်။

ဘာကြောင့်လဲ၊ ပြည်သူတွေမပါဘဲ ဒီမိုကရေစီအောင်ပွဲကို မရနိုင်လို့ဖြစ်ပါတယ်။ ဒီမိုကရေစီမှာ အမြင်ကွဲလွဲမှုတွေကို လက်ခံရမှာပါပဲ။ ဒါပေမယ့် အဲဒီအမြင်ကွဲလွဲမှုတွေရှိနေလျက်ကပဲ ညီညွတ်မှုကိုရှာဖွေရပါမယ်။ ရှာဖွေနိုင်ရင် နိုင်ငံရေးအနုပညာမြောက်ပြီး ဒီမိုကရေစီလှေ့ဘောင်ကို ရောက်နိုင်ပါလိမ့်မယ်။ ဒါမှမဟုတ်ဘဲ နိုင်ငံနဲ့ပြည်သူအတွက် အကျိုးမရှိတဲ့အမြင်တွေကို ကိုင်စွဲပြီး ကွဲလွဲခွင့်ရှိရမယ်လို့ တောင်းဆိုနေရင်တော့ ဒီမိုကရေစီ ထူထောင်ရေးဟာ ဗုန်းဗုန်းလဲပြိုကွဲသွားမှာပဲ။ ဒါကြောင့် ကျွန်တော်တို့လူထုအားကို အများကြီးလိုပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးဟာ ခေတ်အဆက်ဆက်မှာ စိုက်ပျိုးစီးပွားအခြေခံပဲ။ ဒါပေမယ့် ခေတ်အဆက်ဆက်မှာ တောင်သူတွေ လယ်လုပ်ရင်း ငတ်နေကြတယ်။ လယ်သိမ်းခံရလို့ တချို့ဆိုရင် လုပ်စရာ လယ်မရှိတော့ဘူး။ ဘယ်သူတွေပဲ အုပ်ချုပ်အုပ်ချုပ် သက်ဦးဆံပိုင်ဘုရင်ခေတ်ကနေ ဒီကနေ့အထိ လယ်သမားဟာ ခေါင်းပုံဖြတ်ခံနေရဆဲပဲ။ လွတ်လပ်ရေးခေတ်မှာ ဆန်စပါးဝယ်ယူရေးဘုတ်အဖွဲ့က လယ်သမားဆီက ဈေးသတ်မှတ်ဝယ်ယူတယ်။ ပြီးရင် နိုင်ငံခြားတင်ပို့တယ်။ ဆိုရှယ်လစ်ခေတ်မှာ အစိုးရက လယ်သမားဆီက စပါးကို အောက်ဈေးနဲ့ဝယ်တယ်။ ပြီးရင် နိုင်ငံခြားပို့တယ်။ ခုရောဘာထူးလဲ။ တလင်းပေါက်ဈေးကို နှိမ်ဝယ်၊ ပြီးရင် နိုင်ငံခြားကို အမြတ်တင်ပြန်ရောင်းတာပဲ။ အဲဒီတော့ လယ်သမားဘဝက ခေတ်တွေဘယ်လောက်ပြောင်းပြောင်း ဒုံရင်းဒုံရင်းပဲ။ ခု ရာသီဥတုက မမှန်၊ ရေကကြီး၊ သွင်းအားစုတွေက ဈေးမြင့်၊ လုပ်သားကရှား၊ ထွက်လာတဲ့စပါးကဈေးကျနဲ့ နောက်ဆုံးမှာ ဒုံရင်းဟာဒုံရင်းပဲ ဖြစ်နေတယ်။ ဒါတွေကို အစိုးရအဆက်ဆက် မျက်ကွယ်ပြုခဲ့ကြတယ်။

အခု ပြည်သူတွေတင်တဲ့ အစိုးရခေတ်ကိုရောက်ပြီ။ လယ်သိမ်းယာသိမ်းခံရတဲ့ လယ်သမားတွေ လယ်ပြန်ရကြပြီလား။ မရသေးပါဘူး။ အပြောင်းအလဲကို ရောက်ဖို့ဆိုရင် လယ်ယာမြေပြဿနာကို ပထမဦးဆုံး ကိုင်တွယ်မှဖြစ်မယ်လို့ အစိုးရကို တိုက်တွန်းချင်ပါတယ်။ ကျွန်တော်တို့ပါတီက လွှတ်တော်ထဲမှာ လယ်ယာမြေသန်းခေါင်စာရင်းကောက်ဖို့ တင်ခဲ့တယ်။ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်သိမ်းရေးဥပဒေနဲ့ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးဥပဒေတွေကိုပြဋ္ဌာန်းပြီး လုပ်ဆောင်သလိုမျိုး နိုင်ငံတော်က မြေသိမ်းပြီး လယ်ယာမြေဝေခြမ်းရေးလုပ်ပေးဖို့တင်ခဲ့တယ်။ ဒါပေမယ့် လွှတ်တော်တွေက မလုပ်နိုင်ခဲ့ကြဘူး။ ခုကျွန်တော်တို့ NDF ပြည်သူ့ရှေ့ပြန်ရောက်လာပြီ။ ဒါကြောင့် လယ်သမားတွေရဲ့လယ်ပိုင်ခွင့်အလုပ်ကို ကျွန်တော်တို့ မုချလုပ်မယ်ဆိုတာ ဒီနေရာကနေ ရဲရဲကြီးကတိပေးလိုက်မယ်။ ယုံကြည်လိုက်ပါ။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

တောင်သူလယ်သမားနဲ့ဆိုင်တာတွေကို ပြောပြီးတဲ့နောက် အလုပ်သမားအရေးကို ဆက်ပြောချင်တယ်။ မြန်မာနိုင်ငံမှာ စက်ရုံလုပ်သားသန်းချီရှိတယ်။ သူတို့တစ်တွေမှာရော လုပ်ခလစာနဲ့ လုပ်ငန်းခွင်စေခိုင်းမှု၊ လုပ်ခလစာနဲ့ ကုန်ဈေးနှုန်းမျှတမှု၊ နေ့စဉ်ဘဝလုံခြုံမှုနဲ့ လူမှုဖူလုံမှုရှိကြရဲ့လားဆိုတာ မေးခွန်းထုတ်စရာဖြစ်နေတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ဟာ အလုပ်ဖြစ်စရာရှိတယ်လို့ စီးပွားရေးအသိုင်းအဝိုင်းက ပြောတာပဲ။ ဒါပေမယ့် ခုထိတော့ ရင်းနှီးမြှုပ်နှံမှုတွေ လောက်လောက်လားလားရောက်လာတာ မတွေ့ရသေးဘူး။ အဲဒီတော့ အလုပ်ရှင်ဘက်မှာ အကျပ်အတည်းရှိသလို အလုပ်သမားဘက်မှာလည်း လှော်ရင်းနစ်နေတဲ့ကိန်းဆိုက်နေတယ်။ စက်မှုဇုန်တွေ တိုးချဲ့လာမှုကြောင့် အလုပ်သမားအင်အား တဖြည်းဖြည်းနဲ့များလာခဲ့တယ်။ မြန်မာ့အလုပ်သမားသမိုင်းမှာ လုပ်သားအင်အားအကြီးမားဆုံးကာလလို့ သတ်မှတ်နိုင်တဲ့ခေတ်ပဲ။ လုပ်ငန်းခွင် တရားမမျှတမှုတွေကလည်း ပိုဆိုးလာတယ်။ မတရားမှုတွေကို မခံနိုင်ကြတဲ့အဆုံး အလုပ်သမားသပိတ်တွေ ပေါ်လာရတာပဲ။ ဒါတွေဟာ အရင်အစိုးရခေတ်ကနေ ခုအစိုးရခေတ်အထိပဲ။ သဘောက အစိုးရအဆက်ဆက် အလုပ်သမားပြဿနာကို ပြေလည်အောင်ဖြေရှင်းမပေးနိုင်ခဲ့ကြဘူး။

ဒါကြောင့် အလုပ်သမားတွေရဲ့ဘဝ ဖူလုံမှုမရှိတာတွေ၊ လုပ်ငန်းခွင်နစ်နာမှုတွေမရှိဖို့ ယခင်အုပ်ချုပ်ရေးခေတ် အဆက်ဆက်က လုပ်မှားကိုင်မှားတွေကိုဖော်ထုတ်ပြီး ပွင့်လင်းမြင်သာတဲ့ အနေအထားကိုရောက်အောင် တာဝန်ရှိအစိုးရနဲ့ လွှတ်တော်တွေက ဆောင်ကြဉ်းပေးဖို့ အရေးတကြီး လိုနေပြီဖြစ်ကြောင်း တောင်းဆိုပြောကြားလိုက်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့တစ်တွေဟာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံသစ်၊ တည်ဆောက်နိုင်ဖို့ ငြိမ်းချမ်းရေးခရီးကို လျှောက်ကြရဦးမှာဖြစ်ပါတယ်။ အဲဒီလို ဖက်ဒရယ်နိုင်ငံသစ်တည်ဆောက်နိုင်ရေးရဲ့အဖြေကတော့ အမျိုးသားညီညွတ်ရေးကို ရှာဖွေတွေ့ရှိနိုင်မှုအပေါ် မူတည်နေတယ်လို့ ပြောချင်ပါတယ်။

ဒါကြောင့် NDF ခမောက်ပါတီဟာ

-အမျိုးသားညီညွတ်ရေးရရှိရေး၊

-ပြည်သူများရဲ့စားဝတ်နေရေးပြေလည်ရေးနဲ့

-အမျိုးသားအကျိုးစီးပွားနဲ့ အမျိုးသားလုံခြုံရေးအတွက် အာမခံချက်ရှိရေး စတာတွေမှာ ပြည်သူနဲ့အတူ ကြံ့ကြံ့ခံရပ်တည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ပထမအကြိမ် လွှတ်တော်မှာ ခမောက်ပါတီကိုယ်စားလှယ်တွေရဲ့ ပြည်သူ့အကျိုးစွမ်းဆောင်ချက်တွေကို ပြည်သူတွေ မြင်တွေ့ခဲ့ပြီးပါပြီ။

ဒါကြောင့် NDF ခမောက်ပါတီကို မဲပေးရွေးချယ်လိုက်ပါ။ ရွေးချယ်မယ်ဆိုရင် ကျွန်တော်တို့ပြည်သူ့မျက်နှာ တစ်ချက်အညှိုးမခံပါဘူး။

ပြည်သူ့မျက်နှာ တစ်ချက်ညှိုးတာနဲ့ လွှတ်တော်တွေထဲမှာ ပေကပ်နေမယ့် လူစားမျိုးတွေမဟုတ်တဲ့အတွက် NDF ပါတီကို မဲပေးလိုက်ဖို့ ပန်ကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒီမိုကရေစီမျှော်လင့်ချက်**
**ပြည်သူ့အတွက် NDF**
**အမျိုးသားဒီမိုကရေစီအင်အားစု**
**အမျိုးသားဒီမိုကရေစီအင်အားစု**
**အမျိုးသားဒီမိုကရေစီအင်အားစု**
**ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ခရီးရှည်ချီတက်မည်**
**ရွှေခမောက်ဆောင်းသော တိုင်းရင်းအောင်နိမိတ် ပေါ်ထွန်းမည်**
**ပညာလူမှုစီးပွား မြှင့်တင်စေပါမည်**
**သာယာမည် မြန်မာပြည် ရာဇဝင်တွင်မည်**
**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည်။**
**ဒီမိုကရေစီအောင်လံလွှင့်ထူ ဆောင်ရွက်မည်**
**ပြည်သူနဲ့ တစ်သွေးတစ်သားတည်း သစ္စာတရားတည်**
**မြန်မာပြည်အပြောင်းအလဲအတွက် ခမောက်ကို ယုံကြည်သည်**
**ရာဇဝင်မှာစာတင်မည်**
**ဒီမိုကရေစီနိုင်ငံတော်သစ် မုချဖြစ်ရမည်**
**သမိုင်းသစ်ကို ပြောင်းလဲမည် ခမောက်တို့ပြန်လာပြီ**
**လွတ်လပ်မည် မျှတမည် အခွင့်အရေးသာတူညီ**
**ပြည်သူကို ကတိပေးထားသည်**
**ဒီမိုကရေစီကို ကူးပြောင်းရမည်**
**ခေတ်သစ်ဆီ တရားနဲ့အညီ ခမောက်ရှိနေပါသည်။**
**ရဲရင့်သည် ရှေ့သို့ချီ လူထုအတွက် ရင်ဆိုင်မည်**
**ဒီမိုကရေစီမျှော်လင့်ချက် ပြည်သူ့အတွက်** NDF (NDF)
**ရာဇဝင်အသစ်ထွင်းမယ် ပြည်သူတို့**
**ဒီမြေဟာ ငါတို့တိုင်းပြည် အမြဲခိုင်မာဖို့အရေး**
**သံညီညာ လွတ်လပ်ခြင်းအတွက်ဖြစ်စေ**
**ဒီနိုင်ငံ စစ်ငြိမ်းချမ်းကာ သိက္ခာအောင်နိုင်ရေး**
**ရာဇဝင်အသစ်ထွင်းဖို့ လိုပြီလေ**
**ရိုးသားတဲ့စိတ်ဓာတ် ရှင်းလင်းတဲ့အတွေးအမြင်**
**ဆူးများတဲ့မာန်မာနများ ရှင်းပစ်ပယ်ဖို့လို**
**နိုးကြားတဲ့လုပ်အား အမုန်းမရှိတဲ့မေတ္တာ**
**စူးထက်တဲ့ပညာ ခွန်အားနဲ့ ဒို့ ရှေ့သို့ချီပါစို့။**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**
**အကျိုးများ ပြည်သာယာအောင် ကတိပြုခဲ့သည်**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ အစဉ်အမြဲရပ်တည်သည်**
**ပြည်သူ့ခေတ်မာန် သေချာဆောက်တည်မည် ဒါ NDF ပါတီ**
**အကြိမ်ကြိမ်ခါ ငါတို့သမိုင်းဟာ သွေးတွေဆူညံပွက်**
**ရင်နာစရာ စနစ်ကြောင့် အနင်းခံဘဝတွေ**
**အလိမ်အညာတွေ တဖွတ်ထိုးသမားတွေ သမိုင်းကို အရောင်မခြယ်ဖို့**
**ရာဇဝင်အသစ်ထွင်းမယ် ပြည်သူတို့**
**ရိုးသားတဲ့စိတ်ဓာတ် ရှင်းလင်းတဲ့အတွေးအမြင်**
**ဆူးများတဲ့မာန်မာနများ ရှင်းပစ်ပယ်ဖို့လို**
**နိုးကြားတဲ့လုပ်အား အမုန်းမရှိတဲ့မေတ္တာ**
**စူးထက်တဲ့ပညာ ခွန်အားနဲ့ဒို့ ရှေ့သို့ချီပါစို့။**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**
**အကျိုးများ ပြည်သာယာအောင် ကတိပြုခဲ့သည်**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ အစဉ်အမြဲရပ်တည်သည်**
**ပြည်သူ့ခေတ်မာန် သေချာဆောက်တည်မည် ဒါ NDF ပါတီ**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူကြိုကလေးငယ်များ သီချင်း၊ ကဗျာ၊ ပုံပြောပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၈ ။ ။**ညောင်လေးပင်မြို့နယ် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ ကလေးငယ်များက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှု သီချင်း၊ ကဗျာ၊ ပုံပြောပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မူကြိုကလေးငယ်လေးများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းဖြင့် သီဆို ဖွင့်လှစ်ခဲ့ပြီး မြန်မာပြည်မှာမွေးပါတယ်၊ တို့တွေအားလုံးပျော်ရွှင်တယ်၊ စွမ်းရည်ကိုယ်စီရှိကြသည် ခေါင်းစဉ်များဖြင့် ပုံပြင်များကိုလည်းကောင်း၊ ဗုံမဟာရကာလာ၊ ဘနားနား၊ ၁၂လရာသီပွဲ၊ ဇန်နဝါရီလမှ ဒီဇင်ဘာ သူငယ်ချင်း၊ ဂုဏ်ပြုကြစို့၊ ပြည်ထောင်စု၊ ဇရပ်ကလေး၊ ရှမ်းအိုးစည် ခေါင်းစဉ်များဖြင့် ကဗျာများကိုလည်းကောင်း၊ ကျောင်းသွားကြမယ်၊ ပြည်ထောင်စုပျော်ပွဲ၊ ရွှေလက်ငွေလက်၊ ဝေမျှညီတူတူ၊ လူလေးကြီးရယ် ခေါင်းစဉ်များဖြင့် သီချင်းများကိုလည်းကောင်း သီဆိုယှဉ်ပြိုင်ဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းနု၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝေ၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာ ဒေါက်တာမြင့်သန်းနှင့် ပြည်သူ့ဆေးရုံမှ ဒေါက်တာဇော်ဟိန်းထက်တို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခင်မောင်လွင်(ညောင်လေးပင်)**

# မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားကောင်စစ်ဝန်ရုံးဖွင့်လှစ်




**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Enno DROFENIK နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Enno DROFENIK က မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးအောင်သန်းငွေအား ဂုဏ်ထူးဆောင်အသိအမှတ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးအောင်သန်းငွေက ကျေးဇူးတင်စကားပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဩစတြီးယားနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန် ဆက်ဆံရေးထူထောင်ခဲ့သည်မှာ နှစ်ပေါင်း(၆၀)ကျော်ကြာမြင့်ခဲ့ပြီး ဩစတြီးယားနိုင်ငံသံအမတ်ကြီးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အခြေစိုက်၍ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ်(၃၈) A တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရပ်ထားသည့် ဝါးတင်ကားအား ဝင်တိုက်၍ သံဃာတစ်ပါး ပျံလွန်တော်မူ



**မြစ်ကြီးနား ဖေဖော်ဝါရီ ၈**

မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စုအတွင်း ဖေဖော်ဝါရီ ၇ ရက်က ရပ်တန့်ထားသည့် ဝါးတင်ကားအား အခြားမော်တော်ယာဉ်တစ်စီးက နောက်မှဝင်တိုက်မိ၍ သံဃာတော်တစ်ပါး ပျံလွန်တော်မူခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီက မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ကဝါးခကျေးရွာရှိ မြစ်ကြီးနား-ဆွမ်ပရာဘွမ်သွား ကားလမ်းတွင် မြောက်မှတောင်သို့ ပလနကျေးရွာ(၂) မနောသုခ ဘုန်းတော်ကြီးကျောင်းမှ သံဃာဦးပညောဘာသမောင်းနှင်ပြီး သံဃာဦးနေမိန္ဒနှင့် ကျော်မျိုးထွန်းတို့လိုက်ပါလာသည့် YGN-7A/--- HIACE အမျိုးအစား ခဲပြာရောင်မော်တော်ယာဉ်သည် ကဝါးခကျေးရွာ ရှမ်းတောင်တန်းခေါက်ဆွဲဆိုင်ရှေ့ အရောက် လမ်းအနောက်ဘက်ခြမ်းတွင် နောနော်မောင်းနှင်ပြီး အချက်ပြအမှတ်အသား တပ်ဆင်ထားခြင်းမရှိသည့် ဝါးလုံးများတင်ဆောင်ထားကာ ရပ်တန့်ထားသည့် ထော်လာဂျီယာဉ်အား နောက်မှ ဝင်တိုက်မိသဖြင့် ယာဉ်မောင်းဦးပညောဘာသတွင် ဦးခေါင်းထိပ်ပေါက်ပြဲ၊ ရင်ဘတ်ဖူးရောင်ဒဏ်ရာများဖြင့် နေရာတွင်ပျံလွန်တော်မူသွားပြီး ယာဉ်ပေါ်ပါ ဦးနေမိန္ဒနှင့် ကျော်မျိုးထွန်းတို့တွင် ထိခိုက်ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့ကြသည်။

ဖြစ်စဉ်ကြောင့် ဝါးတင်မော်တော်ယာဉ်မောင်းနှင်သည့် နောနော်မှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်မတော်တဆမှုကြောင့် ယာဉ်မောင်းဦးပညောဘာသ သက်တော်(၄၀)နှစ်နှင့် နောနော်(၂၁)နှစ် မြစ်ကြီးနားနေသူတို့အား မြစ်ကြီးနားမြို့မ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်ကာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ယာဉ်မောင်းအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

■

# ရန်ကုန်-မော်လမြိုင်ကားလမ်း ယာဉ်ငါးစီးဆင့်တိုက်မှု သထုံတွင် ဖြစ်ပွား

**သထုံ ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် သထုံမြို့နယ် ပေါ်တော်မူကျေးရွာ အခွန်လွတ်ဈေးအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၇ ရက် ည ၈ နာရီခန့်က ယာဉ်ငါးစီးဆင့်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"တွဲကားနဲ့ ကွန်ကရစ်သယ်ကား စပြီး ချိတ်မိတာပါ။ ကွန်ကရစ်သယ်ကားက ပါဝါဂျိုင်းပြုတ်ထွက်သွားပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းတစ်ဖက်ကို ရောက်သွားတယ်။ ရှေ့က သွားနေတဲ့ ကားနှစ်စီးကို ပွတ်တိုက်တယ်။ ပြီးတော့ အိမ်စီးကားငယ် တစ်စီးနဲ့တိုးတော့ အိမ်စီးကားလေးက လမ်းဘေးကို ရသမျှဆွဲချရှောင်တာတောင်မလွတ်ဘဲ ချိတ်မိပြီး မြောင်းနှုတ်ခမ်းမှာ သွားတင်နေတယ်။ ကံကောင်းတာက လူတွေတစ်ယောက်မှ ထိခိုက်ဒဏ်ရာမရှိဘူး"ဟု ယာဉ်တိုက်မှုအား မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မော်လမြိုင်သို့ ယာဉ်မောင်း သီဟတင်ငွေ(၂၆)နှစ် ကျိုက်ထိုမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 4M/--- ကွန်ကရစ်သယ်ယာဉ်နှင့် မော်လမြိုင်မှ ရန်ကုန်သို့ ယာဉ်မောင်း အောင်မြင့်နိုင်(၃၂)နှစ် တောင်ငူမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 9L/--- ၁၈ ဘီးယာဉ်(တွဲကား)တို့ တိုက်မိပြီး ကွန်ကရစ်သယ်ယာဉ်က ရှေ့မှသွားနေသော ဘုရားဖူးမှန်လုံယာဉ်တစ်စီးနှင့် ဟွန်ဒိုင်းတစ်စီး၊ အိမ်စီး မော်တော်ယာဉ်တစ်စီးတို့အား ထပ်မံတိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ တွဲကားမောင်းနှင်သည့် ယာဉ်မောင်း အောင်မြင့်နိုင်နှင့် ကွန်ကရစ်သယ်ယာဉ်မောင်းနှင်သူ သီဟတင်ငွေတို့အား သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**




# ဇန်နဝါရီလအတွင်း ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ မီးရထားမတော်တဆမှုနှင့် မှုခင်းဖြစ်ပွားမှုအခြေအနေ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ဇန်နဝါရီလအတွင်း ရန်ကုန်မြို့ပတ် မီးရထားလမ်းပိုင်း၌ မီးရထားနှင့်လူတိုက်မိမှု တစ်မှု၊ ရထားပေါ်ပြေးတက်ရာမှ ခြေချော်ကျမှု တစ်မှု၊ မော်တော်ယာဉ်နှင့် တိုက်မိမှု တစ်မှု၊ မော်တော်ဆိုင်ကယ်နှင့် တိုက်မိမှု နှစ်မှု ဖြစ်ပွားခဲ့ပြီး လူ နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ မှုခင်းဖြစ်ပွားမှုအနေဖြင့် မြို့ပတ်ရထားစီးခရီးသည်တစ်ဦးထံမှ KENBO အမျိုးအစား တန်ဖိုးငွေကျပ် ၇၀၀၀၀ ရှိ လက်ကိုင်ဖုန်းတစ်လုံးကို လှဝင်းနိုင်(ခ)ဂေါက်သီး (၁၉)နှစ် လှိုင်သာယာမြို့နယ်နေသူက လုယူဆင်းပြေးသဖြင့် ရထားလုံခြုံရေးတပ်ဖွဲ့ဝင် ရဲဒုတပ်ကြပ်နှစ်ဦးက ချက်ချင်းလိုက်လံဖမ်းဆီးရမိ၍ အင်းစိန်ရထားရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း အမှတ်(၃)ရထားရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမျိုးဇော်ဦးထံမှ သိရသည်။

**(ကြေးမုံ)**

# ဆီဘောက်ဆာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ထိုးကျတိမ်းမှောက်



**မင်းဘူး ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ဖလံရုံကျေးရွာ မြောက်ဘက် မင်းဘူး-မင်းလှကားလမ်းတွင် ဖေဖော်ဝါရီ ၇ ရက် ည ၈ နာရီ မိနစ် ၂၀ က ဆီဘောက်ဆာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာယာဉ်မောင်း အောင်ဖြိုးကို (၂၇) နှစ် ကျောင်းကုန်းရပ်ကွက် အင်းစိန်မြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ရဲကျော်ဦး(၂၅)နှစ် ပေါက်ငူကျေးရွာ မင်းဘူး(စကု)မြို့နယ်တို့ စီးနင်းလိုက်ပါလာသော ယာဉ်အမှတ် 9I/--- NISSAN ၂၂ ဘီး ဆီဘောက်ဆာယာဉ်သည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံဓာတုဗေဒစက်ရုံစု မင်းလှမြို့နယ် သံပုရာကန်မှ ရှမ်းပြည်နယ် အောင်ပန်းမြို့သို့(ခွင့်ပြုချက်ဖြင့်) ရိုးရိုးဒီဇယ်ဆီဂါလန် ၈၅၀၀ ခန့် သယ်ဆောင်၍ မောင်းနှင်လာစဉ် မင်းဘူး-မင်းလှကားလမ်း ပေါင်းကူးတံတားအမှတ်(၃/၅)အနီး မိုင်တိုင်အမှတ်(၄/၄) နှင့် (၄/၅)အကြား မင်းလှမှ မင်းဘူးဘက်သို့ မောင်းနှင်လာစဉ် လမ်းယာဘက်ဘေး ခုနစ်ပေခန့်အကွာ ၁၀ ပေခန့်အနက်ရှိ ချောက်ထဲသို့ အရှိန်မထိန်းနိုင်ဘဲ ထိုးကျတိမ်းမှောက်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်ရာနေရာသို့ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် မင်းဘူးမြို့မစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မိုးကျော်ဟိန်းနှင့်အဖွဲ့၊ ထောက်ရှာပင်/ကမ်းနီရေနံမြေမှ မီးသတ်ဒုဦးစီးမှူး ဦးမောင်နုနှင့် ရွှေရောင်တော်ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က မီးသတ်ရေယာဉ်တစ်စီးဖြင့် ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်ဖြိုးကိုအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဖိုးပြည့်)**



# ဘိုင်ယန်မြူးနစ်နောက်ခံလူ ဖီးလစ်လမ်း ရာသီကုန်တွင် အနားယူမည်

ဘိုင်ယန်မြူးနစ်အသင်း၏ နောက်တန်းကစားသမား ဖီးလစ်လမ်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နောက်တန်းကစားသမား ဖီးလစ်လမ်းသည် ၂၀၀၂ ခုနှစ်တွင် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ စတင်ပွဲထွက်ကစားခဲ့ပြီး ၂၀၀၂-၂၀၀၃၊ ၂၀၀၅-၂၀၀၆၊ ၂၀၀၇-၂၀၀၈၊ ၂၀၀၉-၂၀၁၀၊ ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ တို့တွင် ဘွန်ဒက်လီဂါဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

ထို့ပြင် ဖီးလစ်လမ်းသည် ၂၀၀၂-၂၀၀၃၊ ၂၀၀၅-၂၀၀၆၊ ၂၀၀၇-၂၀၀၈၊ ၂၀၀၉-၂၀၁၀၊ ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄၊ ၂၀၁၅-၂၀၁၆ တို့တွင်လည်း ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဂျာမန်ပိုကယ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၆ တို့တွင် ဂျာမန်စူပါဖလား၊ ၂၀၁၂-၂၀၁၃ တွင် ချန်ပီယံလိဂ်ဖလား၊ ၂၀၁၃ တွင် ဥရောပစူပါဖလားနှင့် ဖီဖာကမ္ဘာ့ကလပ်အသင်းများဖလားတို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့သည်။ နောက်တန်းကစားသမား ဖီးလစ်လမ်းသည် ဂျာမနီလက်ရွေးစင်အသင်းတွင်လည်း ၂၀၁၄ ကမ္ဘာ့ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

ထိုသို့ ကလပ်အသင်းအတွက်ရော နိုင်ငံလက်ရွေးစင်အသင်းအတွက်ပါ အောင်မြင်မှုများရယူပေးခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း ဖီးလစ်လမ်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

## စတားရစ်ချ်နှင့် မစ်ဂ်နိုလက် လီဗာပူးအသင်းမှ ရာသီကုန်တွင် ထွက်ခွာမည်



လီဗာပူးအသင်း၏ တိုက်စစ်မှူး စတားရစ်ချ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှ ထွက်ခွာမည် ဖြစ်ကြောင်းပြောကြားခဲ့ပြီး ဂိုးသမားမစ်ဂ်နိုလက်သည်လည်း စတားရစ်ချ်နှင့်အတူ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

နည်းပြ ဂျာဂန်ကလော့၏ လီဗာပူးအသင်းသည် ၂၀၁၇ ခုနှစ်အတွင်း လက်ရှိအချိန်အထိ နိုင်ပွဲတစ်ပွဲမှ ရရှိထားခြင်းမရှိဘဲ ပြီးခဲ့သည့်တစ်ပတ်ကလည်း ဟားစီးတီးအသင်းကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ထားခဲ့သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်တွင် အဆင့်(၄)စာရင်းဝင်ရေးအတွက် အားစိုက်နေချိန်တွင် အခြားသောပြိုင်ပွဲများဖြစ်သည့် အက်ဖ်အေဖလားနှင့် အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲတို့မှ ထွက်ခဲ့ရသည်။

ထို့ကြောင့် နောက်ထပ်ကစားသမားခြောက်ဦးအထိ ထပ်မံခေါ်ယူမည်ဖြစ်သောကြောင့် စတားရစ်ချ်နှင့် မစ်ဂ်နိုလက်တို့မှာ အသင်းမှထွက်ခွာမည်ဟု ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်



## ဆွာရက်ဇ်သွင်းဂိုးဖြင့် စပိန်ကိုပါဒယ်ရေးဖိုင်နယ်ပွဲ ဘာစီလိုနာ တက်ခဲ့သော်လည်း ဖိုင်နယ်ပွဲတွင် အနီကတ်ပြစ်ဒဏ်ကြောင့် ဆွာရက်ဇ် လွဲချော်မည်

ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ဒုတိယအကျော့တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ဘာစီလိုနာက အနိုင်ရရှိခဲ့ပြီး ဖိုင်နယ်ပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို တိုက်စစ်မှူး ဆွာရက်ဇ်က ပွဲကစားချိန် ၄၃ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၈၃ မိနစ်တွင် ဂါမီရီယိုကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုတစ်ကြိမ်ဖိုင်နယ်ပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် စပိန်ကိုပါဒယ်ရေးဖလား ဖိုင်နယ်ပွဲသို့ လေးနှစ်ဆက်တိုက် တက်လှမ်းနိုင်ခဲ့သည့်မှတ်တမ်းဝင်ခဲ့ပြီး တိုက်စစ်မှူး ဆွာရက်ဇ်မှာမူ ပွဲကစားချိန် မိနစ် ၉၀ တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းကြောင့် နောက်ဆုံးဖိုင်နယ်ပွဲတွင် ပါဝင်လာမည်မဟုတ်ပေ။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ဆွာရက်ဇ်နှင့် ဆာဂျီရောဘတ်တိုတို့ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသကဲ့သို့ အက်သလက်တီကိုမက်ဒရစ်အသင်းသည်လည်း ကာရက်စကိုအား နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ဘာစီလိုနာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလားဖိုင်နယ်ပွဲတွင် အလာဗက်စ်အသင်း သို့မဟုတ် ဆယ်လ်တာဗီဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# လာဇီယိုရဲ့အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့ခက်တဲ့ အေစီမီလန်

## အီ တ လီ စီး ရီး အေ ရင် ခုန် သံ - ၂၄

**ရှိုင်းမင်းမင်း**

***အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၂၄ ကိုလာမယ့် ဖေဖော်ဝါရီလ ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်တွေမှာကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါ ပွဲစဉ်မှာ အေစီမီလန်ကလာဇီယိုရဲ့အိမ်ကွင်းမှာ သွားရောက်ကစားရဖို့ ရှိနေတာကြောင့် ပွဲကြပ် တစ်ပွဲနဲ့ကြုံတွေ့နေရကာ နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာစောင့်ကြည့်ရမယ်။***

### နာပိုလီ VS ဂျီနိုအာ

နံနက် ၂း၁၅ (၁၁-၂-၁၇)

ဘလော့ညာကို ခုနစ်ဂိုး တစ်ဂိုးနဲ့အနိုင်ရခဲ့တဲ့ပွဲမှာ နာပိုလီခြေစွမ်းအ လွန်ကောင်းမွန်ခဲ့ပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နာပိုလီအနေနဲ့ နိုင်ပွဲဆက်နိုင်ဖို့အားစိုက်လာမှာသေချာနေ ပါတယ်။ အိမ်ကွင်းပွဲတွေမှာလည်း နာပိုလီခြေက ပိုမိုကောင်းမွန်တတ်ပါတယ်။ နာပိုလီအနေနဲ့ ဒီပွဲအပြီးမှာချန်ပီယံလိဂ်ကစားရဖို့ရှိပေ မယ့်လည်း ဂျီနိုအာက အဝေးကွင်းခြေအားနည်းမှုရှိနေပါတယ်။ ဒါကြောင့်နာပိုလီကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ခရိုတိုနီ VS ရိုးမား

ည ၆း၀၀ (၁၂-၂-၁၇)

ရိုးမားက ဒီပွဲမတိုင်ခင်မှာဖီယိုရင်တီနာနဲ့ စီးရီးအေပွဲကျန်ကစားရခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒီပွဲအပြီးမှာလည်းယူ ရိုပါလိဂ်အဝေးကွင်းပွဲကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ရိုးမား တို့ဒီပွဲမှာခြေကုန်ထုတ်နိုင်ဖို့ခက်ခဲတဲ့အပြင် အဝေးကွင်းပွဲတွေမှာရိုးမားရဲ့ တိုက်စစ်ကအစ ဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ ခရိုတိုနီကတော့ အစစအရာရာအားနည်းနေတဲ့အသင်းပါ။ ရိုးမား အနိုင်ရနိုင်ဖို့ရှိနေပေမယ့် ဂိုးပြတ်ဖို့တော့မသေချာပါဘူး။

### ဖီအိုရင်တီးနား VS အူဒီးနီးစ်

နံနက် ၂း၁၅ (၁၂-၂-၁၇)

ဖီအိုရင်တီးနားက ကြားရက်မှာရိုးမားနဲ့စီးရီးအေပွဲကျန်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်သလို ဒီပွဲအပြီးမှာလည်းယူရိုပါလိဂ်ကစား ရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဖီယိုရင်တီနာတို့ ဒီပွဲစဉ်မှာခြေကုန်ထုတ်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့် ဖီယိုရင်တီးနားက အိမ်ကွင်းမှာတော့ ရှုံးပွဲမရှိသေးတဲ့အထိ ကစားပုံကောင်းမွန်တတ်ပြီး အူဒီနီးစ်ရဲ့ အဝေးကွင်းခြေကလည်း သာမန်သာရှိတာကြောင့် ဖီအိုရင်တီးနားတို့နိုင် ပွဲတော့ကပ်ရနိုင်ပါတယ်။

### ပါလာမို VS အတ္တလန္တာ

ည ၈း၃၀ (၁၂-၂-၁၇)

ပါလာမိုကတန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းအားနည်းပါးလွန်းနေပါတယ်။ ဒါပေမယ့်လည်း ပါလာမိုက အိမ်ကွင်းပွဲဖြစ်တာကြောင့် အားစိုက်ကစားမှာဖြစ်သလို ခံစစ်ကို အားပြုကစားလာရင် အတ္တလန္တာအခက်တွေ့နိုင်ပါတယ်။ အထူးသဖြင့် အတ္တလန္တာက အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းထင်သလောက် တည်ငြိမ်မှုမရှိတဲ့အတွက် ကပ်ပြီးသာနိုင်မယ်။

### ဆာစူအိုလို VS ချီယေဗို

ည ၈း၃၀ (၁၂-၂-၁၇)

ဆာစူအိုလိုက တန်းဆင်းဇုန်နဲ့နီးကပ်နေတာကြောင့် တန်းမဆင်းရဖို့ အားစိုက်ကစားနေသလို နောက်ပိုင်းပွဲတွေမှာလည်းခြေစွမ်းပိုင်း တိုးတက်လာတာကို တွေ့ရပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် ဒီပွဲစဉ်မှာ ဆာစူအိုလိုတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ချီယေဗိုကလည်း အဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဆာစူအိုလိုတို့ သရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

### အင်တာ VS အမ်ပိုလီ

ည ၈း၃၀ (၁၂-၂-၁၇)

အခုနောက်ပိုင်းမှာ အင်တာမီလန်အနေနဲ့ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မှုရှိနေသလို အိမ်ကွင်းလည်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက်အားစိုက်လာမှာ သေချာနေပါတယ်။ အမ်ပိုလီကတော့ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်းမဆိုးပေမယ့် အဝေးကွင်းမှာခြေက ကျဆင်းတတ်ပါတယ်။ အင်တာပဲအနိုင်ရမယ်။

### တိုရီနို VS ပက်စ်ကာရာ

ည ၈း၃၀ (၁၂-၂-၁၇)

အမှတ်ပေးဇယားအောက်ဆုံးက ပက်စ်ကာရာကတန်းမဆင်းရဖို့အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းကအားနည်းမှုတွေများ နေပါတယ်။ အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကျဆင်းတတ်ပါတယ်။ တိုရီနိုကတော့ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ကစားပုံကောင်းမွန်တတ်ပါတယ်။ လက်ရှိအချိန်အထိ အိမ်ကွင်းပွဲတွေမှာတစ်ပွဲသာရှုံးနိမ့်ခဲ့ပါတယ်။ အိမ်ကွင်းမှာ တိုရီနိုပဲအနိုင်ရမယ်။

### ဆမ်ဒိုးရီးယား VS ဘိုလော့နာ

ည ၁၁း၃၀ (၁၂-၂-၁၇)

နာပိုလီကို အိမ်ကွင်းမှာအရှက်ရဖွယ်ရှုံးနိမ့်ခဲ့ရတာကြောင့် ဘိုလော့နာတို့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် ဘိုလော့နာက အဝေးကွင်းပွဲတွေမှာ တိုက်စစ်က အစဂိုးသွင်းကျဆင်းတတ်ပြီး ခြေစွမ်းပိုင်းလည်း တည်ငြိမ်မရှိတာကို တွေ့ရပါတယ်။ ဆမ်ဒိုးရီးယားကတော့ ခြေစွမ်းသာမန်သာရှိပေမယ့် အိမ်ကွင်း ရှုန်းအားကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့်လည်း ဘိုလော့နာတို့အမြင့်ဆုံးသရေလောက်ပဲရမယ်။

### ကယ်ဂလီယာရီ VS ဂျူဗင်တပ်

နံနက် ၂း၁၅ (၁၃-၂-၁၇)

ဂျူဗင်တပ်က ကြားရက်မှာစီးရီးအေပွဲကျန်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိလာနိုင်ပေမယ့် ခရိုတိုနီနဲ့သာရင်ဆိုင်ရမှာဖြစ်တာကြောင့် ထင်သလောက်တော့ ပွဲမပန်းနိုင်ပါဘူး။ ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့မရှိတာကြောင့် ဒီပွဲစဉ်မှာခြေကုန်ထုတ်လာနိုင်မှာသေချာနေပါတယ်။ ကယ်ဂလီယာရီက အိမ်ကွင်းမှာ ဂျူဗင်တပ်ကို ပွဲချိန်ပြည့်ထိန်းနိုင်ဖို့တော့ခက်လို့ ဂျူဗင်တပ်ပဲအနိုင်ရမယ်။

### လာဇီယို VS မီလန်

နံနက် ၂း၁၅ (၁၄-၂-၁၇)

မီလန်က ကြားရက်မှာစီးရီးအေပွဲကျန်အဖြစ် အဝေးကွင်းပွဲကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ လက်ရှိအချိန်မှာလည်း မီလန်ခြေက အားနည်းမှုတွေရှိနေတာကိုတွေ့ရပါတယ်။ လာဇီယိုကလည်း ခြေစွမ်းပိုင်းထင်သလောက်တည်ငြိမ်မှုမရှိပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတတ်တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း လာဇီယိုကသာအိမ်ကွင်းမှာ နိုင်ပွဲရသွားဖို့ရှိနေပါတယ်။

## အထက်မြန်မာပြည်

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

**မကွေး ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ယူနန်ပြည်နယ် ကုန်သွယ်ရေး ဦးစီးဌာနက ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၆ ရက် ညနေ ၃ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ယူနန်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယူနန်ကုန်သွယ်ရေးဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီးအတွင်း ကုန်သွယ်လုပ်ငန်းများပူးပေါင်းလုပ်ကိုင်လိုပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း များစွာအလေးထားပါကြောင်းပြောကြားရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ကိုယ်စားလှယ်အဖွဲ့အား ဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် ချစ်ကြည်ရင်းနှီးမှုများကိုလည်း အလေးထားလျက် ပူးပေါင်းဆောင်ရွက်လိုသည်များကို ပြည်ထောင်စုအစိုးရသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ယူနန်ကုန်သွယ်ရေးဦးစီးဌာန ကိုယ်စားလှယ်အဖွဲ့က ဝန်ကြီးချုပ်အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။ အဆိုပါတွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ယူနန်ကုန်သွယ်ရေးဦးစီးဌာန ကိုယ်စားလှယ်အဖွဲ့ ၁၈ ဦးတို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ညီညီမောင်(မကွေး)**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တိုက်ပွဲကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ညောင်မောင်းကျေးရွာသို့ ထောက်ပံ့ငွေပေးအပ်

**ကျောက်မဲ ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တိုက်ပွဲများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်အဆောက်အအုံများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ တိုက်ပွဲများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ကျောက်မဲမြို့နယ် ညောင်မောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၊ လူနေအိမ်ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာသူ၊ ကျေးရွာသား ၁၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ စီ စုစုပေါင်း ထောက်ပံ့ငွေ ၂၂ သိန်းတို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်၊ မြို့နယ်စစ်ဘေးရှောင်ကော်မတီအဖွဲ့ဝင် ဦးစိုးထွန်းတို့က ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခဲ့ရာ ညောင်မောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းပီးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများဖြင့် ငြိမ်းချမ်းရေးပန်းခင်း အနုပညာပွဲတော် စည်ကားစွာကျင်းပ



**မုံရွာ ဖေဖော်ဝါရီ ၈**

မုံရွာမြို့ ငြိမ်းချမ်းရေးပန်းခင်း အနုပညာပွဲတော်ကို ဖေဖော်ဝါရီ ၆ ရက် ညပိုင်းက မြစန္ဒာခန်းမတွင် အစီအစဉ် ၁၂ ရပ်ဖြင့်ကျင်းပရာ ဆရာထန်ချင်းမှုန်က အဖွင့်ဆုတောင်းပြုကာ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ဖြင့် တိုင်းရင်းသားပေါင်းစုံ ကျောင်းသား၊ ကျောင်းသူများက ကပြကြသည်။

"ပန်းတိုင်ကထင်ထင်ရှားရှားရှိတယ်။ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပါ။ ဒါကတော့ထပ်လျှော့လို့မရတဲ့ပကတိမဏ္ဍိုင်ဗျ။ အခုကပြောဆိုနေကြ စမ်းတဝါးဝါးနိုင်လှပါတယ်။ ဘာတွေပြောင်းလဲတာကအစပေ့ါ။ ဒီမိုကရေစီနိုင်ငံဖြစ်ရေးကတော့ ရွေးချယ်သူတွေအားလုံးရဲ့ ဥပဒေပြုရေးအာဏာမှာ အပြည့်အဝရှိရမယ်ပေ့ါ။ ဖက်ဒရယ်ပြည်ထောင်စုကအခုမှ စကားလုံးအရရှိသေးတာ။ အရင်ကဖက်ဒရယ်ပြောရင်ကို ပြောတဲ့သူက အန္တရာယ်သိပ်ကြီးတယ်ပေ့ါနော်။ ဖက်ဒရယ်ဆိုတာဟာ အနှုတ်လက္ခဏာဖြစ်ခဲ့တယ်။ ခွဲထွက်တယ်ဆိုတာမျိုးရှိတာကနေ အခုကြတော့ ပေါင်းစုတာဆိုတဲ့အဓိပ္ပာယ်မျိုး သက်ရောက်လာတယ်ဆိုတာကို ပေါ်လွင်စေချင်တဲ့အတွက် မုံရွာမှာငြိမ်းချမ်းရေးပန်းခင်းအနုပညာပွဲတော်ကို ကျင်းပရတာဖြစ်ပါတယ်" ဟု ပွဲစီစဉ်ဦးဆောင်သူ ကိုမင်းကိုနိုင်က ပြောပြသည်။

အနုပညာပွဲတော်တွင် ရှမ်းရိုးရာအကကို ရှမ်းတိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများက ကပြကြပြီး အဆိုတော်ဟေမာန်မြင့်အောင်၊အေးမိုးအောင်၊ စိုးအောင်တို့က သီဆိုခဲ့ကြပြီး ကချင်ကျောင်းသား၊ ကျောင်းသူများက ကချင်ရိုးရာအကကို ကပြကြပြီး ကိုမင်းကိုနိုင်၏သစ်ခွပန်းခူးကဗျာအော်ပရာကို မုံရွာမြို့ မိုးဦးပန်းကျောင်းသား၊ ကျောင်းသူများက သရုပ်ဖော်ခဲ့သည်။

ဆက်လက်၍ သံချပ်အဖွဲ့ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေတင်ဆက်ကြပြီး စစ်ဘေးဒုက္ခသည်များအတွက် အလှူငွေကောက်ခံကြကာ အဆိုတော်ဗန်ဒေ့ါ်သ်ကျင်း၊ အယ်လ်ဆိုင်းဇီ၊ ဖူးပြည့်စုံတို့က သီဆိုဖျော်ဖြေကာ ချင်းတိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများက ရိုးရာဝါးညှပ်အကဖြင့် ကပြကာ အဆိုတော်မရန်ဆိုင်းနော်၊ ကောင်းကောင်း၊ အိုင်းရစ်ဇင်မာမြင့်၊ ဇော်ပိုင်တို့က TRIANGLE MUSIC ငြိမ်းချမ်းရေးပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် ပြုလုပ်ခဲ့သလို ယခင်ရက်များကလည်း အဆိုတော်လင်းလင်းတို့ဖြင့် မန္တလေးမြို့တွင်ပြုလုပ်ခဲ့ပြီး မြန်မာပြည်အနှံ့တွင်လည်း ငြိမ်းချမ်းရေးပွဲများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့်ပြုလုပ်နေကြရာ မုံရွာမြို့၏ ငြိမ်းချမ်းရေးအနုပညာပန်းခင်းပွဲတော်သည် မုံရွာတက္ကသိုလ်ခြောက်ခု၏ ကျောင်းသား၊ ကျောင်းသူများနှင့် ငြိမ်းချမ်းရေးမြတ်နိုးသူများ၏ အားကောင်းမှုကြောင့် ပိုမိုလှပမြိုင်ဆိုင်သည်ကို အားရဖွယ်တွေ့ရကြောင်း သုံးသပ်ပြောကြားသည်။

မုံရွာမြို့ ငြိမ်းချမ်းရေးပန်းခင်းအနုပညာပွဲတော် ကျင်းပရာသို့ ပြည်သူ့ကာတွန်းဆရာမောင်မောင်ဖောင်တိန်ကလည်း ငြိမ်းချမ်းရေးရည်မျှော်၍ တက်ရောက်လာသူများကို ကယ်ရေကေးချားအနုပညာဖန်တီးမှုဖြင့် အနုပညာဖြန့်ကျက်ခဲ့ရာ တက်ရောက်လာသူများက အားရကျေနပ်ခဲ့ကြသည်ကို တွေ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကချင်ပြည်နယ်မိုးညှင်းမြို့နယ်တွင် မော်တော်ယာဉ်(လိုင်စင်)များစစ်ဆေး

**မိုးညှင်း ဖေဖော်ဝါရီ ၈**

ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပြည်နယ်ပြည်မကူးတံတားအနီး၌ မော်တော်ယာဉ်(လိုင်စင်)များကို သက်ဆိုင်သည့်တာဝန်ရှိအဖွဲ့များက ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက စတင်စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါစစ်ဆေးရာသို့ မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာန၊ မော်တော်ယာဉ်ကြီးများ ကြီးကြပ်ရေးကော်မတီဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်းအဖွဲ့ဖြင့် မော်တော်ယာဉ်(လိုင်စင်)များကို စစ်ဆေးခဲ့သည်။

"မော်တော်ယာဉ်(လိုင်စင်)၊ လုပ်ငန်းလိုင်စင်၊ တရားမဝင်တင်ဆောင်လာသည့် ပစ္စည်းများကို ကျွန်တော်တို့ ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၆ ရက်ကစပြီး ၂၄ နာရီ အချိန်ပြည့် စစ်ဆေးဆောင်ရွက်သွားမယ်" ဟု အဆိုပါပူးပေါင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(၆၈၅)**



## မြင်းခြံ၌ မီးသတ်စွမ်းရည်ပြ

**မြင်းခြံ ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ ခရိုင်မီးသတ်ဦးစီးဌာနတွင် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးတွင် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ် ဆောင်ပုဒ်နှင့် မီးငြိမ်းသတ်ရေးစွမ်းရည်များ မြင့်မားလာစေရန် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီ ခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးသတ်စွမ်းရည်ပြိုင်ပွဲတွင် မီးသတ်စက်ကြီးနှင့် မီးသတ်စက်ကလေးများဖြင့် ငြိမ်းသတ်နည်းများကိုယှဉ်ပြိုင်ကြရာ မီးသတ်စက်ကြီးပြိုင်ပွဲတွင် နွားထိုးကြီးမြို့နယ်က ပထမ၊ မြင်းခြံမြို့နယ်က ဒုတိယ၊ စက်ကလေးပြိုင်ပွဲတွင် မြင်းခြံမြို့နယ်က ပထမ၊ နွားထိုးကြီးမြို့နယ်က ဒုတိယရရှိခဲ့ကြသည်။

ဆုရရှိသူများကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်းက အမှတ်တရဒိုင်းဆုများချီးမြှင့်ပေးခဲ့သည်။ ထို့အပြင် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြအဖြစ် ရေတွင်းအသက်ကယ်နှင့် အထပ်မြင့်လူနာအသက်ကယ်များကိုလည်း သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မင်းဂေါင်းမြောက်ကျေးရွာအုပ်စု ချောင်းခြားရှားပင်လှကျေးရွာတွင် အလှူရှင်ဖြင့်ဆောင်ရွက်ခဲ့သည့် ဂျင်းမြေသားလမ်း ရတနာလမ်းမကြီးဖွင့်ပွဲနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာအနီး မုခ်ဦးမဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်နှင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်ရန်တို့က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းက လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လမ်းအလှူရှင် ဦးအေးမောင်က လမ်းဖောက်လုပ်လှူဒါန်းရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားပြီး လမ်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် မင်းဂေါင်းမြောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရဲမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ရတနာလမ်းမကြီးမှာ ကျောက်ပန်းတောင်း-မိတ္ထီလာလမ်း အင်တောကျေးရွာမှ လက်ပန်ကျင်း-သီးကုန်း ကျေးရွာအထိ ရောက်ရှိ၍ လမ်းအရှည် ၁၁ မိုင်ရှည်သော မြေနီဂျင်းလမ်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ် မင်းဂေါင်းမြောက်ကျေးရွာအုပ်စု ရှားပင်လှရွာနေ ဦးအေးမောင်+ဒေါ်ယုတင်မိသားစု (ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်) တို့က လှူဒါန်းခြင်းဖြစ်ကြောင်းသိရပြီး စုစုပေါင်းကုန်ကျငွေမှာ ကျပ်သန်း ၁၇၀ ဖြစ်ကြောင်း သိရသည်။

လမ်းမှာယခင်က ကြပ်ကုန်းမြေများကြောင့် မိုးရာသီကာလများတွင် သွားလာမှုခက်ခဲခဲ့ပြီး ယခုအခါမြေနီဂျင်းလမ်းခင်းလိုက်သည့်အတွက် အင်တောအုပ်စု၊ ဝက်ကြီးကန်အုပ်စု၊ ဖိုကုန်းကျေးရွာ၊ မင်းဂေါင်းမြောက်ကျေးရွာအုပ်စု၊ မင်းခေါင်းတောင်ကျေးရွာအုပ်စု၊ သရက်တောကျေးရွာအုပ်စုနှင့် လယ်ကြီးတောင်ကျေးရွာအုပ်စုတို့မှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးသွားလာမှုလွယ်ကူကောင်းမွန်သွားမည်ဖြစ်ကြောင်း သိရပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းဖွင့်ပွဲ အခမ်းအနားသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်ရန်နှင့် ဌာနဆိုင်ရာများ၊ အနီးဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ အလှူရှင်မိသားစုများ တက်ရောက်ခဲ့ကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# မြစ်လယ်ဘော်ယာ၌ ဖလက်တွဲကြီးများ ရပ်တန့်နေခြင်းကြောင့် ခရီးသွား စက်တပ်ရေယာဉ်များ အန္တရာယ်ရှိနိုင်

**ကြည့်မြင်တိုင် ဖေဖော်ဝါရီ ၈**
ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အနောက်ဘက်၌ ကျေးရွာ ၁၁ ရွာ၊ ရပ်ကွက် ၄ ရပ်ကွက်မှ ဝန်ထမ်း၊ ကျောင်းသား၊ ကျောင်းသူ၊ ဈေးရောင်း၊ ဈေးဝယ် လုပ်သားပြည်သူများသည် နေ့စဉ်နှင့်အမျှ ကြည့်မြင်တိုင်မြို့ပေါ်သို့ ကူးသန်းသွားလာနေကြရကြောင်း သိရသည်။

သို့ဖြစ်ရာ အဆိုပါ ခရီးသည်များသည် စက်တပ်ရေယာဉ်များကို အသုံးပြုကြရသလို ထိုရေယာဉ်များဖြင့် မြစ်ကိုကူးသန်းသွားလာလျက်ရှိရာ ရေလယ်ဘော်ယာ၌ ကုန်တင်ဖလက်တွဲကြီးများ မြောက်မြားစွာ တွဲချိတ်ချည်နှောင်ရပ်တန့်နေခြင်း၊ ယင်းနှင့် မလှမ်းမကမ်း၌ ကျောက်ချရပ်နားထားသော သင်္ဘောများရှိခြင်းတို့ကြောင့် ကူးသန်းသွားလာမှု အန္တရာယ်နှင့် နီးကပ်ပါကြောင်း၊ စက်တပ်ရေယာဉ်ဆိုသည်မှာ စက်၏ချွတ်ယွင်းမှုကို ခန့်မှန်း၍မရနိုင်ခြင်းကြောင့် အချိန်ကြာမြင့်စွာ ရပ်တန့်ချည်နှောင် ကျောက်ချထားသော ဖလက်တွဲရေယာဉ်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့က ရှင်းလင်းပေးစေလိုကြောင်း ခရီးသွားပြည်သူတို့ထံမှ ကြားသိရသည်။ **(ရွှေတိုင်လွင်)**

## ကျေးရွာချင်းဆက် လမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်

**ခရမ်း ဖေဖော်ဝါရီ ၈**
ကျေးလက်နေပြည်သူများ သွားလာမှု အဆင်ပြေ၍ ဒေသထွက်ကုန်များ အချိန်မီဈေးကွက်ရောက်ရှိ၍ လူနေမှုဘဝ အဆင့်အတန်းများ မြင့်မားစေရေး၊ မြို့ပြနှင့်အပြိုင် ကျေးလက်ဒေသများပါ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ကျေးရွာချင်းဆက် လမ်းများကို အဆင့်မြှင့်တင်၍ ကွန်ကရစ်လမ်းများအဖြစ် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ခရမ်းမြို့နယ် တမံကြီးကျေးရွာနှင့် ကျုံတူးကျေးရွာ ဆက်သွယ်ရေးလမ်းမကြီးသည် နွေရာသီသာ သွားလာရေး အဆင်ပြေ၍ မိုးရာသီတွင်သွားလာရေးခက်ခဲပြီး လမ်းဆိုးသဖြင့် ကျေးလက်နေပြည်သူများမှာ များစွာ အခက်အခဲများ ကြုံတွေ့နေရသဖြင့် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် အရှည်တစ်မိုင် တစ်ဖာလုံအား အကျယ် ၁၀ ပေ၊ ကျောက်ကပ်တစ်ဖက်ငါးပေ၊ အမြင့် ရှစ်လက်မထုဖြင့် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးတင်မျိုးလွင်နှင့်ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်အန္တယ်ရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## ရွှေတိဂုံတွင် မြန်မာ့ရိုးရာထမနဲပွဲတော်ကြီးကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**
ရန်ကုန်မြို့၏ ကျက်သရေဆောင်ဖြစ်သော ရွှေတိဂုံစေတီတော်ကြီးတွင် မြန်မာ့ရိုးရာထမနဲပွဲတော်ကြီးကို ဖေဖော်ဝါရီလအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်ထားကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၁၀ရက် ညနေ ၃နာရီတွင် ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဝန်ထမ်းအဖွဲ့အစည်းများအပါအဝင် ထမနဲထိုးပွဲကို စည်ကားသိုက်မြိုက်စွာဆင်နွှဲပြုလုပ်ကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၅ နာရီခွဲတွင် ဆွမ်းတော်ကြီးဆပ်ကပ်လှူဒါန်းသွားရန် စီစဉ်ထား၍ နံနက် ၆ နာရီခွဲတွင် စေတီတော်ရင်ပြင်၌ဘုရားအမှူးပြုသော သံဃာတော် ၆၂ ပါးတို့ကို ဆွမ်းဆန်တော်များ လောင်းလှူသွားကြမည်ဖြစ်သည်။

"အဖိတ်နေ့ ညနေမှာ ထမနဲထိုးပြိုင်ပွဲလုပ်ပါမယ်။ လပြည့်နေ့နံနက်မှာ ဆွမ်းတော်ကြီးကပ်လှူရင်း ထမနဲကိုလည်းကပ်လှူသွားမှာဖြစ်ပါတယ်။ စေတနာရှင်တွေအနေနဲ့လည်း မိမိတို့သဒ္ဓါတတ်အားသရွေ့ပါဝင်လှူဒါန်းနိုင်ပါတယ်" ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားတို့သည် မိမိတို့၏လယ်ယာမြေကထွက်ရှိသော အဦးအဖျား စပါး၊ ဆန်များဖြင့် ဗုဒ္ဓမြတ်စွာဘုရားနှင့် သံဃာတော်များကို ထမနဲထိုးလှူဒါန်းသော ရိုးရာဓလေ့ရှိကြသည်။ ဆောင်းရာသီ တပို့တွဲလရောက်သည့်အခါတိုင်း မြန်မာတိုင်းရင်းသားတို့သည် မြန်မာ့ရိုးရာအစားအစာဖြစ်သော ထမနဲကို လှူဒါန်းလိုခြင်း၊ စားသုံးလိုခြင်း၊ လက်ဆောင်ပေးလိုခြင်းစသည့် ဆန္ဒများ လည်းဖြစ်ပေါ်လေ့ရှိကြသည်။

မြန်မာလူမျိုးတို့၏ ထမနဲထိုးသောရိုးရာဓလေ့ကိုထိန်းသိမ်းဖော်ဆောင်သည့်အနေဖြင့် မြတ်စွာဘုရားကို ထမနဲဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဘုရားအမှူးရှိသောသံဃာတော်များကို ထမနဲနှင့် အခြားလှူဖွယ်ပစ္စည်းများဖြင့် ဆွမ်းတော်ကြီး လောင်းလှူခြင်း၊ ဘုရားဖူးအလှူရှင်များကို ထမနဲလှူဒါန်းခြင်း စသည့် ကောင်းမှု ကုသိုလ်များအပြင် ထမနဲထိုးပြိုင်ပွဲတို့ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ရွှေတိဂုံစေတီတော်ကြီးတွင် ယင်းကဲ့သို့စီစဉ်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။

ထိုထမနဲလှူဒါန်းပွဲသို့စေတနာတတ်အားသရွေ့လှူဒါန်းနိုင်သလို ဆွမ်းတော်ကြီးကပ်လှူရန် သစ်သီး ဆွမ်း၊ မုန့်ဆွမ်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များကိုလည်း ချမ်းသာကြီးတန်ဆောင်းသို့ အဖိတ်နေ့ ညနေတွင်ပေးပို့လှူဒါန်းနိုင်ကြောင်း၊ ထမနဲထိုးလှူဒါန်းပွဲအတွက် ထမနဲတစ်ဒယ်လျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် လှူဒါန်းပါက အလှူရှင်ကိုဂေါပကအဖွဲ့က ထမနဲ လေးပုံတစ်ပုံကို ပြန်၍ လက်ဆောင်ပေးမည်ဖြစ်ရာ အဆိုပါထမနဲကို အလှူရှင်က မိမိနှစ်သက်သလိုလှူဒါန်းခြင်း၊ လက်ဆောင်ပေးခြင်းတို့ဖြင့် ပြုလုပ်နိုင်မှာ ဖြစ်ကြောင်း၊ ထိုမြန်မာ့ရိုးရာထမနဲ လှူဒါန်းပွဲအတွက်ကိုလည်း အလှူခံမဏ္ဍပ်ကို စေတီတော်ရင်ပြင်ရှိ အဂ်ီထောင့်တွင် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ (Snow)

## မြတ်မော်တင်စွန်း ဘုရားပွဲတော် တစ်လတိုင်တိုင် ကျင်းပမည်

**ပုသိမ် ဖေဖော်ဝါရီ ၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် မြတ်မော်တင်စွန်းဘုရားပွဲတော်ကို ယခင်နှစ်များနည်းတူ (ဖေဖော်ဝါရီ ၁၂ ရက်မှ မတ် ၁၂ ရက်) အထိ တစ်လတိတိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုရားပွဲတော်ကျင်းပရေးကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် ကမ်းရိုးတန်းသွား ရေယာဉ်များဖြင့်လည်းကောင်း၊ လေအိတ်မှန်လုံယာဉ်ကြီးများနှင့်လည်း ကောင်းပြေးဆွဲသွားမည်ဖြစ်သည်။

ယခုအခါ စေတီတော်ကြီး၏ ရင်ပြင်ပေါ်သို့ ပုသိမ်-မော်တင်ကားလမ်းရှိ မိုင်တိုင်အမှတ် ( ၉၅/၆) မှ မော်တော်ယာဉ်များဖြင့် ဘုရားဖူးလာသူများ လွယ်ကူစွာ တိုက်ရိုက်သွားရောက်နိုင်မည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ အဆင်ပြေတည်းခိုနိုင်ရေးအတွက် စေတီတော်၏ အနောက်ဘက်ကမ်းခြေတွင် ချောင်းသာဟိုတယ်ပိုင်ရှင်များ အသင်းက အခန်း ၅၀ ပါ ဟိုတယ်တစ်လုံး၊ ဒိုင်းမွန်းပဲလေ့(စ်) ကုမ္ပဏီက အခန်း ၅၀ ပါ ဟိုတယ်တစ်လုံးတို့ကို ဆောက်လုပ်ဖွင့်လှစ်ထားပြီးဖြစ်သည်။

ဆံတော်ရှင်စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုပြီး မွေ့တောင်ရေချိုးဆိပ်၏ ပင်လယ်ကမ်းခြေ သဘာဝအလှအပများ၊ သန့်ရှင်းလတ်ဆတ်သော ပင်လယ်လေကို ရှူရှိုက်ရင်း စိတ်ချမ်းမြေ့စွာ အပန်းဖြေနေနိုင်ရေးတို့ကို စီစဉ်ထားရှိကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ ဝက်သက်ရောဂါကာကွယ်ဆေးအစုလိုက်ထိုး

**တွံတေး ဖေဖော်ဝါရီ ၈**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ဝက်သက်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီမှစတင်၍ စုရပ်များတွင်း တစ်မြို့နယ်လုံး တစ်ပြိုင်တည်းထိုးနှံပေးနေကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ကြီးမှူး၍ ဝက်သက်ရောဂါကာကွယ်ရေးထိုးခြင်းကို "ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်ပိုးကြောင့်ဖြစ်ပြီး အလွန်ကူးစက်မြန်သည့်ရောဂါဖြစ်သည့်အပြင် ဖျားခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ မျက်လုံးနီလျက် မျက်ဝတ်ထွက်ခြင်းနှင့် ခန္ဓာကိုယ်အနှံ့တွင် အနီရောင်အပိန့်များထွက်ခြင်း စသည့်လက္ခဏာများဖြစ်ပွားတတ်ပြီး နောက်ဆက်တွဲ ရောဂါများဖြစ်သည့် မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း၊ ဝမ်းလျှောပြီး ပြင်းထန်စွာ အရည်ခန်းခြောက်ခြင်း၊ နားပြည်ယိုခြင်းနှင့် ပြင်းထန်အဆုတ်ရောင်ခြင်း (နမိုးနီးယား) တို့ကို ဖြစ်တတ်သော ရောဂါဖြစ်သည့်အတွက် လှိုင်သာယာ၊ တွံတေး၊ သာကေတ၊ အင်းစိန်၊ ကြည့်မြင်တိုင်မြို့နယ်တို့တွင် ဝက်သက်ရောဂါကာကွယ်ဆေးကို ဖေဖော်ဝါရီ ၆ ရက်မှ ၂၀ ရက်အထိ အသက် ကိုးလမှ အသက် ၁၅ နှစ်အတွင်း ကလေးငယ်အားလုံးထိုးရန်လိုအပ်ကြောင်း ရေကျော်ကျေးလက်ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးစိုးဝင်းထွန်းက ပြောကြားသည်။ **မျိုးလှိုင် (တွံတေး)**



## (၁၉၁)ကြိမ်မြောက် ကရင်ရိုးရာနယ်လုံးကျွတ်မီးပုံပွဲကျင်းပမည်



**ကော့ကရိတ် ဖေဖော်ဝါရီ ၈**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်ရိုးရာ နယ်လုံးကျွတ်မီးပုံပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျင်းပနိုင်ရေးအတွက် မီးပုံတိုင်ထူခြင်းကို ဖေဖော်ဝါရီ ၄ ရက်တွင် စိုက်ထူခဲ့ကြသည်။

အဆိုပါမီးပုံပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိရာ အကြိမ် (၁၉၀) တိုင်ခဲ့ပြီးဖြစ်သည်။ မီးပုံပွဲတော်ကျင်းပရခြင်းမှာ စူဠာမုနိစေတီတော်ကို ရည်စူး၍ မီးပုံတင်လှူပူဇော်ခြင်း၊ အယူဝါဒကူးပြောင်းခြင်းနှင့် အဌမုဒ်ဂြိုဟ်ခွင်ပူဇော်ခြင်းကို ဆောင်ရွက်ကြသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်က မြတ်စွာဘုရားသခင်အား အချမ်းမှ သက်သာစေရန် ရှင်အာနန္ဒာက ဒုကုဋ်တော်တင် လွှမ်းပေးခြင်းကြောင့် နံ့သာထင်းများဖြင့် လှူဒါန်းပူဇော်ကြခြင်းဖြစ်သည်။

ထို့ကြောင့် မီးပုံပွဲပူဇော်ရာတွင် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ပတ်ဝန်းကျင်ရှိ ကျေးရွာပြည်သူများမှ သက်ရင်းပင်တွင် မိမိတို့ဆုတောင်းစာများချိတ်ဆွဲ၍ ယူဆောင်လာပြီး ပင်မမီးပုံတိုင်တွင် စီတန်းကာ စုပုံကြသည်။ အဆိုပါ ကရင်ရိုးရာနယ်လုံးကျွတ် မီးပုံကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၄ နာရီတွင် မီးရှို့ပူဇော်ကြမည်ဖြစ်ပြီး ပွဲတော်ရက်ကာလမှာ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာဆိုပညာရှင်တို့၏ အဆိုအမိန့်အရ တပို့တွဲလညများ၌ ဆီးနှင်းများ များစွာကျ၍ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသောကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင် အချမ်းဒဏ်ကိုခံနိုင်ရန်(ဝါ) ခေတ်ကြီးလေးပါး မှုတစေရန် မီးအိုးကင်းတွင် ရွှေလက်တော်တင်ကာ မီးလှုံတော်မူခဲ့ရဖူးသည်(ဝါ) ဒုကုဋ်သက်န်းထပ်ခြုံတော်မူခဲ့ဖူးသည်ကို အစွဲပြု၍ ရှေးမြန်မာရဟန်းရှင်လူတို့က ရာသီပွဲတော်အဖြစ် တပို့တွဲလတွင် မီးအလှူပွဲ(ဝါ) မီးကုသိုလ်ပြုပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုသို့ပူဇော်ခြင်းကြောင့် စားပင်သီးနှံများတိုးပွားခြင်း၊ လာဘ်များတိုး ပွားခြင်း၊ ရောဂါဘယကင်းရှင်းခြင်း စသည်တို့ကို ရရှိစေကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ပဲခူးမြို့၌ ခုတင် (၅၀၀) ဆံ့ဆေးရုံ တည်ဆောက်မည်

**ပဲခူး ဖေဖော်ဝါရီ ၈**

ပဲခူးမြို့ ကလိကျေးရွာအနီး မြို့ရှောင်လမ်းဘေးရှိ မြေ ၂၅ ဧကပေါ်တွင် ငွေကျပ်သိန်းပေါင်း ၂၄၀၀၀ ကျော်အသုံးပြုပြီး ခြောက်ထပ်ဆောင် ခုတင်(၅၀၀)ဆံ့ ဆေးရုံတည်ဆောက်မည်ဖြစ်သည်။

အဆိုပါ ခုတင် (၅၀၀)ဆံ့ဆေးရုံကြီး တည်ဆောက်ဖွင့်လှစ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ညွှန်ကြားထားပြီး ငွေကျပ်သိန်းပေါင်း ၂၄၀၀၀ ကျော် အကုန်ကျခံသုံးစွဲသွားမည်ဖြစ်ရာ ယခုဘတ်ဂျက် ကာလတွင် ငွေကျပ်သိန်း ၈၀၀၀ စတင်သုံးစွဲရန် တင်ဒါများခေါ်ယူထားပြီးဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က မီဒီယာများနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

လက်ရှိ ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးသည် ခုတင် (၅၀၀) ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့် ဖွင့်လှစ်ထားသော်လည်း ခုတင် (၂၀၀) ဆံ့ ဆေးရုံအဆင့်လောက်သာရှိသေးသည့်အပြင် ဆေးရုံ ပရဝဏ် မြေနေရာမှာလည်း ကျဉ်းမြောင်းနေသည်။ အသစ်တည်ဆောက်မည့် ခုတင် (၅၀၀) ဆံ့ ဆေးရုံကြီးပြီးစီးသွားပါက ပြင်ပလူနာကုသမှုဌာနအပြင် ခုတင် (၅၀၀)ဆံ့ ဆေးရုံ၏ ဝန်ဆောင်မှုများကိုလည်း အပြည့်အဝ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်။

လက်ရှိတည်ရှိနေသော ဆေးရုံကြီးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ထားသည့်အတွက် ဘယ်လိုဆက်လက်အသုံးပြုသွားမည်ကို မသိရှိကြောင်း၊ အသစ်တည်ဆောက်မည့် ခုတင် (၅၀၀) ဆံ့ ဆေးရုံကြီးအား ဖေဖော်ဝါရီလကုန်တွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောဆိုသည်။

အဆိုပါဆေးရုံအသစ် တည်ဆောက်မည့်မြေနေရာသည် ဦးပိုင်အမှတ် (၆၄၇-ခ)၊ ၆၄၉ တွင် တည်ရှိပြီး ယခင်ကုန်သွယ်လယ်ယာဦးစီးဌာနပိုင် မြေဧက ၃၀ အနက်မှ ၂၅ ဧကအား အလှူရှင်တစ်ဦးက ဝယ်ယူလှူဒါန်းထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မြို့နယ်အတွင်းရှိရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မျှမျှတတဖြစ်အောင် ကျေးရွာလိုအပ်ချက်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေး

**တပ်ကုန်း ဖေဖော်ဝါရီ ၈**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပုဗ္ဗသီရိမြို့ပတ် ကွန်ကရစ်လမ်းမှ ရွှေးစုကျေးရွာ (၁ မိုင်၊ သုည ဒသမ ၈ဖာလုံ) ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉နာရီက အဆိုပါလမ်းရှိ ရွှေဥဒေါင်းကျေးရွာအနီး မုဒ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးဝင်း၊ ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မျှမျှတတဖြစ်အောင် ကျေးရွာလိုအပ်ချက်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်တဲ့ ပုဗ္ဗသီရိမြို့ပတ် ကွန်ကရစ်လမ်းမှ ရွှေးစုကျေးရွာကျောက်ချောလမ်းဟာ ရွှေးစုကျေးရွာအုပ်စု၊ ရွှေးစုကျေးရွာ၊ ဆည်ထိပ်ကျေးရွာနှင့် ရှားတောကျေးရွာအုပ်စု၊ ရွှေဥဒေါင်းကျေးရွာစသည့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ အကျိုးပြုမည့် လမ်းဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူများကလည်း မိမိတို့ အသုံးပြုမည့် ကျောက်ချောလမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း အမှာစကား ပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျောက်ချောလမ်းဆောင်ရွက်ထားမှုအား ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ကျောက်ချောလမ်းအား ဒေသခံ ပြည်သူများ သွားလာရေးအဆင်ပြေစေရန် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးဌေးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၇၂ ဒသမ ၉၄၄ ဖြင့် Royal Princes Co.Ltd. မှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူ ၅၀၀၀ ကျော်နှင့်ဒေသထွက်ကုန်များ၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေမည်ဖြစ်သည်။ **တင်စိုးလွင်**



## နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကျင်းပ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၈**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ယောစုကျေးရွာ လမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးဗိုလ်ဌေးမှ ကျေးရွာချင်းဆက်လမ်းခင်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူများကိုယ်စား ယောစုကျေးရွာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ သရက်အုပ်-ယောစု-ညောင်ကုန်းကျေးရွာချင်းဆက်လမ်းသည် အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေရှိ မြေနီကျောက်ချောလမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄ သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး သရက်အုပ်ကျေးရွာ၊ ယောစုကျေးရွာနှင့် ညောင်ကုန်းကျေးရွာနေ ဒေသခံပြည်သူများ ရာသီမရွေး ပွင့်ဖြူမြို့နယ်နှင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## နွေစပါးစိုက်တောင်သူများ စိုက်ပျိုးရေ မျှတလုံလောက်စွာ ရရှိရေး အထူးအလေးထားဆောင်ရွက်

**ပဲခူး ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် လက်ထောက်ညွှန်မှူး(ပဲခူး)ဦးမြင့်စိုး၊ ဦးစီးအရာရှိ ဦးဇော်မျိုးနိုင်တို့နှင့်အတူ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နွေစပါးစိုက်ပျိုးရေပေးဝေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ပဲခူးခရိုင် ပဲခူးမြို့နယ် ပေါင်းလောင်းချောင်းတူးဖော်ခြင်းလုပ်ငန်းအားလည်းကောင်း၊ သနပ်ပင်မြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းအတိုင်း တူးမြောင်းတစ်လျှောက် နွေစပါးစိုက်ပျိုးရေပေးဝေနေမှု အခြေအနေ၊ ပဲခူး-စစ်တောင်းတူးမြောင်းပေါ်ရှိ မင်းရွာရေလွှဲပေါက်၊ ပုဂံညောင်ပင်ရေလွှဲပေါက်နှင့် ပုဂံညောင်ပင်ရေလွှဲပေါက်မှတစ်ဆင့် ကဝမြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းမှ မိုင် ၃၀ စိမ်းလန်းမြောင်းအတွင်းသို့ နွေစပါးစိုက်ပျိုးရေ ပေးဝေမှုအခြေအနေအားကြည့်ရှုပြီး ညွှန်ကြားရေးမှူးက မိမိဝန်ထမ်းများအနေဖြင့် ယခုအချိန်သည် နွေစပါးစိုက်ပျိုးရာသီ၏ ရေလိုအပ်မှု အဓိကကျသည့်အချိန် ရောက်ရှိလာသည့်အတွက် စပါးစိုက်ပျိုးတောင်သူများ စိုက်ပျိုးရေမျှတလုံလောက်စွာ ရရှိရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်၊ ကွင်းအတွင်း အချိန်ပြည့်ရှိနေပြီး ရေစီမံခန့်ခွဲပေးဝေမှုအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပဲခူး-စစ်တောင်း တူးမြောင်းအတိုင်း သွားရောက်ပြီး ပေါင်းလောင်းချောင်းနှင့် ပဲခူး-စစ်တောင်းတူးမြောင်းဆုံရာ ဝေါမြို့နယ် ကော့ဝင်းကျေးရွာသို့ ရောက်ရှိပြီး ရေနုတ်ချောင်း အဆုံးသတ်ကောင်းမွန်မှု ရှိ-မရှိ စစ်ဆေးခဲ့ပြီး ဒေသခံများနှင့် တွေ့ဆုံ၍ ဌာန၏ ဆောင်ရွက်နေမှု လုပ်ငန်းစဉ်များအား သိရှိနားလည်အောင် ရှင်းလင်းပြောကြားခဲ့သည်။

ကော့ဝင်းနှင့် သဘော့ကန် ကျေးရွာအုပ်ချုပ်ရေးမှူးများက ပေါင်းလောင်းချောင်း ရေနုတ်မြောင်းတူးဖော်ပေးခြင်းဖြင့် မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့်အပြင် ပဲခူး-စစ်တောင်းတူးမြောင်းမှ နွေရာသီ နွေစပါးစိုက်ပျိုးရေရရှိခြင်း၊ ကုန်ထုတ်ရေလမ်းကြောင်းရရှိလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

**သူရအောင် (ပြည်)**

## ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဆောက်လုပ်မှုနှင့် ကျုံမငေးမြို့ အုပ်ချုပ်ရေးမှူးရုံး (စုပေါင်းရုံး) ဆောက်လုပ်မှု ကြည့်ရှု

**ဝါးခယ်မ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးအောင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဒုဦးစီးနေအိမ် နှစ်ခန်းတွဲ အဆောက်အအုံနှင့် ကျုံမငေးမြို့ အုပ်ချုပ်ရေးမှူးရုံး (စုပေါင်းရုံး) ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။



ယင်းသို့ စစ်ဆေးရာတွင် ဝါးခယ်မမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေး တာဝန်ခံများနှင့် တွေ့ဆုံပြီး အလျား ၃၈ ပေ၊ အနံ ပေ ၃၀ ရှိ RC တစ်ထပ် ဒုဦးစီး နေအိမ်နှစ်ခန်းတွဲအား စုစုပေါင်း ကုန်ကျငွေ ၂၅ ဒသမ ၁၀ သန်းဖြင့်လည်းကောင်း၊ အလျား ပေ ၁၅၀၊ အနံ ပေ ၆၀ ရှိ RC နှစ်ထပ် ကျုံမငေးမြို့ အုပ်ချုပ်ရေးမှူးရုံး (စုပေါင်းရုံး) အား စုစုပေါင်း ကုန်ကျငွေ ၂၀၀ ဒသမ ၂၈ သန်းဖြင့်လည်းကောင်း ဆောက်လုပ်လျက်ပြီး ဆောက်လုပ်ရေး တာဝန်ခံများက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**လွမ်းသီဟ (ဝါးခယ်မ)**




# လက်ထပ်တော့မည်ဆိုသည်မှာ မဟုတ်ကြောင်း ကမ်ဆိုးဟွန်၏အေဂျင်စီ ရှင်းလင်း

မကြာသေးမီက တရုတ်မီဒီယာတစ်ခုက တောင်ကိုရီးယားထိပ်တန်းမင်းသားတစ်ဦးဖြစ်သူ ကမ်ဆိုးဟွန်ဟာ ယခုနှစ်အတွင်း လက်ထပ်တော့မှာဖြစ်ကြောင်း ဖော်ပြခဲ့တဲ့အပေါ် ကမ်ဆိုးဟွန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က အဆိုပါသတင်းဟာ မမှန်ကန်ကြောင်းနဲ့ ဆက်လက်ဖော်ပြမည်ဆိုပါက တရားစွဲဆိုသွားမှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အောကေပေ့ါ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၆ ရက်မှာ တရုတ်မီဒီယာတစ်ခုဖြစ်တဲ့ “Sina” က ကမ်ဆိုးဟွန်ဟာ တောင်ကိုရီးယား သရုပ်ဆောင်တစ်ဦးအဖြစ်သာမက တေးသံရှင်တစ်ဦးအဖြစ်ပါကျော်ကြားတဲ့ အာဆိုဟီးနဲ့ လွန်ခဲ့တဲ့ တစ်နှစ်ခန့်က ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြပြီး လာမယ့် ဧပြီလအတွင်း လက်ထပ်တော့မှာဖြစ်ကြောင်းနဲ့ ဆိုဟီးကို သူ့ရဲ့ လတ်ရှိဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်နဲ့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်စက်တင်ဘာလအတွင်း စတင်ဆက်သွယ်ပေးခဲ့သူမှာလည်း ကမ်ဆိုးဟွန်ဖြစ်ကြောင်း ဖော်ပြခဲ့တဲ့အပေါ် သူတို့နှစ်ဦးစလုံးရဲ့ အေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က မဟုတ်မှန်ကြောင်း တရားဝင်ရှင်းလင်းခဲ့တာဖြစ်ပါတယ်။

ကီးအိစ်ထ်အန်တာတိန်းမန့်က အဆိုပါကောလာဟလသတင်းမှာ တုံ့ပြန်ပြောကြားဖို့ပင်မထိုက်တန်ကြောင်းနဲ့ ယခုလို သတင်းမှားတွေကို ဖော်ပြေခဲ့တဲ့မီဒီယာကိုလည်း အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်းနဲ့ ဆက်လက်ဖော်ပြပါကလည်း တရားစွဲဆိုသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ကြောင်း သိရပါတယ်။

## အမြွှာလေးနှစ်ဦးကို ထပ်မံမွေးစားလိုက်တဲ့ မက်ဒေါနား




ပေ့ါ်ပ်အဆိုတော် မက်ဒေါနားဟာ လတ်တလောမှာ မော်လဝီနိုင်ငံက အမြွှာလေးနှစ်ဦးကို ထပ်မံမွေးစားလိုက်ပြီဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၅၈)နှစ်ရှိပြီဖြစ်တဲ့ မက်ဒေါနားဟာ မော်လဝီနိုင်ငံသူတွေဖြစ်ကြတဲ့ အသက် (၄)နှစ်အရွယ် အမြွှာညီအစ်မနှစ်ဦးကို တရားဝင်မွေးစားလိုက်ပြီဖြစ်ကာ တရားဝင်မွေးစားခွင့်အတွက် ဆောင်ရွက်နေတဲ့ မက်ဒေါနားကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၈ ရက်က တရားရုံးတစ်ခုမှာ တွေ့မြင်ခဲ့ရကြောင်းလည်း သိရပါတယ်။

ယခုလအစပိုင်းမှာ မက်ဒေါနားဟာ နောက်ထပ်ကလေးငယ်လေးတွေ ထပ်မံမွေးစားဖို့ စီစဉ်နေကြောင်း ကောလာဟလတွေပေါ် ထွက်လာခဲ့ပြီး အဆိုပါကောလာဟလတွေဟာ မမှန်ကန်ကြောင်း မက်ဒေါနနားက ပြန်လည်ငြင်းဆိုခဲ့ပေမယ့် လတ်တလောမှာတော့ အဆိုပါအမြွှာလေးတွေရဲ့ ဖခင်ဖြစ်သူ ဦးလေးတို့နဲ့အတူ မက်ဒေါနားကို တရားရုံးမှာ တွေ့မြင်ခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

မက်ဒေါနားဟာ ယခင်ကလည်း မော်လဝီနိုင်ငံက ကလေးတွေကို မွေးစားခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်က ဗေစ်ဘန်ဒါလို့အမည်ရတဲ့ (၁၁) နှစ်အရွယ် ယောကျ်ားလေးတစ်ဦးကို မွေးစားခဲ့ကာ ၂၀၀၉ ခုနှစ်အတွင်းမှာလည်း မာစီဂျိမ်းစ်လို့အမည်ရတဲ့ မိန်းကလေးတစ်ဦးကို မော်လဝီနိုင်ငံကနေ မက်ဒေါနားက ခေါ်ယူမွေးစားခဲ့ကြောင်းလည်း သိရပါတယ်။

## ပရိသတ်က စန်နာအတွက် သစ်တောတစ်ခုလက်ဆောင်ပေးမည်



တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “TWCE”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ စန်နာအတွက် သူ့ရဲ့ပရိသတ်တွေက စန်နာလို့အမည်ရတဲ့ သစ်တောတစ်ခုကို စိုက်ပျိုးဖန်တီးပေးခဲ့ကာ မွေးနေ့လက်ဆောင်အဖြစ်ပေးရန် ရည်ရွယ်ထားကြကြောင်း အောကေပေ့ါ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ လာမယ့် ဒီဇင်ဘာလအတွင်း အသက် (၂၀)ပြည့်တော့မှာဖြစ်တဲ့ စန်နာအတွက် သူ့ရဲ့အသက် (၂၀)ပြည့်အထိမ်းအမှတ်အဖြစ် မွေးနေ့လက်ဆောင်ပေးဖို့ရည်ရွယ်ကာ ပရိသတ်တွေက အဆိုပါသစ်တောကို ဖန်တီးနေကြခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

တောင်ကိုရီးယားရဲ့ စီမံကိန်းတစ်ခုမှာ ကြယ်ပွင့်တွေရဲ့နာမည်ကိုအစွဲပြုထားတဲ့လမ်းမတွေကို တည်ဆောက်သွားမှာဖြစ်ပြီး အဆိုပါလမ်းမတွေနဲ့တွဲကာ ပရိသတ်တွေက သူတို့နှစ်သက်တဲ့ အနုပညာကြယ်ပွင့်တွေရဲ့ အမည်ကို အစွဲပြုထားတဲ့ သစ်တောလေးတွေကို ဖန်တီးပေးခွင့်ရကြမှာဖြစ်ပါတယ်။ ဒ့ါကြောင့် စန်နာရဲ့ပရိသတ်တွေကလည်း သူ့ရဲ့ အသက်(၂၀)ပြည့် မွေးနေ့လက်ဆောင်အဖြစ်ပေးဖို့ စန်နာသစ်တောလေးကို ဖန်တီးပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။

စန်နာဟာ ဂျပန်လူမျိုးတစ်ဦးဖြစ်ပြီး အလယ်တန်းကျောင်းသူဘဝမှာ တောင်ကိုရီးယားတေးသီချင်းတွေကို နှစ်သက်ခဲ့ကာ သူ့ရဲ့ လက်ရှိဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်နဲ့ ဆက်သွယ်မိပြီး ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်းက တောင်ကိုရီးယားသို့ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အဆိုပါသစ်တောလေးကို လွန်ခဲ့တဲ့ ငါးနှစ်ခန့် စန်နာတောင်ကိုရီးယားသို့ လာရောက်ကာ အဆိုတော်တစ်ဦးအဖြစ် အနုပညာခရီးစတင်ခဲ့စဉ်ကပင် ပရိသတ်တွေက သူ့အတွက် ရည်ရွယ်စိုက်ပျိုးပေးထားခဲ့ခြင်းဖြစ်ပြီး လတ်တလောမှာတော့ သစ်ပင်လေးတွေပင် အတော်ကြီးလာခဲ့ပြီဖြစ်ကာ အဆိုပါလက်ဆောင်ဟာ စန်နာအတွက် တကယ်ကို စိတ်လှုပ်ရှားဖွယ်လက်ဆောင်တစ်ခုဖြစ်လာဖို့ကိုလည်း သူ့ရဲ့ပရိသတ်တွေက မျှော်လင့်လျက်ရှိကြောင်း သိရပါတယ်။

## ကတ်တီပါရီရဲ့ တေးသီချင်းသစ် စတင်ထုတ်လွှင့်

နာမည်ကျော်ပေ့ါ်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ကတ်တီပါရီက တေးသီချင်းသစ်တစ်ပုဒ်ကို မကြာသေးမီက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ ကတ်တီပါရီက သူ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၈ ရက်က စတင်ပြီး သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ထုတ်လွှင့်ခဲ့ကာ အဆိုပါတေးသီချင်းကို “ Chained to the Rhythm”လို့ အမည်ပေးထားပုံရကြောင်းလည်း သိရပါတယ်။ ယင်းတေးသီချင်းကို မက်ဇ်မာတင်နဲ့ စိုင်ရာ တို့က ပူးပေါင်းထုတ်လုပ်ပေးထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါတေးဗီဒီယိုနဲ့အတူ ကတ်တီပါရီက ၁၀ ရက်၊ သောကြာနေ့လို့ ရေးသားဖော်ပြခဲ့တဲ့အတွက် ကတ်တီပါရီဟာ လာမယ့် ဖေဖော်ဝါရီ ၁၀ ရက်မှာ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ဝေဖန်သံတွေပေါ် ထွက်လာခဲ့ပေမယ့် ကတ်တီပါရီကတော့ လတ်တလော အချိန်အထိ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မယ့်ရက်ကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပါဘူး။

မကြာသေးမီကလည်း ကတ်တီပါရီက လာမယ့် ဖေဖော်ဝါရီ ၁၂ ရက်မှာ ကျင်းပသွားမယ့် ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း တရားဝင် ထုတ်ဖော်ပြောကြားခဲ့တယ် လိုလည်း သိရပါတယ်။





## Billboard Latin Music Awards ဆုပေးပွဲတွင် ဂျနီဖာလိုက်ပက်ဇ် ပါဝင်ဖျော်ဖြေမည်

ယခုနှစ်အတွက်ကျင်းပသွားမယ့် Billboard Latin Music Awards ဆုပေးပွဲကြီးမှာတော့ ပေ့ါ်ပ်အဆိုတော် ဂျနီဖာလိုပက်ဇ်ပါဝင်ဖျော်ဖြေသွားရန် စီစဉ်ထားကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ ဘေဘုတ်ပေါ်မှာ ထုတ်လွှင့်ခဲ့တဲ့တေးသီချင်းတွေအတွက် ထူးချွန်ဆုတွေကို ရွေးချယ်ပေးအပ်သွားမယ့် အဆိုပါဆုပေးပွဲရဲ့ ဆုဆန်ခါတင်စာရင်းကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၈ ရက်က လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြောကြားခဲ့ပြီး အဆိုပါဆုဆန်ခါတင်စာရင်းမှာ ဂျနီဖာလိုပက်ဇ်လည်း ပါဝင်နေကြောင်း သိရပါတယ်။

အဆိုပါ ဆုဆန်ခါတင်စာရင်းအရ ဂီတကြယ်ပွင့်တွေဖြစ်ကြတဲ့ ရှာကီရာ၊ နစ်ကီဂျမ်၊ မော်လူမာ၊ ဂျေဘော်ဗင် အစရှိတဲ့ တေးသံရှင်တွေက ဆုအရေ အတွက်အများဆုံးအတွက် လျာထားခဲ့ရပြီး ဆန်ခါတင်စာရင်းကို ဦးဆောင်နေကြောင်းလည်း သိရပါတယ်။

လက်တင်တေးဂီတတွေအနက် အထူးကျော်ကြားတဲ့ တေးအယ်လ်ဘမ်တွေ၊ တေးသီချင်းတွေနဲ့ တေးသံရှင်တွေကို နှစ်စဉ် ထူးချွန်ဆုတွေအပ်နှင်းပေးတဲ့ အဆိုပါတေးဂီတဆုပေးပွဲကြီးရဲ့ ၂၀၁၇ ခုနှစ်အတွက် ဆုဆန်ခါတင်စာရင်းမှာတော့ ဂျနီဖာလိုပက်ဇ်က ထူးချွန်ဆုနှစ်ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရကာ ယင်းဆုပေးပွဲကြီးကိုတော့ လာမယ့် ဧပြီ ၂၇ ရက်မှာ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် စုစည်းရေးသားသည်**

# သံဃာတော်များ ဆေးကုသမှုခံယူနိုင်ရန် သထုံတွင် သံဃာ့ဆေးရုံသစ် တည်ဆောက်မည်



**သထုံ ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ သံဃာတော်များ ကောင်းမွန်ပြည့်စုံစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရေးအတွက် သထုံမြို့နယ် သံဃာ့နာယကဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် ဂိလာနသံဃာတော်များစောင့်ရှောက်ရေးအဖွဲ့မှ သထုံခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ငွေကျပ်သိန်း ၂၇၀၀ ကျော်ကုန်ကျမည့် သံဃာ့ဆေးရုံသစ်ကြီးကို ယခုလအတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ သံဃာ့ဆေးရုံက ခုတင် (၂၀) ပဲ ဆံ့တယ်။ နှစ်ပေါင်း ၆၀ လောက်ရှိပြီဆိုတော့ ဟောင်းနွမ်းပျက်စီးလာပြီ။ သံဃာတော်တွေအနေနဲ့ သီတင်းသုံးရတာ အဆင်ပြေမှုမရှိတော့ဘူး။ ဒီအတွက် အဆင့်မီတဲ့ သံဃာ့ဆေးရုံကြီးဖြစ်ဖို့ လွန်ခဲ့တဲ့သုံးလေးနှစ်ကတည်းက ကြိုးစားခဲ့ရတယ်။ အခက်အခဲတွေကတော့ အများကြီးပေါ့။ အပြင်မှာသွားဆောက်ရင်လည်း ဆေးရုံဝန်ထမ်းတွေက စောင့်ရှောက်ဖို့ခဲယဉ်းတယ်။ ဒါကြောင့် ဆေးရုံသစ်ဆောက်မယ့်နေရာကို ဆေးရုံဝင်းအတွင်းက အဆင်ပြေမယ့်နေရာကို ရွေးထားတယ်။ ကျန်းမာရေးဌာနကလည်း ခွင့်ပြုချက်ရထားပါပြီ။ လောလောဆယ် အဲဒီမှာရှိနေတဲ့ အဆောက်အအုံဟောင်းကို ဖျက်နေတယ်။ ပြီးရင်တော့ သံဃာ့ဆေးရုံကို ဆောက်တော့မှာပါ" ဟု သထုံမြို့နယ် ဂိလာနသံဃာတော်များစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရွှေသင်းက ပြောသည်။

သထုံဂိလာနသံဃာ့ဆေးရုံသစ်တွင် အနယ်နယ်အရပ်ရပ်မှ မည်သည့်သံဃာတော်များမဆို တက်ရောက်ကုသမှုခံယူနိုင်ပြီး သံဃာတော်အားလုံးအား ဆွမ်းကွမ်းလှူဒါန်းခြင်း ဆောင်ရွက်ပေးမည်ဖြစ်သော်လည်း ဆေးကုသစရိတ်များကိုမူ သထုံမြို့နယ် ဂိလာနသံဃာတော်များစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ရန်ပုံငွေအခက်အခဲကြောင့် မြို့နယ်သံဃနာယကအဖွဲ့မှ အသိမှတ်ပြုထားသည့် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များကိုသာ ဦးစားပေးထောက်ပံ့ပေးမည်ဖြစ်သည်။

ယခုဆောက်လုပ်မည့် သံဃာ့ဆေးရုံသစ်မှာ အလျားပေ ၁၀၀၊ အနံ ၃၈ ပေ၊ အမြင့် ၁၂ ပေ၊ နှစ်ထပ် (တန်ဖိုးငွေကျပ် ၂၇၈၇ သိန်း ကုန်ကျမည်)ဖြစ်ပြီး သံဃာတော်အပါး ၄၀ ခန့် တက်ရောက်ကုသနိုင်မည်ဖြစ်ကာ ဆေးရုံဆောက်လုပ်ရန်နှင့် ဆေးရုံပြီးစီးပါက တက်ရောက်ကုသမှုခံယူကြမည့် ဂိလာနသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အလှူငွေများလိုအပ်လျက်ရှိရာ သထုံမြို့နယ်သံဃနာယအဖွဲ့နှင့် ဂိလာနသံဃာတော်များစောင့်ရှောက်ရေးအဖွဲ့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးလူထုစည်းရုံးရေးမှူးသင်တန်းဖွင့်လှစ်

**ဒီးမော့ဆို ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူထုစည်းရုံးရေးမှူးသင်တန်း (၂/၂၀၁၇) ကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ ဖွင့်လှစ်ခဲ့သည်။

လူထုစည်းရုံးရေးမှူးသင်တန်းများဖွင့်လှစ်ခြင်းဖြင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၆ အုပ်စုမှ ကျေးရွာများအလိုက်လုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လူထုစည်းရုံးရေးမှူးများ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့အား စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် နည်းပညာစီမံခန့်ခွဲရေး၊ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်ရေးဆွဲနိုင်ရေး၊ လူထုစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လုပ်ငန်းအပေါ် ယုံကြည်သက်ဝင်လာစေရန်၊ အသင်းအဖွဲ့အလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရန်၊ ကျား/မအချိုးကျ ပါဝင်လာစေရန်၊ ကျေးရွာလူထုများထံသို့ ဆင့်ပွားသင်တန်းများ လွယ်ကူစွာ ပြန်လည်ပို့ချနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၆ ရက် မှ ၁၁ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူး စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပူတာအိုမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ပူတာအို ဖေဖော်ဝါရီ ၈**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး)က ကြီးမှူး၍ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောမှုတစ်ရပ်ကို ဖေဖော်ဝါရီ ၇ ရက် နံနက်၁၀နာရီက ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပူတာအိုမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်လွင်ဦးက လျှပ်စစ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်စစ်ဆေးရေးဌာန ကြီးကြပ်ရေးမှူး ဦးကိုကိုအောင်က လျှပ်စစ်စစ်ဆေးရေးဌာန၏ ရည်ရွယ်ချက်ခုနစ်ချက်၊ လုပ်ငန်းတာဝန်ငါးချက်၊ ဓာတ်လိုက်မှုဖြစ်ပွားရသည့်အကြောင်းအရင်းများ၊ လျှပ်စစ်နှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်အချက်များကို အသေးစိတ် အသိပညာပေးရှင်းလင်းဟောပြောပြီး လျှပ်စစ်စစ်ဆေးရေးဌာနမှထုတ်ဝေသည့် လျှပ်စစ်နှင့်ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များကို တက်ရောက်လာသည့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ၊ လုပ်ငန်းရှင်များ စုစုပေါင်း ၁၀၀ ခန့်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ HIV၊ AIDS ကာကွယ်ကုသခြင်းစီမံချက် အသိပညာပေး ဆွေးနွေးပွဲနှင့် စေတနာ့ဝန်ထမ်းသင်တန်းဖွင့်လှစ်

**ဘားအံ ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ HIV၊ AIDS ကာကွယ်ကုသခြင်းဆိုင်ရာ စီမံချက် (Service Delivery Scake-Up Project) အသိပညာပေးဆွေးနွေးပွဲနှင့် စေတနာ့ဝန်ထမ်း သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဂျိုဂျိုစန်းက အဖွင့်အမှာစကားပြောကြားပြီး MMCWA-IPPF အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်က စီမံချက်လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းပြောကြားကာ ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာနီဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အသိပညာပေးဆွေးနွေးပွဲနှင့် စေတနာ့ဝန်ထမ်းသင်တန်းသို့ ဘားအံ၊ မြဝတီ၊ ကြာအင်းဆိပ်ကြီးနှင့် သံတောင်မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၇ ရက်မှ ၁၀ ရက်အထိ လေးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်သည်။

MMCWA-IPPF အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရဲဝင်း၊ ပြည်နယ်ကုသရေးဦးစီးဌာနမှ ဒေါက်တာချိုမာကျော်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မိုးအေးနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက HIV၊ AIDS နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပေးဆွေးနွေးခြင်း၊ ကျား/မလူမှုဆိုင်ရာကဏ္ဍမှ ရှုထောင့်များ၊ ကျန်းမာရေးပညာပေးခြင်းနှင့် မြှင့်တင်ခြင်း၊ လူထုနှင့်ဆက်သွယ်စကားပြောခြင်း၊ မျိုးဆက်ပွားအင်္ဂါဆိုင်ရာ ခန္ဓာဗေဒ၊ ဇီဝကမ္မနှင့် မီးယပ်သွေးပေါ်ခြင်း၊ HIV အကြောင်းသိကောင်းစရာများ၊ HIV ကူးစက်ခြင်းနှင့်ကာကွယ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ကိုယ်ဝန်ဆောင်ခြင်းနှင့် မွေးဖွားခြင်း၊ ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်ခြင်းနှင့် မလိုလားအပ်သော ကိုယ်ဝန်၊ အမျိုးသားများ၏အခန်းကဏ္ဍ၊ မြို့နယ်အဆင့်လုပ်ငန်းလမ်းညွှန်အစရှိသည့် ဘာသာရပ်အလိုက် အကြောင်းအရာများကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဂျိုဂျိုစန်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမေစိုးဦး၊ ဒေါ်သီတာစိန် MMCWA-IPPF အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်စန်းရီ၊ ဥက္ကဋ္ဌ ဒေါ်ဇာနီဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



&efukt a&Jckf *kdpfqyfurf)rdU,f ,Ie0 ,mOfrdwfm(94) &yfuufatbD bavmufvrft vdkf&efukfrdwfmf pnfyifbm ,ma&; vrf;wHm;O)DDme\ pDDf uDuyfzifvrf;wHm;cifcifrdwifumv wifrdm;&moefrdumifredydfvrfrm; ay;wif&wifuefpcifr&Sp&efuefu&pf vrfxyfvdwfrSifcifvkfefrm;ukd vltifm;puf,EA;rm;zifyDDtmif aqmifufvuf&S azazm0&D&uf tus,f22ay t&Say500aumf'k 6vuf&S(1)vrftm;uefu&pfxyfrSn jcifrm;aqmifufbnf ဓာတ်ပုံ-ကျင်မောင်



## သုတအလင်းစာကြည့်တိုက်သို့ စာအုပ်စာစောင်နှင့် ထိုင်ခုံများလှူဒါန်း

**ပခုက္ကူ ဖေဖော်ဝါရီ ၈**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကြီးရွာကျေးရွာ သုတအလင်းစာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်နှင့် ထိုင်ခုံများကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါ စာကြည့်တိုက်ရှေ့၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကြီးရွာကျေးရွာ သုတအလင်း စာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင် သုတ၊ ရသ မျိုးစုံ ၆၁၉ အုပ်နှင့် ပလတ်စတစ်ထိုင်ခုံ ၁၀ လုံးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်နိုင်၊ ပခုက္ကူခရိုင် ဦးစီးအရာရှိ ဦးဇော်ဌေးအောင်နှင့် မကွေးမြို့ ဗုဒ္ဓဂုဏ်ရည်စာကြည့်တိုက် စာကြည့်တိုက်မှူး ဦးကျော်စိန်ဝင်းက သုတ၊ ရသစာအုပ် ၁၁၉ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနန်းထွေးနှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့သည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၇ ပေ၊ အနံ ပေ ၂၀၊ RC တစ်ထပ်သွပ်မိုး အဆောက်အအုံဖြစ်ပြီး ဆရာတော်ဦးခေမ္မပီယ၊ နိုင်ငံခြားရောက် ကျေးရွာလူငယ်များ၊ ကျေးရွာပြည်သူများက ငွေကျပ် ၆၄သိန်း အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ပခုက္ကူခရိုင် ပြန်/ဆက်ရုံးခန်းမ၌ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ပခုက္ကူမြို့နယ် လူငယ်ကွန်ရက်အကြံပေး ဦးရဲထွဋ်၊ စာကြည့်တိုက် ကော်မတီ ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးစာပေပွဲ ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုညောင်လေးပင်မြို့၌ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်



**ညောင်လေးပင် ဖေဖော်ဝါရီ ၈**
နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားမှုဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၄ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၁) ရပ်ကွက်ရှိ မြို့ကျက်သရေဆောင်ဘုရားကြီးဝင်းအတွင်းနှင့် အပြင်၌ ပြုလုပ်ကြသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးလူထုလှုပ်ရှားမှု ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်နိုင်ဦးနှင့်ဦးညီညီထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင်အောင်ဦးနှင့် အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာအကြီးအကဲများဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများ အင်အား ၅၀၀ ခန့်သည် ညောင်လေးပင်မြို့ ဘုရားကြီးဝင်းအတွင်းအပြင် နေရာများ၌ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက်စုပေါင်းညီညာစွာ လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသစ်ဖွင့်

**ကျိုက်မရော ဖေဖော်ဝါရီ ၈**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်ဒေသစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြကျေးလက်ကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊ ကျေးလက်လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါဖွင့်ပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်နှင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်တို့က ဖဲကြိုးဖြတ်စက်ခလုတ်နှိပ်ဖွင့်လှစ်၍ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## လျှပ်စစ်ဓာတ်အားတိုးမြှင့်ရန် လျှပ်စစ်လှောင်အိုးများတပ်ဆင်

**နွားထိုးကြီး ဖေဖော်ဝါရီ ၈**
နွားထိုးကြီးမြို့ပေါ် ရှစ်ရပ်ကွက်တွင် ရပ်ကွက် ခုနစ်ရပ်ကွက် လျှပ်စစ်မီး ညီမျှစွာသုံးစွဲနိုင်ရေးအတွက် မန္တလေးတိုင်းလျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းက ၃၁၅ လျှပ်စစ်လှောင်အိုးများကို တိုးချဲ့တပ်ဆင်ပေးနေကြောင်း မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးဆန်းတိုးကပြောသည်။

ယခုလောလောဆယ်တွင် အမှတ်(၈)ရပ်ကွက်၊ အမှတ်(၅) ရပ်ကွက်၊ တိုးချဲ့ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့တွင် (၃၁၅) လျှပ်စစ်လှောင်အိုး ထရန်စဖော်မာသုံးလုံး တပ်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးမြို့ပေါ်တွင် ပုဂ္ဂလိကဌာနဆိုင်ရာလုပ်ငန်းများမှ လျှပ်စစ်လှောင်အိုး ငါးလုံးနှင့် ရပ်ကွက်များတွင် လျှပ်စစ်လှောင်အိုး (၁၁) လုံး၊ ကျေးရွာကျေးလက် (၉၆) လုံး တပ်ဆင်သုံးစွဲနိုင်ရန် မီးအား မြှင့်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ကျေးရွာ (၉၆)ရွာတွင်လည်း ကိုယ့်အားကိုယ်ကိုးဖြင့် (၁၁) ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း ခုနစ်လုံးဆွဲ၍ (၂၄) နာရီ လျှပ်စစ်မီးပေးနိုင်ပြီဖြစ်သည်။

**ဌေးမြင့်မောင်**



## တန်ဖိုးနည်းဝါးကုလားထိုင်နှင့် ဝါးစားပွဲများကို ပုံစံအမျိုးမျိုး ပြုလုပ်ရောင်းချသူများ အဆင်ပြေလာ

**မန္တလေး ဖေဖော်ဝါရီ ၈**
မြန်မာ့ရိုးရာ ဝါးကုလားထိုင်များနှင့် ဝါးစားပွဲခုံများသည် ရောင်းအားကောင်းပြီးအသုံးများကြသည်။ တန်ဖိုးနည်း ဝါးကုလားထိုင်များသည်အလွယ်တကူရွှေ့ပြောင်းနိုင်သည့်အတွက် ဝယ်ယူမှုများပြားသည်။ လက်ရှိကာလတွင်ဝါးကုလားထိုင်များကို စက်ဘီးဆိုင်ကယ်များဖြင့်တင်ကာ အိမ်အရောက်တိုက်ရိုက်ဖြန့်ချိရောင်းချမှုများကို တွင်ကျယ်စွာပြုလုပ်လာကြသည်။ စက်ဘီးတစ်စီးဆိုင်ကယ်တစ်စီးလျှင် ဝါးကုလားထိုင်အနည်းဆုံး ရှစ်လုံးအထိတင်ကာ ရောင်းချကြသည်။ ဝါးကုလားထိုင်တစ်လုံးလျှင်ငွေကျပ် ၄၅၀၀ နှုန်းဖြင့် အိမ်အရောက်ပို့ဆောင်ပေးသည်။ ဝါးကုလားထိုင်နှင့်အတူ ဝါးပစ္စည်းများကို အများအားဖြင့် မျှင်ဝါးဖြင့်ပြုလုပ်ကြသည်။ ဝါးထည်ပစ္စည်းများတွင် ဝယ်ယူသူအကြိုက်ပုံစံအမျိုးမျိုးပြုလုပ်ကြသည်။ ဝါးကုလားထိုင်ပြုလုပ်ရာတွင် တစ်ယောက်ထိုင်ကုလားထိုင်၊ နှစ်ယောက်ထိုင်ကုလားထိုင်၊ သုံးယောက်ထိုင်ကုလားထိုင်များအဖြစ် ပြုလုပ်ကြသည်။ ဝါးစားပွဲများပြုလုပ်ရာတွင် တစ်ထပ်ရိုးရိုးဝါးစားပွဲခုံ၊ နှစ်ထပ်ဝါးစားပွဲခုံများအဖြစ် ပြုလုပ်ရောင်းချကြသည်။ ဝါးကုလားထိုင်နှင့် ဝါးထည်ပစ္စည်းများကို တစ်နှစ်ပတ်လုံးပြုလုပ်ရောင်းချကြသည်။ ဈေးကွက်တွင် မိုးရာသီဈေးကွက်မှာ အရောင်းရနည်းပြီး နွေရာသီဈေးကွက်မှာ ရောင်းအားအကောင်းဆုံးဖြစ်သည်။ လက်ရှိကာလတွင် ဆောင်းကုန်ခါနီးဈေးကွက်အတွက် ဝါးပစ္စည်းများကို တွင်ကျယ်စွာပြုလုပ်ရောင်းချလျက်ရှိသည်။

ဝါးကုလားထိုင်နှင့် ဝါးအိပ်စင်များပြုလုပ်ရာတွင် အရွယ်အစားအလိုက် အနည်းဆုံး ဝါးလေးလုံးမှ ခြောက်လုံးအထိ အသုံးပြုရပြီး ဝါးပစ္စည်းထုတ်လုပ်သူများမှာ တစ်နေ့လျှင် တစ်ယောက်ကုလားထိုင် ငါးလုံးမှ ခြောက်လုံးအထိပြီးကြသည်။ အများအားဖြင့် ဝါးပစ္စည်းများကို နှစ်ယောက်တစ်တွဲပြုလုပ်ကြသည်။ လက်ရှိကာလတွင် ဝါးကုလားထိုင်များကို ဆိုက်ကယ်များဖြင့်တင်ဆောင်ကာ မိုဘိုင်းစနစ်ဖြင့် ရောင်းဝယ်မှုများလာသည်။ ဝါးကုလားထိုင် သုံးယောက်ထိုင်ခုံတစ်လုံးလျှင် ငွေကျပ် ၇၀၀၀ မှ ကျပ် ၇၅၀၀၊ နှစ်ယောက်ထိုင် ဝါးကုလားထိုင်တစ်လုံးလျှင် ငွေကျပ် ၄၅၀၀၊ နှစ်ထပ်ဝါးစားပွဲတစ်လုံးလျှင် ငွေကျပ် ၄၀၀၀ မှ၄၅၀၀၊ တစ်ယောက်ထိုင်ရိုးရိုး ဝါးကုလားထိုင်တစ်လုံးလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀၊ ဝါးအိပ်စင်တစ်ခုလျှင် ငွေကျပ် ၄၅၀၀ မှ ၅၀၀၀ ဖြင့် ရောင်းချကြသည်။ ဝါးကုလားထိုင်များ၊ ဝါးအိပ်စင်များနှင့်အတူ ထန်းလက်ကုလားထိုင်များကိုပါ တွဲဖက်ပြုလုပ်ရောင်းချမှုများလည်းရှိသည်။

ဆောင်းကုန်ခါနီးဈေးကွက်တွင် အရောင်းသွက်သည့်အတွက် ဝါးများကို ကြိုတင်ဝယ်ထားခြင်း၊ ဝါးထည်ပစ္စည်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ဝါးထည်ပစ္စည်းများကို မိုဘိုင်းစနစ်ဖြင့် ရောင်းချသူများမှာလည်း ရောင်းအားကောင်းလာသည့်အတွက် ထုတ်လုပ်သူနှင့် တစ်ဆင့်ခံရောင်းချသူများပါ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



## စာဆိုတော်နေ့အထိမ်းအမှတ် တတိယအကြိမ်မြောက်စာပေဟောပြောပွဲ ကျင်းပနိုင်ရေးအစည်းအဝေးပြုလုပ်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၈**
ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းမှ ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦး၊ မြို့နယ်စာရေးဆရာအသင်းမှ ဆရာကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စာပေချစ်မြတ်နိုးသူများနှင့် လုပ်ငန်းစဉ်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **စာနည်းကိုကို**

## ခင်ဦးမြို့၌ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ခင်ဦး ဖေဖော်ဝါရီ ၈**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဦးစီးမှူးရုံးက ဆောင်ရွက်ပေးသော အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးက နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၄ ကတ်ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခင်ဦးစိုးဝေ)**

# ထီးလင်းမြို့နယ်တွင် လူထုဗဟိုပြုသော စီမံကိန်းလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ထီးလင်း ဖေဖော်ဝါရီ ၈**
ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ကျေးရွာများတွင် အမှန်တကယ်လိုအပ်လျက်ရှိသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါလုပ်ငန်းမှာ ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စက်ဝန်း လေးနှစ်တာကာလ ဖြစ်ကာ မြို့နယ်တွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ အမှန်တကယ်လိုအပ်လျက်ရှိသည့် သောက်သုံးရေလွယ်ကူစွာရရှိနိုင်ရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စာသင်ကျောင်း၊ ဆေးခန်းများ၊ စိုက်ပျိုးရေသွယ်လုပ်ငန်းများ ဆောက်လုပ်ပြုပြင်ရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းများချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာ၌ ဇန်နဝါရီ ၂၅ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကြီးမှူး၍ စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်ခဲ့ရာ အဆိုပါသင်တန်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူ ခြောက်ဦး၊ လူထုစည်းရုံးရေးမှူး ၂၅ ဦး၊ လက်ထောက်နည်းပညာမှူး ၁၅ ဦး၊ သင်တန်းနည်းပြ ငါးဦး၊ သင်တန်းနည်းပြအကူ ရှစ်ဦးတို့အား လုပ်ငန်းတာဝန်များ ပို့ချဆွေးနွေးခဲ့သည်။

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအတွင်း မင်းတုန်းနှင့် စေတုတ္တရာမြို့နယ်များတွင် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ နှစ်မှစတင်ကာ ဆော၊ ထီးလင်း၊ ပေါက်မြို့နယ်များတွင် စတင်ဆောင်ရွက်ကြောင်းနှင့် နိုင်ငံအတွင်း ၆၇ မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၆၅)**



# ကျွန်းလှတွင်လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်

**ကျွန်းလှ ဖေဖော်ဝါရီ ၈**
စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း၂၅၀ ဖြင့် ကျွန်းလှမြို့နယ်တွင် လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်လျက်ရှိကြောင်းသိရသည်။

ယင်းဝန်ထမ်းအိမ်ရာ လူနေခန်း ၁၆ ပါ (အလျား ၁၀၂× အနံ၂၅) ပေရှိ RC အဆောက်အအုံ အား မတ်လကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း 'ဟသ်ာကျော်ကြား' ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်က ပြောကြားခဲ့သည်။

အဆိုပါ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေခြင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

# လက်ထောက်နည်းပညာမှူး (TF) များ အခြေခံအဆောက်အအုံဆိုင်ရာ သင်တန်းဖွင့်

**ပေါင် ဖေဖော်ဝါရီ ၈**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် mobile Library, Community Center အဖြစ် ပြည်သူများအသုံးပြုနိုင်သော နေရာအဖြစ်ဖော်ဆောင်လျက်ရှိရာ မွန်ပြည်နယ် ပေါင်မြို့နယ်တွင် လက်ထောက်နည်းပညာမှူးများ (TF)အခြေခံအဆောက်အအုံဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက်၉နာရီက မြို့နယ် ပြန်/ဆက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင် ဦးစောအေးသောင်က သင်တန်း၏ ရည်ရွယ်ချက်နှင့်လုပ်ဆောင်ရမည့်အပိုင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယခုသင်တန်းမှ ရွေးချယ်ထားသည့် နည်းပညာမှူး ၁၇ ဦးကို ငါးရက်တာသင်တန်းပို့ချသွားမည်ဖြစ်ပြီး အဓိကအားဖြင့် စီမံကိန်းလုပ်ငန်းရွေးချယ်ရာတွင် ကျေးလက်နေပြည်သူများအတွက် အမှန်တကယ်လိုအပ်လျက်ရှိသည့် စီမံကိန်းမျိုးကို ပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ ဒီဇိုင်းရေးဆွဲရာတွင်လည်း ဒေသနှင့်အညီလိုက်၍ ကြီးကြပ်စီမံပေးရမည်ဖြစ်ကာ လုပ်ငန်းခွင်များတွင်လည်း ကျား၊ မ မခွဲခြားဘဲ တူညီသော လုပ်အားခပေးရမည်ဖြစ်ကြောင်း (Regional Infrastructure and Safeguards Consultant) မွန်ပြည်နယ် တာဝန်ခံ ဒေါ်သိမ့်ထက်ထက်ဝင်းက ပြောသည်။ **ကိုဟိန်း (ပေါင်)**

# လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာမြင့်မားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**ဟသ်ာတ ဖေဖော်ဝါရီ ၈**
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာမြင့်မားရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

သင်တန်းများဖွင့်လှစ်သင်ကြားခြင်းဖြင့် ဦးစီးဌာနလုပ်ငန်းများတွင် လက်တွေ့အသုံးချဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်၍ တိကျမှန်ကန်ပြီး ဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်လာသည့်အတွက် မလိုလားအပ်သော ပြဿနာများလည်း လျော့ပါးလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဦးစီးအရာရှိဒေါ်ခင်သူဇာက ပြောသည်။

အဆိုပါသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ သတင်းမီဒီယာ၊ ဥပဒေပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေးဘာသာရပ်၊ ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲရေးဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ နိုင်ငံ့သမိုင်းအဆင့်ဆင့်ပြောင်းလဲတိုးတက်မှုများဘာသာရပ် စသည့်ဘာသာရပ်ခေါင်းစဉ်အလိုက် ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများကသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဟသ်ာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်ခြောက်မြို့နယ်မှ အကြီးတန်းစာရေး၊ စာကြည့်တိုက်လက်ထောက်(၃)၊ ရုပ်သံကျွမ်းကျင်(၃)၊ အငယ်တန်းစာရေး စသည့် ဝန်ထမ်း ၁၇ ဦး တက်ရောက်ခဲ့သည်။ **ကျော်ကျော်(ခရိုင်ပြန်/ဆက်)**

# မန်တုံမြို့နယ်၌ပညာရေးဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာများအား အသိညာပေးဟောပြောပွဲကျင်းပ

**မန်တုံ ဖေဖော်ဝါရီ ၈**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်တွင် ကျန်းမာရေး ဦးစီးဌာနမှ ကြီးမှူး၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက အထက(မန်တုံ) ရွှေလီခန်းမ၌ ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးလာမာဆာအေးက ယခုကဲ့သို့ မိမိတို့ဌာနဝန်ထမ်းများကို ကျန်းမာရေး အသိပညာပေးသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန်တုံမြို့နယ် တွဲဘက်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာချစ်ဝင်းလေးက ပျိုဖော်ဝင်ကျောင်းသူများအား ဖျူရာမင်းဘီစီတိုက်ကျွေးနည်း၊ ဆေးပြားတွင် ပါဝင်သော အာဟာရဓာတ်နှင့် သတ္တုဓာတ်များအကြောင်း၊ ဆေးပြား သောက်သုံးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ ဆေးပြားတိုက်ရန်အညွှန်း၊ ဆေးပြားတိုက်ကျွေးခြင်းကြောင့် ရရှိနိုင်သော ဘေးထွက်ဆိုးကျိုးများ၊ သန္ဓေသားဘဝမှသည် အသက် (၂) နှစ်မပြည့်မီ ကာလအတွင်း အာဟာရစောင့်ရှောက်ခြင်းသည် ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးဆုံးလုပ်ဆောင်ချက်ဖြစ်သည့် ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားပြီးကာလ စားသုံးသင့်သည့် အာဟာရနှင့် ကလေးသူငယ်အတွက် အာဟာရပြည့်ဝအောင်စောင့်ရှောက်ပုံ၊ ခြောက်လအောက် ကလေးများအား မိခင်နို့ရည် တစ်မျိုးတည်းကိုသာ တိုက်ကျွေးသင့်ပုံ၊ ခြောက်လအောက်ကလေးအား ဖြည့်စွက်အစာ ကျွေးရသည့်အကြောင်းနှင့် သန်ကောင်နှင့် ပတ်သက်၍ အသက်အရွယ်အပိုင်းအခြားအလိုက် ကြိုတင်ကာကွယ် ရမည့်နည်းလမ်းများ၊ မျိုးဆက်ပွား ကျန်းမာရေးနှင့် သားဆက်ခြားခြင်းနည်းလမ်းများ၊ ကျောင်းကျန်းမာရေးအတွက် ဆောင်ရွက်သင့်သည်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပေးပြီး ဆရာ၊ ဆရာမများနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

ယင်းနောက် သွားဆရာဝန် ဒေါက်တာ စိုးဇော်ဦးက သွားနှင့် ခံတွင်းအတွက် ကာကွယ်ရန်နည်းလမ်း အဆင့်ဆင့်နှင့် ဘေးထွက်ဆိုးကျိုးများကို Power Point အသုံးပြု၍ နိုင်ငံတကာနှင့်ယှဉ်ကာ အသေးစိတ် ရှင်းလင်းပြသခဲ့သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစည်သူမောင်မောင်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ ကျန်းမာရေး အသိပညာပေးဟောပြောပွဲသို့ မန်တုံမြို့နယ် တစ်ခုလုံးရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

# ရေဘုတ်ဆည်ရေသောက်ဧရိယာအတွင်းသီးထပ်နှမ်းစိုက်ပျိုးနည်းသရုပ်ပြပွဲကျင်းပ



**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၈**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရေဘုတ်ဆည်ဧရိယာအတွင်း သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအား မြင့်မားစေပြီး တောင်သူများ ဝင်ငွေရရှိစေရေးအတွက် သီးထပ်နှမ်းစိုက်ပျိုးနည်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

လှိုင်းဘွဲ့မြို့နယ် သမ္မာန်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ သီးထပ်တိုးမြှင့်စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ရေဘုတ်ဆည်ဧရိယာအတွင်း စပါးစိုက်ပျိုး ရိတ်သိမ်းပြီးချိန် သီးထပ်နှမ်းစိုက်ပျိုးခြင်းဖြင့် တောင်သူများ၏ သီးထပ်စိုက်ပျိုးခြင်းသီးနှံစိုက်စွမ်းအားမြင့်မားစေပြီး ဝင်ငွေရရှိစေရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးဦးဇော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် မြို့နယ် စိုက်/ညှိအဖွဲ့များနှင့် တောင်သူ ၁၀၅ ဦး တက်ရောက်အား ပေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

## ကြော်ငြာ

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၁တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဖေဖော်ဝါရီ (၄/၉)ရက်နေ့ (ပ/၁)တန်းခွဲသစ်ဖွင့်မည်။ လဝဲတန်းခွဲသစ် ဖွင့်သည်။
ဓဋ္ဌ - Essay, Letter လက်ခံပြီ။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**FORWARD (YGN)**
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) (နေ့စဉ်)
09259259180
09259259181
09259259182

**GOLDEN LIGHT** 09-421099405, 43197550, 09-263434391, 252225772
မြှတ်လော်တင်ရှင်ဘုရား၊ပွဲတော်သို့ ငွေတောင်ကမ်းခြေ/ဝက်ရှန်ရှိကျွန်း (Feb-10/17/24)35,000
ရွှေစက်တော် သီးသန့်-မကွေး-မြို့ည-အကောက်တောင် (အပတ်စဉ်-သောကြာ) 35,000
ရွှေစက်တော်-ပုဂံ-ညောင်ဦး-ပုပ္ပါး/ရွှေစက်တော်-အလောင်းတော်ကဿပ(သောကြာ) 55,000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရိုးတောင် Guest.70000/ Motel.80000
အလောင်းတော်ကဿပ(သီးသန့်)-45000/မန္တလေး၊ပြင်ဦးလွင်၊ မိုးကုတ်၊ မိုးကိုင်း၊ မုံရွာ Guest.75000
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပုဏ္ဏ(မုံရွာ၊ ယုန်ကပ်)၊ (အပတ်စဉ်-သောကြာ) Hotel- 75000
မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဇုတ်-ဖျောက်ဖိုး(သောကြာ) ကားချိုးစံလှုံးရာသည် Package အထူးနှုန်း

**မိုးမြင့်ကြယ်**
ကျိုက်ထီးရိုး (နေ့စဉ်/ခြီးပ်) 33000
ချောင်းသာ (Guest - ခြီးပ်) 35000
(နေ့စဉ်) (Hotel - ခြီးပ်) 45000
ငွေဆောင် (Hotel - ခြီးပ်) 50000
(နေ့စဉ်) (Hotel+ကား) 40000
ရွှေစက်တော် (သီးသန့်) ] အပတ်စဉ်
ရွှေစက်တော် - ပုဂံ ] သောကြာ
ကားမျိုးစုံ ငှားရမ်းလုပ်ငန်းများဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

**FORWARD (YGN)** Travel & Tour Co., Ltd
ကျိုက်ထီးရိုး-နေ့ချင်းပြန် သီးသန့်ခရီးစဉ် 30000Ks (Feb 11,17,18,24,25 / Mar 3,4,10,11,17,18)
(ဆွမ်းတော်ပွဲ၊ နံနက်စာ၊ နေ့လည်စာ၊ တောင်တက်/ဆင်းကား၊ ရေသန့်၊ စနီးတာဝါ)
ဘားအံ-တောင်ပိုင်းတောင်၊ ချစ်သူ့မြိုင်၊ ကြောင့်တမ်းလပ် (နေ့ချင်းပြန်) Feb 11,18,25 Mar 4,11,18
ရွှေစက်တော်၊ စတ္တိန်းတဲ၊ နဂါးခွတ်၊ ထေတွေမြသလွန်
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပုဏ္ဏ-သိတိုင်ရှင်
အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ရွှေဘာတောင်၊ စစ်ကိုင်း၊ မုံရွာ
Feb 10,17,24 Mar 3,10,17,24 — မြို့ခင် ကော်မှတ် ငှားရမ်းရန်
09252522200,0933345545,09259259182

**ဆရာမိုး** Follow Me Ph.D (USA)
လိုနေသူကို ပေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
SUMMER GRAMMAR တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊ လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက် (၂)လအထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Feb 11 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
အင်္ဂလိပ်စာကို စာမေးပွဲ အောင်ရုံ ဂုဏ်ထူးထွက်ရုံမျှသာမက တစ်သက်တာအတွက် အခြေခံအုတ်မြစ် ခိုင်မာစွာ စနစ်တကျ တတ်ကျွမ်းချင်သူ
၉/၁၀ တန်း တက်မည့် ကျောင်းသား/ကျောင်းသူတိုင်းအတွက် Summer English Grammar အထူး တန်းခွဲသစ် လက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊ လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊ လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ စာအုပ်တိုက် (အပေါ်ထပ်)၊ အမှတ် ၁၈၊ ၅-လွှာ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798

**YCTC** Business Institute
(Batch 31) February 19th စမည်
PASAS (Singapore) မှ အသိအမှတ်ပြု
Executive Cert in Business Management (3 Modules)
(M 1) Cert in Human Resource Management
Dr. ဒေါ်ခွန့်မြွှားမြင့် Ph.D (HRM,Delhi University),M.Com, YIE (9:00 am to 12:00 pm)
(M 2) Cert in Leadership and Organizational Development
Dr. ဒေါ်ဝင်းသီတာ Ph.D (1:00 pm to 4:00 pm)
(M 3) Professional Cert in Marketing Management
Asst. Prof. ဦးဝင်းမင်းသိမ်း (Sayar Kevin)(Principal of YCTC) ( 4:00 pm to 7:00 pm)
Sunday Only (6 Weeks) တစ်ဘာသာချင်းစီ တက်ရောက်သူများကိုလည်း
YCTC မှ Competence Certificate ချီးမြှင့်ပါမည်။
အမှတ် (၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (PARK ROYAL HOTEL အနီး)
Ph : 01-393076 , 09-420118100, 09-250640429

**EDGE** ပညာရေးလမ်းညွှန်
EDUCATION DIRECTORY & GUIDE for EVERYONE

၂၀၁၇ အတွက်... ကြော်ငြာများထည့်သွင်းလိုပါက
www.edge.com.mm
YGN Hot Line : 09 44800 1662 Email: ydg.adv@mmrdpub.com
MDY Hot Line : 02 4000611 Email: mdg.adv@mmrdpub.com
MMRD

**အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်**
Winner Super Diamond Pile Co., Ltd.
W.S.D Group

# W.S.D Pile
Licence No.PL-12
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com
Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507

ကြော်ငြာ

## စန္ဒရား ဦးကွန်းဇော်
## အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ တိုက်အမှတ်(၅)၊ အခန်း(၂)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းအိမ်ရာနေ (ဦးကွန်းလုံး-ဒေါ်ညွန့်ရီ)တို့၏သား၊ ဒေါ်လှဲ့လှဲ့ဝင်း(တေးသံရှင်တက္ကသိုလ်လှဲ့လှဲ့၊ လက်ထောက်ညွှန်ကြားရေးမှူး-ဂီတ-ငြိမ်း၊ ကျွမ်းကျင်ပညာရှင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၏ခင်ပွန်း၊ ဦးဇော်သူလင်း-ဒေါ်နော်ဟယ်လင်၊ ဦးတင်ကိုဝင်း-ဒေါ်နန်းချယ်ရီအေး၊ ဒေါ်ခိုင်သဉ္ဇာ (Sky Net Up to Date Channel)တို့၏ဖခင်၊ ဖိဘီကွန်းဇော်၊ ရှယ်ရွန်ကွန်းဇော်၊ ဒင်ပါယ်ကွန်းဇော်တို့၏အဘိုးသည် ၈-၂-၂၀၁၇ရက် နံနက် ၁၁နာရီတွင် အမှတ်(၂)၊ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ တိုက်အမှတ်(၅)၊ အခန်း(၂)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်း အိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## စန္ဒရား ဦးကွန်းဇော်
## အသက်(၇၂)နှစ်
**ရန်ကုန်မြို့**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကျွမ်းကျင်သူ ဒေါ်လှဲ့လှဲ့ဝင်း (တက္ကသိုလ်လှဲ့လှဲ့)၏ခင်ပွန်းဖြစ်သူ စန္ဒရားကွန်းဇော် အသက်(၇၂) နှစ်သည် ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ်(၂)တပ်မတော်ဆေးရုံ၊ ရန်ကုန်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး-ဇနီး ဒေါ်မိုးစန္ဒာမြင့် နှင့်**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဦးဇော်ထွန်း (၉၈)နှစ်
**ပါမောက္ခ/ဌာနမှူး(ငြိမ်း) ခန္ဓာဗေဒဌာန**
**ဆေးတက္ကသိုလ်(၁)**

ဆရာကြီး ဒေါက်တာဦးဇော်ထွန်းသည် ၆-၂-၂၀၁၇ ရက်နေ့တွင် ကနေဒါနိုင်ငံ၌ ကွယ်လွန်ကြောင်းသိရပါသဖြင့် ဆရာကြီး၏မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄ခုနှစ်၊ ဆေးတက္ကသိုလ်(၁)ဝင် တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမင်းဦး (ကြို့ပင်ကောက်ရွှေသမင်ဆေးတိုက်)
## အသက်(၆၃)နှစ်

Grand Golfers Group ၏ အဖွဲ့ဝင် ဦးစိုးမင်းဦး ၇-၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Grand Golfers Group, Yangon Golf Club**

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း
**ဘုရား၊ သိမ်၊ ကျောင်းဝင်း၊ မြေဂရန်ဒါယိကာမကြီး**
## ဒေါ်ခင်နွဲ့(မြို့နယ် သ/မဦးစီးဌာန-ငြိမ်း) မော်လိုက်မြို့

မိသားစုနှင့် ရုတ်တရက်ခွဲခွာခဲ့သည်မှာ ၈-၂-၂၀၁၇ ရက်တွင် (၁)လပြည့်ခဲ့ပြီဖြစ်သော်လည်း နေ့စဉ်သတိရလျက် ကောင်းမှုကုသိုလ်များကို ဆောင်ရွက်ပေးခဲ့သည့်အတွက် မြင့်မြတ် အေးချမ်းသောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပြီး နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်ပါရန် ဆုတောင်းအမျှဝေပေးပါသည်။

ကျန်ရစ်သူမိသားစု

## (၂)နှစ်ပြည့်သတိရခြင်း
## ဗိုလ်မှူး မင်းမောင်မောင်(ငြိမ်း)

အစ်မကြီး ဒေါ်ခင်လှလှ၏သားငယ်ဖြစ်သူ ဗိုလ်မှူးမင်းမောင်မောင်(ငြိမ်း) ကွယ်လွန်ခဲ့သည်မှာ (၂) နှစ်ပြည့် မြောက်ပြီဖြစ်ပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ သတိရလျက်ရှိပြီး မိခင်ကြီးမှ ရည်စူးပြုလုပ်ပေးသော ကုသိုလ်ကောင်းမှုများအား မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**၁၉၈၄ လက်ထောက်မန်နေဂျာ၊ ရောင်း/စက်**
**မြန်မာ့သစ်လုပ်ငန်း**
**အလုပ်ဝင်အရာထမ်းများ**

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးအီးဟန်ဇာနန်
**(မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း)**
## အသက် (၇၇)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုးဖေကျေးရွာနေဦးခုတ်ငင့်-ဒေါ်တွန်းကျင်းတို့၏ တစ်ဦးတည်းသောသား၊ ဒေါ်မန်ခိုညောင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးငင့်ခတ်ပွန့်-ဒေါ်ဒင်လန်းကျင်(U.S.A)၊ ဦးထန်ဒိုဒါးလ်-ဒေါ်ဝါဝါသန်း(U.S.A)၊ ဦးဟောက်ခန်မွန်(မွန်ပီး) (U.S.A)၊ ဒေါ်ကျင်ခန်းညမ်(ခ)ဘေဘီတို့၏ချစ်လှစွာသောမွေးသဖခင်၊ မောင်နန်ဆန်းလျင်(နိုးနိုး)၏ ချစ်လှစွာသော အဘိုး ဦးအီးဟန်ဇာနန်သည် ၈-၂-၂၀၁၇ ရက်တွင် အမှတ်(၈၇/၂)၊ ကျွန်းရွှေဝါလမ်း၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဇော်မင်း(ဂန့်ဂေါ) အသက်(၇၀)
**ဂန့်ဂေါမြို့နယ်၊ကောင်စီဥက္ကဋ္ဌဟောင်း ဟိဏ်းဟံသာဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်၊ မန်နေဂျင်းဒါရိုက်တာ**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ စည်ပင်သာယာရပ်ကွက်နေ (ဦးစိုးလှ-ဒေါ်မြသိုက်)တို့၏ သား၊ (ဦးမျှင်-ဒေါ်မေ)တို့၏ သားသမက်၊ (ဆရာမဒေါ်စောစော)၏ခင်ပွန်း၊ ကိုဇော်မျိုးထက်-မနန်းယုယုသန်း၊ (ကိုကျော်မျိုးသက်)၊ (ကိုရဲမင်းလတ်)-မတင်တင်နွယ်၊မမီမီကို၊ကိုဇော်ဇော်ကိုတို့၏ဖခင်၊ မောင်စိုင်းတေဇအောင်၊ မယူမီစုလတ်တို့၏အဘိုးသည် ၇-၂-၂၀၁၇(အင်္ဂါနေ့) ညနေ ၃း၃၇နာရီတွင် ဂန့်ဂေါမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ဂန့်ဂေါမြို့ စည်ပင်သာယာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ငြိမ်း (၉၁)နှစ်
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ နယ်မြေ(၂)နေ (ဦးလူဘ-ဒေါ်စောရှင်)တို့၏သား၊ (ဒေါ်ချစ်စိန်)၊ (ဗိုလ်မှူးကျော်စိမ့်-ငြိမ်း)တို့၏ မောင်/ညီ၊ (ဦးအောင်စန်းကျော်)၊ ဗိုလ်မှူးသက်ထွန်းကျော်-ဒေါ်အေးမူသွယ်၊ ဦးပြည့်ဖြိုးကျော်တို့၏ကျွေးသဖခင်၊ ဒေါ်ကြင်စန်း၏ခင်ပွန်းသည် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးလှထွန်း (၈၃)နှစ်
**သတင်းထောက်ကြီး(ငြိမ်း)၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ**
**မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်**

ပြည်ခရိုင်၊ ပန်းတောင်းမြို့၊ ကြခတ်ရပ်နေ (ဦးမောင်ကျော်-ဒေါ်မြရီ)တို့၏သား၊ ဦးတင်ညွန့်၏အစ်ကို၊ ဒေါ်သန်းအေး၏ခင်ပွန်း၊ ဦးဝင်းနိုင်ဦး(MAB)-ဒေါ်ချိုချိုဦး၊ ဦးသောင်းဝင်း-ဒေါ်မျိုးသူဇာ၊ ဦးအောင်မြင့်(တောင်ကြီးသဘော်)၊ ဦးမြတ်စံ၊ ဦးဇော်ထွန်း၊ ဦးကြည်ဆန်း-ဒေါ်သန်းသန်းထွန်းတို့၏ချစ်လှစွာသောဖခင်၊ မမေဇင်ငြိမ်း(MAB)၊ မဇင်မာဝင်း(MAB)၊ မောင်ဥက္ကာ(ပနှစ်-Law)၊ မောင်ဝဏ္ဏအောင်(ဒုနှစ်-Chem;)၊ မောင်ဉာဏ်လင်းအောင်(အထက-၁၊ လသာ)၊ မယဉ်မြတ်နိုးဦး(အထက-၂၊ လသာ)၊ မောင်လပြည့်အောင်(အထက-၁၊ လသာ)တို့၏ အဘိုးသည် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်တင်ရွှေ အသက်(၈၀)
**(ငွေစင်သွန်းစတိုး)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ်(၈၅)နေ (ဦးဘိုးအောင်)၏ဇနီး၊ ဦးစောရွှေအောင်-ဒေါ်နုနုရီဦးအောင်ကျော်ဌေး-ဒေါ်ဇာဇာဝင်း၊ ဒေါ်ခိုင်မာလာမြင့်(ဒဂုံတက္ကသိုလ်)၊ ဦးမြင့်ကျော်-ဒေါ်သန္တာဝင်းတို့၏မိခင်၊ မောင်အောင်ပြည့်ဖြိုး-မစုစန္ဒီဝင်း၊ မောင်နောင်ရဲအောင်-မဝင့်ရည်ဦး၊ မောင်ထူးမြတ်ရွှေအောင်၊ မောင်ကျော်ပြည့်၊ မောင်ဝင်းထွဋ်အောင်၊ မောင်ကောင်းဆက်ဟိန်းတို့၏အဘွား၊ သက်ထားစန္ဒီအောင်တို့၏ ဘွားဘွားသည် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်(သမိုင်း) အသက် (၈၀)

ရန်ကုန်မြို့၊ အမှတ်(၁၃)၊ ဦးအောင်ဘွင့်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘရှင်-ဒေါ်ငွေ)တို့၏သမီး၊ ထန်းတပင်မြို့နယ်နေ(ဦးမောင်ကြီး)-ဒေါ်ငွေလှိုင်တို့၏ သမီးချွေးမ၊ ဦးအောင်တင်-(ဒေါ်ခင်အေး)တို့၏ ညီမ၊ ဦးကျော်သန်း(ဦးကိုတို)-ဒေါ်မြင့်မြင့်တို့၏အစ်မ၊ ဦးလှဦး-ဒေါ်ခင်ဌေးလွင်၊ ဦးစိန်ခိုင်-ဒေါ်စန်းစန်းဌေး (မချိုကြီး)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မောင်တင်ထွဋ်အောင်-မအေးအေးမြင့်၊ မသဉ္ဇာခင်၊ မောင်ရဲထွဋ်အောင်၊ မောင်ဟိန်းထက်ဇော်တို့၏အဘွား၊ မောင်ခန့်စည်သူဟိန်း၊ မသော်တာကြယ်စင်(ဖူးဖူး)တို့၏ ဘွားဘွားကြီး၊ ဦးကြည်စိန်၏ချစ်လှစွာသောဇနီး ဒေါ်ခင်ခင်သည် ၇-၂-၂၀၁၇ ရက် ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Rev.Dr. ပီတာမိုင်းနပ်စ်(ကူရှင်ကျောင်းသားဟောင်း) (၆၈)နှစ်

အမှတ် (၃၀-A)၊ ဟိုက်ပတ် (၁)လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (Mr.A.S မိုင်းနပ်စ်-နော်အယ်လာမေဝိုင်)တို့၏သား၊ Rev. ဒေါ်ကက်သရင်း၏ ချစ်လှစွာသောခင်ပွန်း၊ နော်ခင်ဌေး-ဦးမြင့်သိန်းဦး၊ ကိုသက်ဦးမောင်-မသဇင်သောင်း၊ (ကိုချစ်ဦးမောင်)၊ ကိုချစ်သက်ထွေး၊ ဦးတူးဗိုလ်-ဆရာမခင်မာဦးတို့၏ ချစ်လှစွာသောဖခင်၊ ဦးဆိုင်မွန်မိုင်းနပ်စ်-ဒေါ်ဌေးဌေးလွင်၊ ဦးအဲလ်ဘတ်မိုင်းနပ်စ်(ခ)ဦးမြင့်ဦး(ဘုရင်နောင်စျေး)-ဒေါ်မြမြသိန်းတို့၏အစ်ကို၊ ဂျေဘယ်ဦး၊ အေဘယ်ဦး၊ မိုးဇော်ဦး၊ Peacefully မိုင်းနပ်စ်တို့၏ဘိုးဘိုး၊ ကိုမင်းဇော်ဦး၊ (မမွေးပပအောင်)၊ မအိအိလွင်၊ မောင်မျိုးမင်းဦးတို့၏ဦးလေး Rev.Dr. ပီတာမိုင်းနပ်စ်သည် ၆-၂-၂၀၁၇ ရက်တွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၂-၂၀၁၇(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အင်းစိန်မွန်နှစ်ခြင်းအသင်းတော်၊ ဟိုက်ပတ်(၁)လမ်း၌ နောက်ဆုံးပြုအပ်သောဝတ်ကိုပြုလုပ်ပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ [အောက်မေ့ဘွယ်ဝတ်ပြုစည်းဝေးကို ၁၁-၂-၂၀၁၇ (စနေနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်မောင် (၆၅)နှစ်
**ဒုမန်နေဂျာ(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးဦးစီးဌာန**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ရုံးဟောင်းလမ်း၊ ရိပ်သာရပ်ကွက်၊ ဆန်စက်ပိုင်းနေ (ဦးအောင်သိန်း-ဒေါ်တင်အေး)တို့၏သား၊ ဒေါ်ရီနွယ်အောင် (မြပန်ဝါ ကုမ္ပဏီလီမိတက်)၊ ဦးခင်ဇော်ဦး-ဒေါ်ခိုင်သဇင်ဦး(နီလာရိုးမဆီဆိုင်)တို့၏ဖခင်၊ မစုစန္ဒီသော်၏အဘိုး၊ ဒေါ်ဝင်းမာ(ပြည်သူ့ကျန်းမာရေးကွင်းဆင်းဌာန)၏ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်သည် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် လှည်းကူးမြို့သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးနေဒွန်း (၄၅)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးမောင်မောင်မြင့်)-ဒေါ်ဖြူဖြူရွှေတို့၏သား၊ ဦးအေးကိုလေး-ဒေါ်ချိုချိုအောင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ Block(၆၃)၊ ခြံအမှတ်(၁၉)နေ ဒေါ်စိုးမိုးကို၏ခင်ပွန်း၊ မမေသုခသွန်း၏မွေးသဖခင်ကျေးဇူးရှင်၊ ဦးနေလင်း-ဒေါ်ဝင်းမင်းကိုတို့၏မတ်၊ ဒေါ်ထက်မြတ်ကို၏ခဲအိုသည် ၇-၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၇ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုကျော်ကျော်လင်း(ခ)ကျော်ကျော်
## အသက် (၃၈) နှစ်
**အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး(စည်းရုံးရေးမှူး)**

ရန်ကုန်မြို့၊ဒေါပုံမြို့နယ်၊နွယ်အေးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၆၂)နေ ဦးထွန်းရီ-(ဒေါ်တင်ကြည်)တို့၏သား ကိုကျော်ကျော်လင်းသည် ၇-၂-၂၀၁၇ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါ၍ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန်။ (ဆူးလေအသင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးညွန့်ရိန် (၉၂)နှစ်
**မော်ကွန်းဝင်(ဒုတိယဆင့်)**
**မော်ဘီမြို့**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျုံတနီးနေ (ဦးချက်ကြီး-ဒေါ်စိန်ဥ)တို့၏သား၊ မော်ဘီမြို့၊ အမှတ်(၄၄၈)၊ သရက်တောလမ်း၊ (၃)ရပ်ကွက်နေ (ဒေါ်သန်းကျင်)၏ခင်ပွန်း၊ ဦးအေးကျော်-ဒေါ်ခင်စန်းဝင်း၊ ဦးဇော်ကြီး၊ ဦးမော်လေး-ဒေါ်ဌေးဌေးလွင်တို့၏ဖခင်၊ ကိုရဲဝင့်မော်၊ ကိုပြည့်စုံသန်းဆွေ-မဆုမြတ်အောင်၊ မသူသူအောင်၊ (ကိုစည်သူမော်)၊ ကိုဇာနည်ကျော်၊ ဗိုလ်ကြီးဝေယံမော်၊ မဝင်းသက်သက်ဟန်၊ ကိုမင်းသီဟလွင်တို့၏အဘိုးသည် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မော်ဘီသုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)**
## ဦးမောင်မောင်ကြီး (၇၅)နှစ်
**ရာသက်ပန်အသင်းသား အမှတ်-၈၁**

တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက် (၁/၃၀၃)နေ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ နတ်တလင်းအသင်း၏ ဘဏ္ဍာရေးမှူး ဦးစိန်ဝင်း-ဒေါ်ခင်စန္ဒာမြင့်တို့၏ အစ်ကို မြို့နယ်အမှုဆောင် ဦးမောင်မောင်ကြီးသည် ၇-၂-၂၀၁၇ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေး ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်**
**အလှူ့ဒါယိကာမကြီး**
## ဒေါ်အေးမို(ခ)ဒေါ်မို(ညောင်တုန်း)
## အသက်(၇၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နေ (ဦးသောင်း-ဒေါ်လှတင်)တို့၏သမီး၊ (ဦးသန်းစိန်-ဒေါ်အေးညွန့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးစိုး-ဒေါ်အေးကြည်)တို့၏ ညီမ၊ ဦးပွေစစ်၏ချစ်လှစွာသောဇနီး၊ ဦးမောင်ဦး (ရွှေဝင်းကုမ္ပဏီ)-ဒေါ်စိန်သန်း၊ ဦးလွင်မျိုး(ခ)အငယ်လေး၊ ဦးခင်ဇော်-ဒေါ်အေးသီခိုင်(ခ)မိခိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွားသည် ၇-၂-၂၀၁၇ (အင်္ဂါနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ညောင်တုန်းမြို့နယ်၊ ကွင်းကလေးကျေးရွာ၊ သပြေကုန်းသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ညောင်တုန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်အေး အသက်(၇၀)
**အလပြ(ငြိမ်း)**
**အထက(၁) ကြည့်မြင်တိုင်**

ရန်ကုန်မြို့နေ (ဦးရန်ကင်း)-ဒေါ်မြသန်းတို့၏သမီး၊ (ဦးမောင်လှ-ဒေါ်သောင်း)တို့၏သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ဝန်ထမ်းကြီးများရိပ်သာ၊ မြရိပ်ညိုလမ်း၊ အမှတ် (၃၀/၅၁)နေ ဦးသက်ထွန်း၏ဇနီး၊ ဦးအောင်တင့်ကြွယ်-ဒေါ်ရီမိုးတင် (သုတေသနဌာန၊ စက်မှုဆေးဝါး)၊ ဦးဝင်းမင်းသန်း-Dr. လွင်လွင်မာထွဏ်း (ရူပဗေဒဌာန၊ ပဲခူးတက္ကသိုလ်)တို့၏မိခင်၊ မအိချမ်းမြတ်၊ မောင်ပြည့်မြတ်ပိုင်၊ မောင်ညီမင်းနိုင်တို့၏အဘွား ဒေါ်မြင့်မြင့်အေးသည် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၇ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တ ပညာသိရီဘိဝံသ
## သိက္ခာတော် (၆၈) ဝါ၊ သက်တော် (၈၈) နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မင်္ဂလာဗိမာန်ကျောင်းဆရာတော်-ဘဒ္ဒန္တပညာသိရီဘိဝံသ သိက္ခာတော် (၆၈)ဝါ၊ သက်တော် (၈၈)နှစ်သည် (၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ရက်) ၈-၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်) ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမစျာပန သာဓုကီဠနသဘင်ဆင်ယင်ကျင်းပပြီး အေးရိပ်ငြိမ်သုသာန်၌ အဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဘဒ္ဒန္တထေရဝံသ(မဟာထေရ်)(ငါးသိုင်းချောင်း)
## သိက္ခာတော် (၅၈) ဝါ၊ သက်တော် (၇၈)နှစ်
**ဗဟန်းမြို့နယ်-ကျောင်းတော်ရာရွှေကျင်တိုက်-နာယက**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ရွှေဘိုကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တထေရဝံသမဟာထေရ်မြတ်သည် (၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်) ၇-၂-၂၀၁၇ (အင်္ဂါနေ့) ည ၁၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူသွားပါသဖြင့် ဆရာတော်၏ဆန္ဒအရ (၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်) ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန ပူဇော်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

နာယကဆရာတော်များ
ကျောင်းတော်ရာရွှေကျင်တိုက်

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဘဒ္ဒန္တထေရဝံသ(မဟာထေရ်)(ငါးသိုင်းချောင်း)
## သိက္ခာတော် (၅၈) ဝါ၊ သက်တော် (၇၈)နှစ်
**(ရွှေဟသာ်ဝံသ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ရွှေဘိုကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တထေရဝံသမဟာ ထေရ်မြတ်သည် (၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်) ၇-၂-၂၀၁၇ (အင်္ဂါနေ့) ည ၁၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူသွားပါသဖြင့် ဆရာတော်၏ဆန္ဒအရ (၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်) ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန ပူဇော်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

ရွှေဟသာ်ဝံသသံဃာတော်များ
ရန်ကုန်တိုင်းဒေသကြီး

**ရဟန်း ဒါယကာကြီး**
## ဦးတင်လှ(ရန်ကုန်မြို့) (၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် (၇၇၄/ခ)နေ၊ ဒေါ်ကြည်ကြည်အေး၏ ခင်ပွန်း၊ ဦးအောင်သော်လှ (Performance Aera Co., Ltd.)- ဒေါ်စန္ဒာအောင်၊ ဦးထွန်းမင်းအောင်-ဒေါ်ချိုသော်လှ (Original Group Co., Ltd)၊ ဒေါ်ယဉ်မင်းလှ၊ ဦးသော်ဇင်လှ (IBTC Co., Ltd၊ တောင်ကြီးရုံးခွဲ)-ဒေါ်ယဉ်မျိုးဦး၊ မောင်ဟိန်းအာကာသော်လှတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးတင်လှသည် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မူမူလေးမောင်(မန္တလေး) (၅၉)နှစ်

မန္တလေးမြို့၊ (၂၂)လမ်း၊ (၆၄×၆၅)လမ်း၊ အမှတ်(၅)နေ [ဦးလေးမောင် (မော်ကွန်းဝင်ဒုတိယဆင့်) (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်ခင်ပိုင်]တို့၏ သမီး၊ အမှတ်(၃၃)၊ လေးလွှာ၊ ဗိုလ်စိန်မှန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာမောင်မောင် (Technical Consultant) (RVK-Medi Tech Co., Ltd. MPF-Pyin Oo Lwin)၊ (စက်ရုံမှူး-ငြိမ်း၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပြင်ဦးလွင်)၏ဇနီး၊ ဝဏ္ဏကျော်ထင်ဦးဟန်ရှိန် (တရားရုံးချုပ်တရားသူကြီး-ငြိမ်း)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြမြလေး၊ (ဦးသောင်းညွန့်လေး)-ဒေါ်စုစုမြင့်၊ ဦးစိုးဝင်းအောင် (ညွှန်ကြားရေးမှူး၊ လယ်စိုက်ရှင်း-ငြိမ်း)-(ဒေါ်ချိုချိုလေး)တို့၏ ညီမ၊ ဦးသန်းလွင်-ဒေါ်သန်းသန်းဝင်းလေး၊ ဦးဝင်းကိုကို-ဒေါ်စန်းစန်းရွှေ၊ ဦးတင်ထွေး(လယ်စိုက်ရှင်း)-ဒေါ်ဌေးဌေးနိုင်လေး၊ ဒေါ်သစ်သစ်လေး (အထက်တန်းရှေ့နေ)တို့၏အစ်မ၊ ကိုချမ်းမြေ့မောင်မောင် (Thu Htet Gabar Computer Sales & Service)-မစုမြတ်ထွေး (လ/ထမန်နေဂျာ၊ မြန်မာ့ဆေးဝါးလုပ်ငန်း)၊ ဒေါက်တာသာယာမောင်မောင် (သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး)-ဒေါက်တာနေနွယ်အောင်(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်)၊ ကိုစိုးပြေမောင်မောင် (Associate Layout Engineer Marvel Asia Pte Ltd Singapore)-မသင်းသင်းအောင် (Assistant Sale Manager, Nichias Singapore Pte Ltd)တို့၏ ချစ်လှစွာသောမိခင်၊ မောင်သုထက်မောင်မောင်၊ မောင်တော်ကောင်းမောင်မောင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်မူမူလေးမောင်သည် ၆-၂-၂၀၁၇ရက် ဂျပန်နိုင်ငံစံတော်ချိန် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ ရက်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ သဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ ရက်တွင် အထက်ပါ ရန်ကုန်မြို့နေအိမ်နှင့် မန္တလေးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။] (၁၅-၂-၂၀၁၇ ရက်တွင် မန္တလေးမြို့ ကြာနီသုသာန်၌ အရိုးအိုးဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးနေဒွန်း (၄၅)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးမောင်မောင်မြင့်)-ဒေါ်ဖြူဖြူရွှေတို့၏သား၊ ဦးအေးကိုလေး-ဒေါ်ချိုချိုအောင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ Block(၆၃)၊ ခြံအမှတ်(၁၉)နေ ဒေါ်စိုးမိုးကို၏ခင်ပွန်း၊ မမေသုခသွန်း၏မွေးသဖခင်ကျေးဇူးရှင်၊ ဦးညီညီဇော်-ဒေါ်နီနီမြင့်၊ Mr Jumpots. Srivaleesamhan-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးဇော်ဌေး-ဒေါ်စန္ဒာမြင့်၊ ဦးဇော်ဖြိုးတင်ထွန်း-ဒေါ်ဥမ္မာမြင့်တို့၏မောင်၊ ဦးသက်စံဝင်း-ဒေါ်ဖြူပြာမြင့်တို့၏ အစ်ကို၊ တူ/တူမရှစ်ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏ဘိုးလေးသည် ၇-၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၇ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အစည်းအဝေး(၄/၂၀၁၇)ကျင်းပ



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အစည်းအဝေး (၄/၂၀၁၇)တွင် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး (၄/၂၀၁၇)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) အဖွဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လူ့အခွင့်အရေးအခြေအနေများနှင့်စပ်လျဉ်း၍ အစီရင်ခံစာတစ်ရပ်ကို ၃-၂-၂၀၁၇ ရက်၌ ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းအစီရင်ခံစာပါအချက်အလက်များနှင့် စွပ်စွဲချက်များအနက် မိမိတို့အလေးထား စုံစမ်း

**စာမျက်နှာ ၇ ကော်လံ ၄ သို့**

# ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး ဘက်ပေါင်းစုံချဉ်းကပ်မှုဖြင့် ဆောင်ရွက်လျက်ရှိ နားလည်မှုနှင့်ယုံကြည်မှု တည်ဆောက်နိုင်ရန်အတွက် ရေတိုရေရှည်အစီအမံများ ချမှတ်ထား

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights-OHCHR)မှ ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီ ၈ ရက်မှ ၂၃ ရက်အထိ စေလွှတ်ခဲ့သည့် အစီရင်ခံစာအပေါ် အခြေခံ၍ OHCHR ဘက်မှ Interviews with Rohingyas fleeing from Myanmar since 9 October 2016 ခေါင်းစဉ်ဖြင့် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**သတင်းထုတ်ပြန်ချက်**

၁။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights)သည် "Interviews with Rohingyas fleeing from Myanmar since 9 October 2016" ခေါင်းစဉ်ပါ အစီရင်ခံစာတစ်စောင်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အစီရင်ခံစာတွင်ပါရှိသည့် စွပ်စွဲချက်များသည် လွန်စွာစိုးရိမ်ဖွယ်ရာ သဘောသဘာဝရှိသည်ဟု မြန်မာနိုင်ငံအစိုးရက ထင်မြင်ယူဆပြီး ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ များစွာစိုးရိမ်မကင်း ဖြစ်မိသည်။ သို့ပါ၍ နိုင်ငံတော်အစိုးရသည် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်မှတစ်ဆင့် ယင်းစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးလျက်ရှိပါသည်။ ယင်းသို့ ကျူးလွန်ခဲ့သည့် အထောက်အထား အခိုင်အမာရှိပါက အစိုးရအနေဖြင့် လိုအပ်သော အရေးယူမှုများ ပြုလုပ်သွားမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးမစ္စတာ ဇိုင်ယာ့ဒ်အယ်လ်ဟူစိန်နှင့် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တယ်လီဖုန်းပြောကြားစဉ် ရှင်းလင်းစွာ ပြောကြားခဲ့ပြီး ဖြစ်ပါသည်။

**ရခိုင်ပြည်နယ်အခြေအနေနှင့်စပ်လျဉ်းသည့် နောက်ခံအချက်အလက်**

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အခြေအနေကို ဖြေရှင်းဆောင်ရွက်ရန် အထူးအလေးထားကာ ရေရှည်တည်တံ့သည့် အဖြေတစ်ခုရရှိရေးကို ကြိုးပမ်းလျက်ရှိပါသည်။

၃။ အစိုးရသည် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ဘက်ပေါင်းစုံချဉ်းကပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ နားလည်မှုနှင့်ယုံကြည်မှု တည်ဆောက်နိုင်ရန်အတွက် ရေတိုရေရှည် အစီအမံများ ချမှတ်ထားရှိပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ဗဟိုကော်မတီ၏ လုပ်ငန်းရပ်များ အဆင်ပြေချောမွေ့စေရန်အတွက် လုပ်ငန်းကော်မတီ (၄)ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။

၄။ မြန်မာနိုင်ငံအစိုးရသည် ရခိုင်ပြည်နယ်နှင့်စပ်လျဉ်း၍ ပြည့်စုံစွာ ဖြေရှင်းနိုင်ရန် အစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုများကို အထောက်အကူပြုနိုင်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် ၎င်း၏ အစီရင်ခံစာအပြည့်အစုံကို ၂၀၁၇ ခုနှစ် ဒုတိယနှစ်ဝက်ပိုင်းတွင် မထုတ်ပြန်မီ ကြားဖြတ်အစီရင်ခံစာတစ်စောင်ကို မြန်မာနိုင်ငံအစိုးရထံသို့ တင်သွင်းသွားရန်ရှိပါသည်။

၅။ ယင်းကဲ့သို့ အပြုသဘောလုပ်ဆောင်ချက်များ ဆောင်ရွက်နေသည့်တိုင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်ခြားစောင့်ရဲစခန်း (၃)ခုကို နိုင်ငံရပ်ခြားက ရန်ပုံငွေပံ့ပိုးလှုံ့ဆော်ပေးထားသော

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာမာဂရက်ဝေါင်း ၊ ပါမောက္ခ၊ ဌာနမှူး ၊ သမိုင်းဌာန ၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ်သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီး ခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကိုလေ့လာဖို့ လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသား စိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့ မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေ ညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီး တစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀မှာ အစိပ်စိပ် အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိပ်အစိပ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီး တစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး"ရဲ့ အခန်းကဏ္ဍမှာလည်းအရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်းသိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံ မတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေး တွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေး တွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလ ဖြစ်တယ်ဆိုတာကိုလည်းသိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန်ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလ အတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံ ပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့ လိုပါ တယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေးအရယူခြင်း ခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ် ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာန အုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီးတွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလ အစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်း ဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှုဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ် ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒ့ါအပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေနေတွေကို လေ့လာရမှာ ဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့ လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့ လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေ့ါရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီ အင်အား ပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့ လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒ့ါအပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေး ဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်းစစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၀ နောက်ပိုင်း ဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့်နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကိုသိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်းစသည်တို့ ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စုထိပ်သီးအင်အားကြီး နိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ ဖြစ်တယ်။

စာမျက်နှာ ၁ သို့ »»

»» စာမျက်နှာ က မှ

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့ သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ် တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီး အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပ အင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီစတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ် အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက် တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ် အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်၊ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များ ဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင် အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော် တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်၊ စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ "အောက်ဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ" ဟူ၍ဖြစ်ပြီး 'မှား' သို့မဟုတ် 'မှန်' ကိုရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း မှတ်စုတို (၄) ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတို တစ်ပုဒ် ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာ ဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာ ဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကိုအလေးပေးလေ့လာရန်
၄။ မေးခွန်းကိုသေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

# မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ (၂၀၁၇) အား စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံအတွင်းရှိ ပရိဘောဂပစ္စည်းများအား တစ်နေရာတည်းတွင် လာရောက်လေ့လာနိုင်မည့် မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ (၂၀၁၇) (Myanmar International Furniture Expo 2017)အား ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ (၂၀၁၇) (Myanmar International Furniture Expo 2017)အား မြန်မာနိုင်ငံသစ်တောထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်၏ ပံ့ပိုးကူညီမှု၊ မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းတင်ဆက်မှုဖြင့်ကျင်းပခြင်းဖြစ်သည်။ အဆိုပါ မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ (၂၀၁၇) ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်လမ်းညွှန်ချက်အရ ဗေဒါအချောထည် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေးကျွမ်းကျင်မှုအခြေခံသင်တန်းမှ သင်တန်းသားသင်တန်းသူများပြုလုပ်ထားသည့် ဗေဒါပရိဘောဂနှင့် လက်မှုထည်များအား အထူးအစီအစဉ်အနေဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပြပွဲကျင်းပမည့် တပ်မတော်ခန်းမအပြင်ဘက်မြက်ခင်းပြင်၌လည်း ပြခန်းများ တိုးချဲ့ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးကျော်သူက "အသင်းသား အသင်းသူလုပ်ငန်းရှင်တွေက သူတို့ရဲ့အရည်အသွေးကောင်းမွန်တဲ့ထွက်ကုန်ပရိဘောဂပစ္စည်းတွေကို ပြည်သူတွေအနေနဲ့ တစ်နေရာတည်းမှာ အလွယ်တကူ လာရောက်လေ့လာကြည့်ရှုနိုင်ကြဖို့နဲ့ ပရိဘောဂပစ္စည်းဈေးနှုန်းတွေကိုလည်း တတ်နိုင်သလောက် ချိုသာအောင်ရောင်းချကြပါလိမ့်မယ်" ဟု ပြောသည်။

ယခုကျင်းပမည့် မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ (၂၀၁၇) ၌ ကုမ္ပဏီပေါင်း ၅၀ ကျော်မှ ပြခန်းပေါင်း ၁၈၀ ကျော်အား ထည့်သွင်းပြသသွားမည်ဖြစ်ပြီး အထူးလျှော့ဈေးအစီအစဉ်များ၊ ချက်ချင်းဝယ်၊ ချက်ချင်းပေါက်၊ ချက်ချင်းယူ ဗလာမပါကံစမ်းမဲအစီအစဉ်များနှင့် Original Product Award ဆုပေးပွဲအစီအစဉ်များ ထူးခြားစွာပါဝင်ကာ ပြပွဲလာပရိသတ်အင်အား ၈၀၀၀ ကျော်ထိမျှော်မှန်းထားကြောင်း၊ မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲများကို (၅)ကြိမ်မြောက် ကျင်းပပြသပြုလုပ်ခဲ့ပြီးဖြစ်ပြီး ခင်းကျင်းပြသခဲ့သည့် ပြပွဲများမှာလည်း အောင်မြင်မှုများရရှိခဲ့ကြောင်းနှင့် မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲများအား နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ (၂၀၁၇) (Myanmar International Furniture Expo 2017)ကျင်းပရေးကော်မတီမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(MLA)**




တပ်မတော်ခန်းမ၌ခင်းကျင်းပြသခဲ့သောမြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ ၂၀၁၆ အားတွေ့ရစဉ်။

# နှစ် (၇၀)ပြည့် ရှမ်းပြည်နယ်နေ့အခမ်းအနား နောင်ချိုမြို့၌ကျင်းပ

**နောင်ချို ဖေဖော်ဝါရီ ၈**

နှစ် (၇၀) ပြည့်ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီကနောင်ချိုမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် နှစ် (၇၀) မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောကလည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ထွေးကလည်းကောင်း ဖတ်ကြားသည်။

ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ မြို့ပေါ်ခြောက်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် နေထိုင်ကြသည့် ရှမ်းတိုင်းရင်းသားများက ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကောက်သစ်စားပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကြကြောင်းသိရသည်။

**စိုးဝင်း(နောင်ချို)**

ပညာရဲရင့် ပွဲလယ်တင့်

# ရာသီထမနဲ တပို့တွဲမာသ ချိန်ကာလ

ရာမည(သွေးမွန်)

ယဉ်ကျေးမှုအစစ် လူ့အနှစ် ဆိုသည်ကို မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်။ လူအဝန်းအဝိုင်းတစ်ခုသည် မည်မျှကြီးမားကျယ်ပြန့်သည်ဖြစ်စေ ၎င်းတို့၏ အနှစ်သာရ အရင်းအမြစ်အမှန်က မိမိတို့၏သမိုင်းအစမှ ရယူထိန်းသိမ်းလာသော ယဉ်ကျေးမှုဖြင့်သာဆုပ်ကိုင် တိုင်းတာရမည်ဖြစ်သည်။ မြန်မာတို့သည် ထေရဝါဒဗုဒ္ဓဘာသာအရင်းခံဖြင့် ဘဝကိုတည်ဆောက်လာခဲ့ကြသည်နှင့်အညီ ဘုရားရှင်၏ အဆုံးအမတို့ဖြင့် ထုံမွမ်းသော လူ့ကျင့်ဝတ် လူနေမှုဘဝကို လိုက်နာကျင့်သုံးသဖြင့် ယဉ်ကျေးမှုတွင် ထိပ်တန်းကျသော လူမျိုးဟူ၍ ဂုဏ်ယူနိုင်ခဲ့ကြသည်။

မြန်မာ့လူနေမှု လူ့ဘောင်၏ ဓလေ့ထုံးတမ်းများတွင် တစ်နှစ်မှာတစ်လ တစ်လမှာတစ်ရက်ဟု ပြောစမှတ်ရှိခဲ့ကြသော ဘာသာသာသနာယှက်နွယ်သည့် ဆယ့်နှစ်ရာသီပွဲတော်များ ရှိနေပါသည်။ ထုံးတမ်းစဉ်လာအရ စဉ်ဆက်မပြတ်လည်း ကျင်းပလာခဲ့ကြသည်။ ပွဲစဉ် ပွဲတိုင်းသည်လည်း အကြောင်းမဲ့မဟုတ် ဘာသာသာသနာ အထောက်အပံ့ဖြစ်စေသော ရင်းမြစ်အကြောင်း တရားများနှင့်ဖြစ်သည်။ အပျော်သက်သက် မဟုတ်ကြောင်း ပြောလိုပါသည်။

**နဖူးချွေးဒီးဒီးကျ**

ယင်းသို့သော ရာသီပွဲများတွင် ယနေ့ကာလနှင့် ကိုက်ညီကြုံဆုံနေသော "ရာသီထမနဲ တပို့တွဲမာသ ချိန်ကာလ" ကိုပြောလိုပါသည်။ ဤပွဲသည် အပျော်သက်သက်မဟုတ်ကြောင်း သတိပြုမိစေဖို့ဖြစ်သည်။ ဆောင်းချမ်းရာသီနှင့် လိုက်ဖက်ညီစွာ အပူစာများဖြင့် ပံ့ပိုးရုံမျှမက ထမနဲထိုးနေကြသူများကိုကြည့်ပါ။ လူငယ်လူရွယ်အားကောင်းမောင်းသန်များဖြစ်ကာ လျှော်တက်တမျှကြီးမားသော ယောက်မကြီးများဖြင့် အပေးအယူမျှတစွာ ထိုးကြ၊ မွှေကြ၊ နှဲနေကြသည်မှာ နဖူးချွေးဒီးဒီးကျအောင် လုပ်ကိုင်နေကြသည်ကို မြင်ဖူးကြမည် ဖြစ်သည်။

ယင်းသို့သော ကုသိုလ်ပွဲကို တတ်နိုင်သူများက ငွေစိုက်ထုတ် အလှူတကာခံကြသည့်နည်းတူ နှစ်ဦးစ သုံးဦးစဖြင့် စုပေါင်းလှူဒါန်းကြခြင်းလည်းရှိသည်။ အများစုကမူ ဒေသအာဏာပိုင်များက ကမကထပြု ဦးဆောင်ကာ လုပ်ကြသည်ကများပါသည်။ ရပ်ကွက်အလိုက်၊ ဌာနဆိုင်ရာအလိုက်၊ အသင်းအဖွဲ့များဖွဲ့ကာ အပြိုင်သဘောမျိုး တပျော်တပါးကျင်းပကြခြင်းဖြစ်သည်။ အားပေးကြသော အိုးစည်ဒိုးပတ်ဝိုင်းများနှင့် ပျော်တဆုံးမော်မဆုံးဖြစ်ကြရသောပွဲဖြစ်သည်။

**အချိုးအဆအရေးပါ**

ထမနဲတွင် ထည့်သွင်းပါဝင်ရသော အမယ်များ၏ အချိုးအဆက အရေးပါနေပါသည်။ သူ့အကြိုက် ကိုယ့်အကြိုက်ရှိသော်လည်း ရှေးရိုးအစဉ်အလာမပျက် ဆိုရပါမူ စာဆိုတို့၏ ထားရစ်ခဲ့သည့် ကဗျာလင်္ကာစာပေများတွင် အတွေ့ရများပါသည်။ ယင်းတို့အနက် တေးထပ်တစ်ပုဒ်တွင် "ကံ့ရာသီ မာသ၊ သဘာဝရှင်စွာ၊ ထာဝရစဉ်လာ၊ များသူငါခြိမ့်သဲ၊ ညာဇမ္ဗူ သာစုခေါ်အောင်၊ ယာဂုတော် ကြိုဆောင်သည့်ပွဲ။ စားတော်ရ ဆန်ပေါက်ဝါ၊ လေးပြည်သာထည့်မြဲ၊ ချိန်ပိဿာ လျှံကြည်ရွှဲအောင်လို့၊ နှမ်းဆီတို့ ထည့်ပြန်၊ မြေပဲဆန် အငှသုည ငယ်နှင့်၊ ဒွတ္တံသတိလဗိဇ်၊ အုန်းသီးစိပ် ကျပ်ဝီသံငယ်၊ လောနုသံချိန်သတ်နှင့်၊ ဂျင်းနုဖတ် သိပ်မျှင်ရွှေသုံးကျပ်မသွေ၊ နန်းစဉ်ဆက် သမုဆွေငယ်၊ ဥပဒေမော်ကွန်းပလေး" ဟုဆိုသည်။

မည်သို့ဆိုစေ ဆိုလိုရင်းကို အနှစ်ချုပ်လိုက်ပါက ကောက်ညှင်းဆန် လေးပြီ၊ ရေစင်စင်ဆေး၊ ဆီ တစ်ပိဿာ၊ ဂျင်းသုံးကျပ်သား၊ ဒယ်အိုးကြီးမှာ ဆီသတ်၊ ကောက်ညှင်းထည့်နှပ်ရမည်ဖြစ်သည်။

**ကြေမွမွေနှောက်ထိုးနယ်ရ**

ယောက်မကြီး နှစ်လက်ဖြင့်၊ ဖိုမှချ၍ (မီးကျီမျှဖြင့်) ပွတ်ချေ၊ လိမ့်နယ်၊ ကောက်ညှင်းကြေလျှင်၊ မြေပဲဆန် ၈၀ ကျပ်သား၊ နှမ်းလှော် ၁၂ကျပ်သား၊ အုန်းသီးစိပ် ၂၀ သားဆား ခုနစ်ကျပ်သားထည့်ကာ အားရအောင် ကြေမွမွေနှောက်ထိုးနယ်ရမည်ဖြစ်သည်။

ထမနဲ၊ ထမင်းနဲဟုလည်းဆိုကြသည်။ နှမ်းလှိုင်လှိုင်ဖြင့် ထိုးကြရသဖြင့် နှမ်းမနဲနှမ်းများသောမုန့်ဟု ဆိုလိုဟန်တူပါသည်။



**ယာဂုဟုလည်းခေါ်**

တပို့တွဲလ ကံ့သို့ကျ မာဃထွန်းစမြဲ ပေါက်လဲပွင့်တုံ ဆူးပန်းငုံ မီးပုံယာဂုပွဲ. . . ဟုဆိုသည့်အတိုင်း အချို့က ထမနဲကို ယာဂုဟုလည်း ခေါ်ကြသည်။ အရပ်ဒေသလိုက်၍ အမျိုးမျိုးခေါ်ဆိုကြရာတွင် "ယာဂု" ဟူသော ဝေါဟာရမှာ ပါဠိစကား ဖြစ်ကာ "ဆန်ပြုတ်" တစ်မျိုးကို ဆိုကြောင်းသိရသည်။ ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင်၏ 'ဥတုဘောဇနသင်္ဂဟ' ကျမ်းအလိုအရ စာ မျက်နှာ ၈၉ တွင် ယာဂုဆိုသည်ကို အနက်ဖော်ရာ၌ "ဆန်ချိန်ခြောက်ဆ ရေထည့်၍၊ ဆန်လုံး အက်ကွဲအောင် ပြုတ်ကျိုလျှင် ယာဂုမည်၏" ဟုဆိုပါသည်။ ထမနဲ မုန့်သည်ကား ကောက်ညှင်းဖြင့် လုပ်ရသော စားဖွယ်အာဟာရဖြစ်သည်ဟု ဆိုရပါမည်။

**သာယာကြည်နူးသောကာလ**

တပို့တွဲလ၏ ရာသီပန်းများ ဖြစ်သော ပေါက်ပန်း၊ လဲပန်းများလည်း ပွင့်ကြဖူးကြ၊ ဝေဝေဆာဆာဖြင့် တောပန်းသဘာဝအလှကို ဖော်ကျူးနေကြသော ကာလဖြစ်သည်။ တစ်နည်းအားဖြင့် ဆောင်းအချမ်းရသနှင့် နွေအဦး အကူးအစပ် လူ့စိတ်ကို သာယာကြည်နူးစေသော ကာလ၏ ဆိုရပါမည်။ မိမိ ဝန်ထမ်းဘဝ ရှမ်းပြည်နယ် (မြောက်ပိုင်း ) တွင်နေစဉ်က ဒေသခံ ရှမ်းတိုင်းရင်းသားတို့၏ ကုသိုလ်ပွဲဖြစ်သော မီးဖုန်းပွဲ၊ သူတို့အပြောအရ ဘုရားမီးလှူပွဲကိုလည်း တမူထူးခြားစွာ ဆင်နွှဲကြသည်ကို တွေ့ရဖူးပါသည်။ ရွာသားများက ကာလအတိုင်မှီကပင် ရွာနီးချုပ်စပ်မှ လက်ကောက်ဝတ်ခန့် အလုံးတုတ်ကာ အရှည်နှစ်တောင်၊ သုံးတောင်ရှိမည့် တောသစ်ပိုင်းခုတ်ယူကြသည်။ အခေါက်များကို ပြောင်နေအောင်ခွာထားသည်။ ယင်းသို့ပြောင်နေအောင်ခွာထားခြစ်ထားသဖြင့် ဖွေးဖွေးဖြူသန့်ရှင်းလို့ နေပါသည်။ သစ်သားချောင်းမှာ ခြစ်ညည်းရိုးပင်အသုံးပြုရန် မကောင်းသည့် ပွယောင်းယောင်းအသားမျိုးဖြစ်သည်။

ဤသည်ကို ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း မြေကွက်လပ်ကျယ်ကျယ်တွင် ကိုယ်စီစုပုံထားသည်။ တတ်သိကျွမ်းကျင်သူတစ်ဦးဦးက၊ ဘုရားလူကြီးက ဦးဆောင်ကာ ယင်းသို့သော သစ်သားချောင်းများကို အသုံးပြုကာ ဘုရားစေတီ၊ ကျောင်းဆောင်၊ ဗိမာန်၊ ပြာသာဒ်ပုံစံစသည်ဖြင့် အလှဆင်စီထပ် တည်ဆောက်ကြပါသည်။ မီးလောင်လွယ်စေရန်လည်း လေဝင်လေထွက်ကောင်းအောင် ပိတ်မနေအောင် ငြမ်းဆင်ထပ်ရပါသည်။

ယင်းသို့ တည်ဆောက်အလှဆင်ပြီးကာမှ အလယ်ဗဟိုကျကျတွင် မီးလောင်လွယ်သော လောင်စာ ဥပမာ ထင်းရှူးဆီ၊ ရေနံဆွတ်ထားသော အဝတ်စကို ထားရသည်။ အချိန်ကျရောက်ပါက ကျောင်းထိုင်ဆရာတော်၊ ဘုန်းတော်ကြီးတစ်ပါးပါးက မီးစာကို စတင်မီးတို့ကာ ရှို့ပေးရပါသည်။

မိမိတွေ့ကြုံဖူးသော လားရှိုးမြို့ မာန်ဆူရှမ်းကျောင်းတွင် အဝေးမှနေ၍ လောင်စာစနက်တံကို မီးတို့လိုက်သည်နှင့် မီးထတောက်ကာ မီးရှူးကပြာသာဒ်ပုံစံ ဆင်ထားသော ထင်းပုံဆီသို့ ပြင်ဆင်ထားသည့် သွပ်နန်းကြိုးတစ်လျှောက်ပြေးသည်။ အစောကအလယ်တွင် ထည့်ထားသည့်လောင်စာနှင့် တွေ့ကာ မီးထတောက်ပါသည်။ လောင်စာ ပြာသာဒ်ထင်းပုံ ကြီးမားလျှင် ကြီးမားသလောက် မီးလောင်အားက ကောင်းလာသည်ဖြစ်ရာ စောစောက ဆောင်းချမ်း အအေးဓာတ်ကြောင့် အနားသို့ စုပုံတိုးဝှေ့နေကြသော လူထုပရိသတ်မှာ တစ်စတစ်စ နောက်ဆုတ် လူစုကျဲပါးသွားရတော့သည်။

**အစဉ်အလာမပျက်ကျင်းပ**

မည်သို့ဆိုစေ မြန်မာပြည်တစ်နံတစ်လျား မီးဖုန်းပွဲ၊ ထမနဲထိုးပွဲများကို တပို့တွဲလဆန်းမှစ၍ လပြည့်နေ့တိုင်အောင် အစဉ်အလာမပျက် ကျင်းပပြုလုပ်လာခဲ့ကြသည်ဖြစ်ရာ မြန်မာ့ရိုးရာ ထုံးတမ်းဓလေ့ ဆယ့်နှစ်ရာသီပွဲများတွင် တစ်ပွဲအဖြစ်ပါဝင်လျက်ရှိပါသည်။ မိမိတို မြန်မာနိုင်ငံတောင်သူတို့အဖို့ ကောက်ဦးပေါ်ချိန် ပေါ်ဦးပေါ်စကို လှူဒါန်းခြင်းပြုရသော ဒါနမျိုးဖြစ်၍ ကာလဒါနလည်းမည်ပါသည်။ သင့်လျော်ကောင်းမြတ်သော ပေးလှူခြင်းငါးပါးဟူ၍ ပဉ္စင်္ဂုတ္တရပါဠိတော် သုမနဝဂ်တွင်ဖော်ပြထားသည်များမှ အမှတ်စဉ် (၅) "သီလဝန္တနဝဖလဒါန" မိမိတို့ လယ်ယာဥယျာဉ် မှ ပေါ်ဦးပေါ်စ သီးနှံတို့ကို သီလရှိသူတို့ကို ပေးအပ်လှူဒါန်းခြင်းဟု ဆိုထားပါသည်။

ထို့နောက် ကျမ်းတစ်စောင်တွင် ယာဂု(ထမနဲ)လှူဒါန်းရသော အကျိုးငါးပါးဟု ဦးလှအောင်၏မြန်မာမှုသုတအထွေထွေတွင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ပညာဉာဏ်အားကြီးခြင်းနှင့် ခွန်အားကြီးခြင်းဟု ဖော်ပြထားသည်ကို မှတ်သားရဖူးပါသည်။

ဆောင်းချမ်းကာလ ရာသီထမနဲပွဲတွင် ပါဝင်သော အမယ်အားလုံးမှာ အာဟာရဓာတ်စာအပူစာချည်းသာဖြစ်ကြောင်း ကျမ်းပြုဆရာတို့ကဆိုထားရာ ကောက်ညှင်းကို အုန်းသီး၊ ဂျင်း၊ နှမ်း၊ မြေပဲဆန်နိုင်နိုင်ထည့်ကာ နှမ်း၊နှမ်းဆီ ရွှဲရွှဲဖြင့် နှဲကြနယ်ကြ ထိုးကြဖြင့် အားစိုက်ရသူတို့မှာ နဖူးကချွေး ဒီးဒီးကျလောက်အောင်ဖြစ်နေ တတ်သည်။ သို့ဖြင့် ဆောင်းချမ်းတို့သည်လည်း အဝေးသို့ လွင့်ပါးကြရမည်သာဖြစ်သည်။

**အသားအရေစိုပြည်**

ကာလအလိုအားဖြင့် ကိုယ်သားကိုယ်ရေ အဆီဓာတ်ခန်းချိန်ဖြစ်ပေရာ ဆီနိုင်သောအပူဓာတ်စာ ထမနဲကို စားသုံးကြရသဖြင့် အသားအရေ စိုပြည်လာစေသည်။ ဤကာလမှ လွန်မြောက်ချိန်စားက ဘေးဥပဒ်မကင်းဟုဆိုသည်။ ယင်းသို့သော အာနိသင်ရရှိရေးအတွက် အထက်ကဖော်ပြထားသော အဆာအမယ်များ၏ အချိုးအဆမှန်ဖို့လည်းလိုသည်ကို သတိပြုကြရမည်ဖြစ်သည်။ သို့မှလည်း ကျန်းမာရေးအတွက် အကျိုးသက်၍ လျာရင်းမျက်မည်ဖြစ်သည်။

**ကုသိုလ်ဒါနပွဲတော်**

ထမနဲအာဟာရ လှူဒါန်းကြသည့်နည်းတူ အလှူခံစားသုံးရသူများသည်လည်း ဆာလောင်ခြင်းကို ပယ်စေပျောက်စေခြင်း။ မွတ်သိပ်ခြင်းကို ပယ်စေပျောက်စေခြင်း။ လေကို အောက်သို့သက်စေခြင်း။ ဆီးကို ရှင်စေခြင်းနှင့် မကြေညက်သော အစာသစ်များကို ကြေညက်စေခြင်းများဖြစ်စေကြောင်း ဖော်ပြထားသည်ဖြစ်ရာ ထမနဲပွဲ၏ ရိုးရာအစဉ်အလာပွဲတော်သည် မြန်မာတို့အဖို့ နှစ်ဦးနှစ်ဝ ရှင်လန်းချမ်းမြေ့ရစေသကဲ့သို့ ဘာသာသာသနာ၏ အဆုံးအမဖြင့် ထုံမွမ်းအပ်သော ကုသိုလ်ဒါနပွဲတော်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# မောမြေမြင့်မှ ပင်လုံသူရဲကောင်း (သို့မဟုတ်) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပထမဦးဆုံး သမ္မတ စဝ်ရွှေသိုက် (ညောင်ရွှေစော်ဘွား)

**ကိုသောင်း(ပညာရေး)**

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုဖြစ်စဉ်တွင် ပင်လုံညီလာခံသည် အဓိကအရေးပါ အရာရောက်သော မော်ကွန်းဝင် ညီလာခံဖြစ်ပါသည်။ ပင်လုံစာချုပ်ရလဒ်အဖြစ် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့သည်။ ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သူ ၂၃ ဦးအနက် တစ်ဦးဖြစ်သော ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပထမဦးဆုံး သမ္မတကြီးအဖြစ် တင်မြှောက်ခြင်းခံခဲ့ရလေသည်။

စဝ်ရွှေသိုက်ကို အဘ အင်းတိန်မြို့စားစဝ်ချုံနှင့် အမိစဝ်နန်းဆာတို့မှ (၁၆-၁၀-၁၈၉၆) ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က တောင်ကြီးမြို့ ရှမ်းစော်ဘွား သားမြေးများကျောင်း၌ ပညာသင်ကြားခဲ့သည်။ ပထမကမ္ဘာစစ်ကာလ (၁၉၁၄-၁၉၁၈) အတွင်း ဘားမားရိုင်ဖယ် (Burma Rifle) တပ်သို့ ဝင်ရောက်၍ စစ်မှုထမ်းခဲ့သည်။ ရိုးရိုးတပ်သားအဆင့်မှ အရာခံဗိုလ်အထိ ရာထူးတိုးခဲ့သည်။ ပထမကမ္ဘာစစ်အပြီး (၁၉၂၀-၁၉၂၃)ထိ မြန်မာနိုင်ငံအရှေ့မြောက် နယ်ခြားဒေသ၌ စစ်ဘက်အရာရှိတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် စစ်တပ်မှ အနားယူခဲ့သည်။

မွေးစားဖခင် ညောင်ရွှေစော်ဘွား ဆာစဝ်မောင် ကွယ်လွန်သွားပြီးနောက် ၁၉၂၆ တွင် ဗြိတိသျှအစိုးရက စဝ်ရွှေသိုက်အား ညောင်ရွှေစော်ဘွားအဖြစ် ရွေးချယ်ခဲ့သည်။ ညောင်ရွှေစော်ဘွားဘဝတွင် နယ်သူနယ်သားများ၏ ပညာရေး၊ ဗဟုသုတတိုးပွားရေး၊ ကြီးပွားရေး၊ ဖွံ့ဖြိုးရေး၊ လူမျိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ် အောက်တိုဘာလတွင် စဝ်ရွှေသိုက်ပါဝင်သော ရှမ်းကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်နိုင်ငံသို့ သွားရောက်ပြီး အိန္ဒိယနိုင်ငံဆိုင်ရာ ဝန်ကြီးထံ တောင်းဆိုလွှာတစ်စောင်ကို တင်သွင်းခဲ့သည်။ ၁၉၃၁ နိုဝင်ဘာမှ ၁၉၃၂ ဇန်နဝါရီအထိ အင်္ဂလန်နိုင်ငံလန်ဒန်မြို့တွင် ကျင်းပသော မြန်မာနိုင်ငံဆိုင်ရာ ဒုတိယ မျက်နှာစုံညီအစည်းအဝေးကို မြန်မာကိုယ်စားလှယ် ၂၄ ဦး တက်ရောက်ရာတွင် ပါဝင်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်အတွင်း စစ်မှုပြန်ထမ်းရန် ဆင့်ခေါ်ခြင်းခံရသည့်အတွက် စစ်ဘက်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ ၁၉၄၂ခုနှစ် ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသောအခါ စစ်မှုထမ်းဘဝမှ နုတ်ထွက်ခဲ့သည်။ ၁၉၄၅ အောက်တိုဘာတွင် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် ဗြိတိသျှနယ်စပ်ဒေသ ညွှန်ကြားရေးမှူး မစ္စတာပီးယားစ် (Mr. Pearce) ထံ ရှမ်းပြည်အနာဂတ်အတွက် အကြံပေးစီမံကိန်းတစ်ရပ် တင်သွင်းခဲ့သည်။ ပင်လုံမြို့တွင် ၁၉၄၆ မတ် ၂၀ မှ ၂၈ အထိ ကျင်းပသော ပထမအကြိမ် ပင်လုံညီလာခံသို့ တက်ရောက်ခဲ့သည်။ ၁၉၄၆ မတ်လတွင် ရှမ်းမြန်မာယဉ်ကျေးမှုအသင်းဖွဲ့စည်းရာတွင်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။ ၁၉၄၆ ဇူလိုင်လ၌ စဝ်ဖလုံကောင်စီ၏ အမှုဆောင်ရွေးချယ်ရာတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

၁၉၄၇ဖေဖော်ဝါရီလ ၇ ရက်နေ့ည လူထုအစည်းအဝေးကျင်းပပြီးနောက် ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ၁၉၄၇ ဖေဖော်ဝါရီ ၁၁ ရက် တောင်တန်းသားများ စည်းလုံးညီညွတ်ရေး ဦးစီးအမှုဆောင်ကော်မတီ ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက်တွင် သမိုင်းမော်ကွန်းဝင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၄၇ မေလဆန်း၌ ရှမ်းပြည်ကောင်စီ (ရှမ်းပြည်ညီညွတ်ရေးကောင်စီ) ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ၁၉၄၇ မေလတွင် တိုင်းပြည်ပြု လွှတ်တော်သို့ နယ်စပ်ဒေသ (ညောင်ရွှေနယ်) ရှမ်းပြည်အမတ်တစ်ဦးအဖြစ် ရွေးချယ်ခြင်းခံရသည်။

၁၉၄၇ ဇွန်လ ၁၀ ရက်နေ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် (ပါလီမန်) တိုင်းပြည်ပြု လွှတ်တော် စတင်ကျင်းပသောအခါ လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသည်။ ၁၉၄၇ စက်တင်ဘာ ၂၄ ရက်တွင် တိုင်းပြည်ပြုလွှတ်တော်က ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်အား ယာယီသမ္မတအဖြစ် တင်မြှောက်ရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရသည့် ၁၉၄၈ ဇန်နဝါရီ ၄ ရက်တွင်ကျင်းပသည့် တိုင်းပြည်ပြုလွှတ်တော်ညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဦးဆုံး ယာယီသမ္မတကြီးအဖြစ် ၁၉၄၈ ဇန်နဝါရီ ၄ ရက်မှ ၁၉၅၂ မတ်လ ၁၂ ရက်အထိ တင်မြှောက်ခြင်းခံခဲ့ရသည်။ နိုင်ငံတော်သမ္မတသက်တမ်းကုန်ဆုံးပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံ (ပါလီမန်) လူမျိုးစုလွှတ်တော်နာယကအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး ၁၉၅၂ မှ ၁၉၆၀ ပြည့်နှစ်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လတွင် မြန်မာချစ်ကြည်ရေးအဖွဲ့ကို ဦးဆောင်၍ ချက်ကိုစလို ဗက်ကီးယားနိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာ၌ အခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီ ဖွဲ့စည်းရာတွင် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

၁၉၃၇ ဇွန်လတွင် မြောက်သီနီစော်ဘွား၏သမီး စဝ်နန်း ဟိန်းခမ်းကို မဟာဒေဝီတင်မြှောက်သည်။ သားသမီး ရှစ်ဦးထွန်းကားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့နှင့် အဂ္ဂမဟာသရေစည်သူဘွဲ့များ ချီးမြှင့်ခြင်းခံရသည်။ တော်လှန်ရေးအစိုးရလက်ထက် ထိန်းသိမ်းခံထားရစဉ် ၁၉၆၂ နိုဝင်ဘာ ၂၁ ရက်တွင် စဝ်ရွှေသိုက်သည် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။

**ကျမ်းကိုး – ပင်လုံရုပ်ပုံလွှာ**



“ ၁၉၄၇ ဖေဖော်ဝါရီလ ၇ ရက်နေ့ည လူထုအစည်းအဝေးကျင်းပပြီး ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင်ပါဝင်ခဲ့ . . .။ ၁၉၄၇ ဖေဖော်ဝါရီ ၁၁ ရက် တောင်တန်းသားများ စည်းလုံး ညီညွတ်ရေး ဦးစီးအမှုဆောင်ကော်မတီ ဖွဲ့စည်းရာတွင်ပါဝင်ခဲ့ . . .။ ၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက်တွင် သမိုင်းမော်ကွန်းဝင် ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့ . . .။ ”

## နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့အကြိုပတ်ဝန်းကျင်သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

**ရေတာရှည် ဖေဖော်ဝါရီ ၈**

ရေတာရှည်မြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးဆောင်၍ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အကြို ပြည်သူလူထု ပူးပေါင်းပါဝင်သော ပတ်ဝန်းကျင်သန့်ရှင်းရေးလူထုလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင် ဦးဆောင်သော မြို့နယ်အဆင့်ဌာနဆိုင်ရာရုံးပေါင်းစုံမှ ဝန်ထမ်းများ၊ ရေတာရှည်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်းပါဝင်ခဲ့ကြကာ အမှိုက်သိမ်းယာဉ်နှစ်စီးဖြင့် ပြည်သူ့ဆေးရုံအတွင်း၊ အောင်မင်းခေါင်ဘုရားအတွင်းနှင့် မင်္ဂလာကန်တော်ရှိ အမှိုက်များကို စုပေါင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရေတာရှည်(ပြန်/ဆက်)**



## စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သရိုက်များစုပေါင်းရှင်းလင်း

**ကော့သောင်း ဖေဖော်ဝါရီ ၈**

ကော့သောင်းမြို့ စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ရပ်ကွက်အတွင်း အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများအား ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက သီရိမြိုင်ရပ်ကွက်အတွင်း စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ သန့်ရှင်းရေး ဆောင်ရွက်ပေးမှုတွင် ရပ်ကွက်ပြည်သူများ ရောဂါဘယကင်းဝေးရေး၊ ရပ်ကွက်၊ ပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များအား ရှင်းလင်းဖယ်ရှားခြင်း၊ မော်တော်ယဉ်များဖြင့် သယ်ယူကာ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာသို့ သယ်ယူပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များ ပိတ်ဆို့နေသည့် ရေနုတ်မြောင်းအား ပြန်လည်တူးဖော်ပေးခြင်းစသည့် ပြည်သူ့အကျိုးပြုကို လုပ်ငန်းအား စုပေါင်း၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

